# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက် | ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၂၆ ရက်၊ သောကြာနေ့ | အတွဲ (၅၅)၊ အမှတ် (၃၂၆)


**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၅)

# ပုဂံ-ညောင်ဦးရှိ ရှေးဟောင်းစေတီပုထိုးများကို ပြည်ပပညာရှင်များ၏ အကူအညီဖြင့် ရှေးမူမပျက် စနစ်တကျ ပြန်လည်ပြုပြင်သွားမည်



## နိုင်ငံတော်သမ္မတ ဦးထင်ကျော် ငလျင်ဒဏ်သင့်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေမှ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော်  ဩဂုတ်  ၂၅**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ရှေးဟောင်းစေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာဖေမြင့်၊ ဦးဝင်းခိုင်တို့နှင့်အတူ နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ မွန်းလွဲ ၂ နာရီတွင် ညောင်ဦးမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ပုဂံရှေးဟောင်းယဉ်ကျေးမှုပြတိုက်၌ ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ပုဂံနှင့် ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသအတွင်း ငလျင်ဒဏ်ကြောင့် ဘုရား၊ စေတီပုထိုးများပျက်စီးမှု၊ ရှေးဟောင်းပစ္စည်းများ မှတ်တမ်းတင်သိမ်းဆည်းနိုင်ရေးအတွက် နယ်မြေ ၁၁ ခု သတ်မှတ်၍ ခွဲဝေတာဝန်ပေးအပ်မှုနှင့် လုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့က ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဖြည့်စွက်တင်ပြကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❋

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ငလျင်ဒဏ်သင့်ခဲ့သည့် စူဠာမဏိစေတီအား ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)



## နိုင်ငံ့ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရာတွင် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းမှုနှင့် နိုင်ငံအတွက် ရေရှည်အကျိုးရှိမည့် အစီအစဉ်များ ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် ဆွေးနွေး

*စာမျက်နှာ ၄*




မြန်မာ့အလင်း

# ငြိမ်းချမ်းရေးနှင့် အမေးပုစ္ဆာ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST)တို့ ဩဂုတ် ၂၄ရက်က နေပြည်တော်တွင် တွေ့ဆုံခဲ့သည်။ ထိုတွေ့ဆုံပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ငြိမ်းချမ်းရေးရရှိစေရန် စောင့်နေရမည့်အချိန်တွင် မိမိတို့နိုင်ငံ မည်မျှနစ်နာနေသည်ကို စဉ်းစားကြရန်နှင့် ယခုအခါမိမိတို့၏ နိုင်ငံသားများ မလိုအပ်ဘဲ ဆုံးရှုံးမှုများမဖြစ်အောင် အားလုံးကြိုးစားပေးကြရန် ပြောကြားသွားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုကဲ့သို့ တစ်ဦးနှင့်တစ်ဦး မကြာခဏတွေ့ဆုံမှသာ အမြင်ချင်းဖလှယ်နိုင်ပြီး လိုအပ်သည့် တိုးတက်မှုများရရှိနိုင်မည်ဖြစ်ကြောင်း၊ မျက်နှာချင်းဆိုင်တွေ့ဆုံမှုသည် စာရေးတွေ့ဆုံမှု၊ ကြားခံလူများနှင့် တွေ့ဆုံမှုမျိုးနှင့် မတူနိုင်ကြောင်း၊ ကြားခံလူများနှင့်တွေ့ဆုံခြင်းသည် စကားလုံးများအပေါ်တွင် နားလည်မှုလွဲမှားနိုင်ကြောင်း၊ တွေ့ဆုံခြင်းဆိုသည်မှာ သဘောထားညှိနှိုင်းရန်၊ နားလည်မှုရရှိရန်နှင့် ယုံကြည်မှုတည်ဆောက်နိုင်ရန်ဖြစ်ကြောင်း ပြောကြားသွားသည်။


ထိုစကားများအတိုင်းပင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်(NCA)လက်မှတ်ရေးထိုးထားသောအဖွဲ့များ၊ NCA လက်မှတ်မရေးထိုးရသေးသော UNFC ဦးဆောင်သည့်အဖွဲ့များ၊ ‘ဝ’အဖွဲ့(UWSA)၊ မိုင်းလားအဖွဲ့ (NDAA) စသောအဖွဲ့များနှင့် လပိုင်းအတွင်း ဆက်တိုက်တွေ့ဆုံမှုများ ရှိခဲ့သည်ကို တွေ့ရသည်။ ထို့ပြင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)နှင့်လည်း အကြိမ်အချို့တွေ့ဆုံခဲ့သည်။ ထိုတွေ့ဆုံမှုများအားလုံးသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို အထောက်အကူဖြစ်စေမည့် တွေ့ဆုံပွဲများဖြစ်လာမည်ဖြစ်သည်။

ယခုအစိုးရသစ်လက်ထက်တွေ့ဆုံမှုများမှာ အဖွဲ့အသီးသီး၏ ထိပ်ဆုံးမှ ဆုံးဖြတ်နိုင်သော ခေါင်းဆောင်များတွေ့ဆုံကြခြင်းဖြစ်သည်။ ဤသည်မှာ NCA စာချုပ်မတိုင်မီ ယခင်အစိုးရကြိုးပမ်းမှုများနှင့် ကွာခြားလာသောဖြစ်စဉ်ဟု ဆိုရပါမည်။ ငြိမ်းချမ်းရေးဖြစ်စဉ်သည် အဆင့်တစ်ခုတက်လာသောသဘောဟု ယူဆနိုင်ပါသည်။ အစိုးရ၏တရားဝင်ဖြစ်မှု၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပုဂ္ဂိုလ်ရေးသြဇာတို့ကြောင့် ယုံကြည်မှုပိုမိုရရှိလာသည်ဟု ယူဆရပါသည်။

ထို့ပြင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဩဂုတ် ၁၇ ရက်မှ ၂၁ ရက်အထိကြာသော တရုတ်ပြည်ခရီးစဉ်သည်လည်း ပြည်တွင်းငြိမ်းချမ်းရေးအတွက် အထောက်အကူဖြစ်စေခဲ့သည်ကို တွေ့ရသည်။ နှစ်နိုင်ငံခေါင်းဆောင်များအကြား ပြောဆိုမှုများနှင့် အချက် ၁၀ ချက်ပါသော နှစ်နိုင်ငံပူးတွဲထုတ်ပြန်ကြေညာချက်တို့တွင် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို အလေးထားဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်ကို တရုတ်ပြည်ဘက်မှ အပြည့်အဝကြိုဆိုထောက်ခံပြီး အစွမ်းကုန်ကူညီမည်ဖြစ်ကြောင်း ကတိကဝတ်များဖော်ပြခဲ့ကြသည်ကို အားတက်ဖွယ်တွေ့ကြရသည်။ ရှည်လျားလှသော တရုတ်-မြန်မာ နယ်စပ်တစ်ခုလုံးနီးပါး တိုင်းရင်းသားလက်နက်ကိုင်နယ်မြေများဖြစ်နေရာ တရုတ်ပြည်ဘက်မှ မြန်မာ့ငြိမ်းချမ်းရေးနှင့် ပတ်သက်သောအပြုသဘောဆောင်သည့် သဘောထားဆောင်ရွက်ချက်များသည် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို ကောင်းစွာအထောက်အကူဖြစ်မည်ဖြစ်ပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့(PPST)နှင့် တွေ့ဆုံခဲ့သော ထိုနေ့ကတွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ‘ကမ္ဘာပေါ်တွင် အရေးကြီးဆုံးမေးခွန်းမှာ “ဘာကြောင့်” ဆိုသည့် မေးခွန်းဖြစ်ကြောင်း၊ မိမိတို့ ဘာကြောင့် ထာဝရငြိမ်းချမ်းရေး မတည်ဆောက်နိုင်သလဲ၊ ကိုယ့်ဘက်က ဘာကြောင့် ငြိမ်းချမ်းရေးရအောင်မလုပ်နိုင်သလဲ၊ သူ့ဘက်ကလည်း ဘာကြောင့်ငြိမ်းချမ်းရေးရအောင် မလုပ်နိုင်သလဲဆိုသည့် အချက်ကို တစ်ဖက်နှင့်တစ်ဖက် မျှမျှတတစဉ်းစားပါက ယုံကြည်မှုကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း’ ပြောဆိုခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံတွင်ပါဝင်ကြမည့် အဖွဲ့အစည်းအသီးသီး၊ လူပုဂ္ဂိုလ်အသီးသီးတို့သည် ဤမေးခွန်းကို မည်မျှမေးခဲ့ကြပြီနည်း၊ မည်မျှအထိဖြေဆိုခဲ့ကြပြီနည်း၊ ထိုအဖြေများကို ယုံကြည်မှုအခြေခံ၍ မည်သို့ ညှိနှိုင်းကြမည်နည်းဆိုသည်မှာ မြန်မာ့ငြိမ်းချမ်းရေးတည်ဆောက်မှုအတွင်း စိတ်ဝင်စားဖွယ်အကောင်းဆုံးအခြေအနေတစ်ခုဖြစ်နေကြောင်း တင်ပြရပါသည်။ ။




## မကူးစက်နိုင်သော ရောဂါဖြစ်ပွားမှု ကာကွယ်ရေးဆောင်ရွက်

**မော်လမြိုင် ဩဂုတ် ၂၅**

မကူးစက်နိုင်သောရောဂါများ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းဆိုင်ရာ အသိပညာပေးအခမ်းအနားကို ဩဂုတ် ၂၅ ရက်က မော်လမြိုင်မြို့ ရွှေမြင့်မိုရ်ထွန်းဟိုတယ်ခန်းမ၌ ကျင်းပသည်။

မကူးစက်နိုင်သောရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းလာစေရန် ကာကွယ်တိုက်ဖျက်နိုင်သည့် နည်းလမ်းများကို ရွေးချယ်ပြီး မကူးစက်နိုင်သည့်ရောဂါများစွာအနက် သွေးတိုး/ နှလုံးသွေးကြောကျဉ်းရောဂါ၊ ကင်ဆာရောဂါ၊ ဆီးချို / သွေးချိုရောဂါနှင့် နာတာရှည်အဆုတ်ရောဂါများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မုဒုံ - မောင်မောင်**

## ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေး

**ပဲခူး ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မြို့တော်ခန်းမ၌ ဩဂုတ် ၂၄ ရက်က တိုင်းဒေသကြီးရဲတပ်ဖွဲ့ ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်က ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေးခဲ့ရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၆၅၀ အား ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းများအား သိရှိနားလည်အောင် ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဒုတိယ ရက် ၁၀၀ စီမံချက်ကာလအတွင်း မူးယစ်ဆေးဝါးနှင့် လောင်းကစားမှုများပပျောက်ရေး၊ ပင်ရင်းဒိုင်ချုပ်များအား ပိုမိုထိရောက်စွာ ဖော်ထုတ်ဖမ်းဆီးဆောင်ရွက်ရန်မှာကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

(၁၈၃)



## စားသုံးသူ အသိပညာပေးဟောပြော

**နတ်တလင်း ဩဂုတ်၂၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ပွတ်စုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအစည်းအဝေးခန်းမ၌ ဩဂုတ်လ စတုတ္ထပတ်က စားသုံးသူအကာအကွယ်ပေးရေးသိကောင်းစရာများ ဟောပြောပွဲကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်မြင့်က အမှာစကားပြောကြားသည်။

မြို့နယ်စားသုံးသူရေးရာဦးစီးဌာနဦးစီးမှူး ဦးသန်းဦးက စားသောက်ကုန်ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များမှလည်း ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များကို ထုတ်လုပ်ရောင်းချရန်၊ ကျောင်းသား ကျောင်းသူများ ဝယ်ယူစားသောက်နေသည့်မုန့်ပဲသရေစာများတွင် ဆိုးဆေးများ ပါဝင်မှုကြောင့် စားသုံးမိပါက ကျန်းမာရေးထိခိုက်နိုင်ကြောင်း၊ သက်တမ်းလွန်မုန့်များကို ဝယ်ယူစားသောက်ခြင်း မပြုကြရန်နှင့် လက်လီလက်ကားဖြန့်ဖြူးရောင်းချနေသည့် မုန့်ဆိုင်များတွင်လည်း ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန်မသင့် ထုတ်ပြန်ထားသော မုန့်များရောင်းချခြင်းမရှိစေရေးအတွက် ကြီးကြပ်ဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျောင်းမုန့်ဆိုင်များနှင့် ပတ်ဝန်းကျင်ဈေးဆိုင်များကို ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျောင်းကော်မတီဝင်များက လိုက်လံစစ်ဆေးပြီး အသိပညာပေးဆွေးနွေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **တင်မြင့် (နတ်တလင်း)**

## ရေဘေးရှောင်ပြည်သူများသို့ ဆက်လက်လှူဒါန်း

**ပုသိမ် ဩဂုတ် ၂၅**

ငါးသိုင်းချောင်းမြို့ အမျိုးသားခန်းမရှိ ရေဘေးရှောင်ပြည်သူများအတွက် သဘာဝဘေးကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရေးကော်မတီအလှူခံဌာနသို့ ဆန် ၁၀ အိတ်၊ ငါးသေတ္တာ နှစ်ဖာ၊ ခေါက်ဆွဲခြောက် ၁၀ ဖာ၊ မုန့်ခြောက် ၁၅ ဖာ၊ ရေသန့်ကတ် ၁၀၀၊ ဦးထုပ် အလုံး ၅၀ နှင့် တီရှပ် အထည် ၅၀ တို့အား အလှူရှင်များက လာရောက်လှူဒါန်းခဲ့ရာ သက်ဆိုင်ရာကော်မတီ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

မြစ်ရေကျဆင်းသွားချိန်အထိ အလှူရှင်အဖွဲ့များက လာရောက်လှူဒါန်းလျက်ရှိကြရာ ယခုကဲ့သို့ဆက်လက်လှူဒါန်းလျက်ရှိသော ထောက်ပံ့ပစ္စည်းများအား မြို့အတွင်းရှိ ရိက္ခာပစ္စည်းရောက်ရှိထောက်ပံ့မှု အနည်းဆုံး ရေဝင်နစ်မြုပ် ရပ်ကွက်ကျေးရွာအုပ်စုများကို ကော်မတီက စိစစ်လျက် ဆက်လက်ခွဲဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း၊ မြစ်ရေများကျဆင်းနေပြီဖြစ်သဖြင့် မကြာမီ ကယ်ဆယ်ရေး အလှူခံဌာနပိတ်သိမ်းသွားမည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဆက်လက်စုပေါင်းဆောင်ရွက်သွားကြရန် စီစဉ်လျက်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်သိန်းက ပြောကြားသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၅-၈-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၈၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၂၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၅၈၀ / ၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၅၀ / ၅၈၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၀၃·၇ |
| ဥရောပ | တစ်ယူရို | ၁၃၅၄·၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၈·၂၈ |
| ထိုင်း | တစ်ဘတ် | ၃၄·၇၃၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၇·၉၂၀ |
| တရုတ် | တစ်ယွမ် | ၁၈၀·၆၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၇·၉၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဇေကမ္ဘာကုမ္ပဏီက လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀၀ ကို ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ပေးအပ်စဉ် (သတင်းစဉ်)




နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ရွှေသံလွင်ကုမ္ပဏီက ငွေကျပ် သိန်း ၁၀၀၀ ပေးအပ်လှူဒါန်းစဉ် (သတင်းစဉ်)

❊ *ရှေ့ဖုံးမှ*

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက ပျက်စီးစာရင်းများအား စနစ်တကျပြုစုထားရန်နှင့် သာသနာရေးဆိုင်ရာ ရှေးဟောင်းအမွေအနှစ်ပစ္စည်းများအား စနစ်တကျထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးခရီးသည်များ လာရောက်ကြရာတွင် အခွင့်အရေးဆုံးရှုံးမှုမရှိစေဘဲ ဖူးမြော်လေ့လာခွင့်ရရှိစေရေး၊ ပျက်စီးမှုမရှိသောနေရာများတွင် လွတ်လပ်စွာလေ့လာခွင့်ပြုသွားရန်နှင့် ပျက်စီးမှုရှိသော နေရာများတွင်လည်း အနီးစပ်ဆုံးဝင်ရောက်နိုင်သော နေရာအထိ ဝင်ရောက်ဖူးမြော်လေ့လာ မှတ်တမ်းယူနိုင်ရေးဆောင်ရွက်ပေးရန်၊ လာရောက်လေ့လာသူများ စိတ်အနှောင့်အယှက်မဖြစ်စေရေး ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ပျက်စီးသွားသည့် စေတီပုထိုးများအား မိုးဒဏ်ကြောင့် ပျက်စီးမှု ထပ်မံမဖြစ်ပေါ်စေရေးအတွက် အမိုးအကာများဖြင့် ဖုံးအုပ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ပုဂံ-ညောင်ဦးဒေသရှိ ပျက်စီးသွားသည့် ရှေးဟောင်းစေတီပုထိုးများကို ပြည်ပပညာရှင်များ၏အကူအညီဖြင့် ပေါင်းစပ်၍ အချိန်ယူပြီး ရှေးမူမပျက် စနစ်တကျ ပြန်လည်ပြုပြင်သွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက်နိုင်ငံတော်သမ္မတထံ ပုဂံ-ညောင်ဦးဒေသ ပျက်စီးမှုများ ပြန်လည်ပြုပြင် ရန်အတွက် ရွှေသံလွင်ကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀၀၊ ဇေကမ္ဘာကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀၀နှင့် Amazing ဟိုတယ်အုပ်စုက ငွေကျပ်သိန်း ၅၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။

ထို့ပြင် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၂၀၀၀ နှင့် MRTV-4 က ငွေကျပ်သိန်း ၃၀၀ ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ပေးအပ်လှူဒါန်းထားသည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ငလျင်ဒဏ်သင့်ခဲ့သည့် စူဠာမဏိစေတီအတွင်း၌ တာဝန်ရှိသူများအား မှာကြားစဉ် (သတင်းစဉ်)



ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ငလျင်ဒဏ်သင့်ခဲ့သည့် ပုဂံ-ညောင်ဦးဒေသရှိ ဂူပြောက်ကြီး၊ ထီးလိုမင်းလို၊ စူဠာမဏိ၊ ပြဿာဒ်ကြီး၊ ဓမ္မရံကြီး၊ စေတနာကြီးဘုရား စသည့် စေတီဘုရားပုထိုးများသို့ သွားရောက်ဖူးမြော်ပြီး ပျက်စီးခဲ့မှုများကို ကြည့်ရှုစစ်ဆေးကာ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအား စနစ်တကျ ဆောင်ရွက်သွားရန်မှာကြားသည်။

ပုဂံ-ညောင်ဦးဒေသတွင် ငလျင်ဒဏ်သင့်ပြီးချိန်မှ စတင်၍ အပျက်အစီးများအား ဖယ်ရှားခြင်း၊ ကူညီကယ်ဆယ်ခြင်းလုပ်ငန်းများကို ဒေသဆိုင်ရာအာဏာပိုင်များ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ဒေသခံများ စုပေါင်းရှင်းလင်းဆောင်ရွက်လျက်ရှိပြီး လတ်တလောစာရင်းများအရ ပုဂံ-ညောင်ဦးဒေသတွင် စေတီပုထိုးပေါင်း ၁၈၇ ဆူခန့် ထိခိုက်ခဲ့ကြောင်း သိရသည်။

လတ်တလောအပျက်အစီးများကြောင့် ဘုရားဖူးပြည်သူများ ဝင်ရောက်ဖူးမြော်မှု ခေတ္တပိတ်ထားမည့် စေတီ၊ ဘုရား၊ ပုထိုး ၃၃ ဆူရှိရာ ယင်းတို့မှာ စေတနာကြီး၊ သာယာဝတေ့၊ ကျောင်းကြီးညီအစ်မ၊ သီရိဂူပြောက်၊ စူဠာမဏိ၊ ပြဿာဒ်ကြီး၊ ဓမ္မရံကြီး၊ ဆင်ဖြူရှင်၊ ရွှေဆံတော်၊ လောကထိပ်ပန်၊ မြေပုံသာဘုရားလှ၊ လောကဥဿျောင်၊ နန်းဘုရား၊ အပါယ်ရတနာ၊ နဂါးရုံ၊ မနူဟာ၊ စိုးမင်းကြီး၊ မြင်းကပါဂူပြောက်ကြီး၊ မြစေတီ၊ ရွှေစေတီ၊ ထီးလိုမင်းလို၊ ရွှေလိပ်တူး၊ သိကြားဟစ်၊ သိကြားပုန်း၊ ဥပါလိမ်၊ ဝက်ကြီးအင်းဂူပြောက်ကြီး၊ ဝက်ကြီးအင်းဂူပြောက်ငယ်၊ တရုတ်ပြေး၊ အဇ္ဇဂေါဏ၊ ဘုရားသုံးဆူ၊ နန္ဒပညာ၊ ဝိနည်းမိုရ်အစု၊ လောကနန္ဒာဘုရားနှင့် တက်သိမ်းဘုန်းကြီးကျောင်းတို့ ဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပုဂံရှေးဟောင်းယဉ်ကျေးမှုပြတိုက်၌ အမှာစကား ပြောကြားစဉ် (သတင်းစဉ်)

## ရေကြီးနစ်မြုပ်ဒေသများ အစားထိုးသီးနှံ ပြန်လည် စိုက်ပျိုးနိုင်ရေးဆွေးနွေး

**ကြို့ပင်ကောက် ဩဂုတ် ၂၅** - ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်၌ မိုးသီးနှံများ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်သည့်ဒေသများတွင် အစားထိုးသီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၂၃ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန လက်ပံပင်စုတောင်သူပညာပေးစခန်း၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်လွင်၊ ရုံးချုပ် ပညာပေးအဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူး ဦးတိုးမင်းနှင့် စိုက်ပျိုးရေးပညာရှင်များ၊ ခရိုင်ဦးစီးမှူး ဒေါ်တင်မြလွင်နှင့် ခရိုင်မြေ၊ မျိုး၊ ပိုးတာဝန်ခံများ၊ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ရေကြီးနစ်မြုပ်ဒေသများမှ တောင်သူများတက်ရောက်ကြသည်။

ထို့နောက် ဒုတိယတိုင်းဒေသကြီးဦးစီးမှူးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးပညာရှင်များက ပညာပေးဆွေးနွေးကာ တောင်သူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန် / ဆက်)**

# နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရာတွင် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းမှုနှင့် နိုင်ငံအတွက်ရေရှည်အကျိုးရှိမည့် အစီအစဉ်များ ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၂၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် H.E. Mr. Hiroto IZUMI နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမတွင် လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ရန်ကုန်မြို့ပြမဟာစီမံကိန်း၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ သီလဝါစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး၊ ရေသုတေသနလုပ်ငန်းအပါအဝင် နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရာတွင် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းမှုအတွက်သာမက မြန်မာနိုင်ငံအတွက် ရေရှည်အကျိုးရှိမည့်၊ ပြည်သူများ အလုပ်အကိုင်ဖန်တီးပေးနိုင်မည့်၊ လုပ်ငန်းကျွမ်းကျင်မှုတိုးတက်စေမည့်၊ နိုင်ငံအတွင်းရှိ ဒေသများအားလုံး မျှတစွာဖွံ့ဖြိုးတိုးတက်စေနိုင်မည့် အစီအစဉ်များ ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်သူများ၏ လိုအပ်ချက်နှင့် လူမှုကရုဏာဝန်ဆောင်မှုများပေးရာတွင် လူငယ်များ၏ အတွေးအခေါ်နှင့်နည်းပညာများပေါင်းစပ်ပြီး ထိရောက်အောင်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၅**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ (၇၇)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေးနှင့် ဒွါဒသမအကြိမ်မြောက် ညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ်၌ ကျင်းပခဲ့ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယနေ့ (၇၇)ကြိမ်မြောက် အစည်းအဝေးသည် ကောဒသမမြောက်ညီလာခံသက်တမ်း၏ နောက်ဆုံး ဗဟိုကောင်စီအစည်းအဝေးဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ ဗဟိုကောင်စီဝင်များနှင့် မြို့နယ်/ခရိုင်စသည်တို့မှ ညီလာခံကိုယ်စားလှယ်များကို ရွေးချယ်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်များတွင် ပွင့်လင်းမြင်သာစွာ မဲစနစ်များဖြင့် ရွေးချယ်ကြခြင်းကို သိရှိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ဗဟိုကောင်စီဝင် ၆၃ ဦးထဲမှ အသင်း၏လုပ်ငန်းများကို တာဝန်ယူဦးစီးဆောင်ရွက်မည့် အလုပ်အမှုဆောင် ၁၁ ဦးကို ရွေးချယ်တင်မြှောက်ရန် ဖြစ်ပါကြောင်း၊ ယင်းအလုပ်အမှုဆောင် ၁၁ ဦးထဲမှ အချိန်ပြည့် အလုပ်အမှုဆောင် ငါးဦးနှင့် အချိန်ပိုင်းအလုပ်အမှုဆောင် ခြောက်ဦးတို့ကို ရွေးချယ်ရန်ဖြစ်ကြောင်း၊ အမျိုးသားအဆင့် လူမှုကရုဏာအသင်းဖြစ်သည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ဦးဆောင်မည့် အချိန်ပြည့် အမှုဆောင်ငါးဦးကို ရွေးချယ်ရာတွင် အမှန်တကယ်ခေါင်းဆောင်မှုအရည်အချင်းပြည့်ဝသူ၊ လူမှုကရုဏာလုပ်ငန်းများတွင် အတွေ့အကြုံရှိသူ၊ နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သူ၊ အများက ယုံကြည်လေးစားရသူ၊ ကြက်ခြေနီလုပ်ငန်းအတွေ့အကြုံရှိသူ၊ အသင်းဖွံ့ဖြိုးရေးအတွက် အချိန်ပေးပြီး ကိုယ်စွမ်း ဉာဏ်စွမ်းစိုက်ထုတ် အကျိုးဆောင်နိုင်သူဖြစ်ရန် လိုအပ်ကြောင်း၊ ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နည်းဥပဒေရေးဆွဲရာတွင် အသင်းအဆင့်ဆင့် ပြန်လည်ဖွဲ့စည်းရေးအတွက် ဖွဲ့စည်းပုံရေးဆွဲရာတွင် လက်ရှိ တက်ကြွစွာ ဆောင်ရွက်နေသူများအပြင် ဒေသခံပြည်သူများအတွင်းမှ ကြက်ခြေနီလုပ်ငန်းကို စိတ်ပါဝင်စားသူ၊ ဦးဆောင်နိုင်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ ပါဝင်လာစေရေးကို စဉ်းစားဆောင်ရွက်ရေးဆွဲကြရန် လိုအပ်ပါကြောင်း၊ ယခုအချိန်တွင် မြို့နယ် ၁၆၇ မြို့နယ်၌ ကြက်ခြေနီလူငယ်ကော်မတီ ၁၆၇ ခု ဖွဲ့စည်းထားသလို ထို့ထက်တိုးပြီး မြို့နယ်တိုင်းတွင် ဖွဲ့စည်းရန် တိုက်တွန်းလိုပါကြောင်း၊ သို့မှသာ ပြည်သူများ၏ လိုအပ်ချက်နှင့် ပိုမိုလိုက်လျောညီထွေသော အကူအညီများ၊ လူမှုကရုဏာဝန်ဆောင်မှုများပေးရာတွင် လူငယ်များ၏ အင်အား၊ ဆန်းသစ်သောအတွေးအခေါ်၊ နည်းပညာများနှင့် ပေါင်းစပ်ပြီး ပိုမိုထိရောက်အောင် ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ရေးမူဘောင်များချမှတ်ကာ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ညီအစ်ကိုမောင်နှမသဖွယ် ယခင်ကထက် ပိုမိုပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ (၇၇)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေးနှင့် ဒွါဒသမအကြိမ်မြောက်ညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် ပြသထားသည့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်

ယင်းနောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက လှူဒါန်းသော Satellite Phone တစ်လုံးကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ကိုယ်စား ပြည်ထောင်စုဝန်ကြီးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်ထံ ပေးအပ်သည်။

ဖွင့်ပွဲအခမ်းအနားပြီးနောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ (၇၇)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေးကို ဆက်လက်ကျင်းပလျက်ရှိပြီး ဩဂုတ် ၂၆ ရက်တွင် ဒွါဒသမအကြိမ်မြောက် ညီလာခံကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကာ အဆိုပါညီလာခံ၌ ညီလာခံကိုယ်စားလှယ်များကိုယ်တိုင် အမှုဆောင်အဖွဲ့ဝင်များကို ရွေးကောက်တင်မြှောက်သည့်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

# မြေငလျင်လှုပ်ခတ်မှုကြောင့် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီး

**မြောက်ဦး ဩဂုတ် ၂၅**

ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်နှင့် အဖွဲ့ဝင်များသည် မြောက်ဦးမြို့သို့ ဩဂုတ် ၂၅ ရက် နံနက် ၁၁ နာရီက မြောက်ဦးမြို့တွင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်း ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ ၅ မိနစ်က မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

မြောက်ဦးမြို့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်း ပျက်စီးမှုများမှာ မာရ်ငါးပါးတွင် အထင်ကရ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သော ရှေးဟောင်းသမိုင်းဝင် ရတနာ့မာရ်အောင် ဘုရားမှ စိန်ဖူးတော် ထီးတော်နှင့် ငှက်ပျောဖူးအခြေ ကြာမှောက်အပေါ်ပိုင်းအထိ ပေ ၂၀ ခန့် ထီးတော်အောက်ဆုံးအဆင့် ကိုးလက်မခန့် ပြိုကျပြီး ရတနာပုံစေတီတော်ကြီးမှာ စိန်ဖူးတော် ထီးတော် အောက်ဆုံးအဆင့်၏ ကိုးလက်မခန့် ပြိုကျခြင်းနှင့် ကိုးသောင်း ပုထိုးတော်ကြီး၏ အရှေ့မြောက်ထောင့် လိုဏ်ပတ်လမ်း ယာယီသွပ်မိုးထားသော နေရာများတွင် ကျောက်တုံးအပိုင်းအစများ ငါးခုခန့်နှင့် နံရံကပ်ဆင်းတုသုံးဆူခန့် ပြိုကျခဲ့သည်။

အဆိုပါ ပျက်စီးမှုအခြေအနေများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညိမ်းလွင်က ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးများက လိုအပ်ချက်များအား ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



**စင်ကာပူသမ္မတနိုင်ငံ၏ (၆)ကြိမ်မြောက် သမ္မတဟောင်းဖြစ်သူ Mr. S.R. Nathan ကွယ်လွန်သွားသဖြင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံရုံးတွင် ဖွင့်လှစ်ထားသော ဝမ်းနည်းခြင်း အထိမ်းအမှတ်စာအုပ်တွင် ဩဂုတ် ၂၅ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်လင်း လက်မှတ်ရေးထိုးစဉ် (သတင်းစဉ်)**

# မိုးထစ်ချုန်းမည်

**နေပြည်တော် ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီး၊ ကချင်၊ ကရင်၊ မွန်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ တနင်္သာရီ၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဒေသကြီး အောက်ပိုင်း၊ ကယား၊ ချင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**(မိုး/ဇလ)**

# ကြက်ခြေနီ အောင်လံ

❖ အနီရောင်ရဲရဲတောက်
အောက်ခြေက အဖြူခံ
လွှင့်တဲ့အောင်လံ
သည်အောင်လံ ဘာအလံတဲ့မေး
မေးပါနဲ့လေ...
ဒို့များသည်ကမ္ဘာမှာဖြင့်
"လူသားကရုဏာ
စွမ်းဆောင်ရာ"ဆောင်ပုဒ်ရယ်နဲ့
ဟန်မလုပ် သရုပ်မထည်
အဟုတ်တကယ်ဆောင်ရွက်
နောင်အတွက်မပျက်စေသည်
"ကြက်ခြေနီ"အောင်လံဝင့်
တင့်ပါပေ့လေ ...။

❖ ဝင့်ပါတဲ့ တင့်ပါ
"ကြက်ခြေနီ"အောင်လံဝင့်
ကဲဆင့်လို့သာ
ပွဲတင့်လို့"နောင်မြေကမ္ဘာမှာ
မှောင်နေရာလင်းစေမည်"လို့
နောင်သွေမကွာပြုစရာရယ်က
"လူသားကမ္ဘာ ဂုဏ်သိက္ခာ
တက်စေ"ကြောင်းရယ်နဲ့
ကျက်သရေတက်နေပမာ
အခါခါပေးလို့
ပြည်မြန်မာသာယာရေးကိုလ
အခက်ဝေစီ "ကြက်ခြေနီ"
အောင်စည်ရွှန်းလို့ရယ်
ဝိုင်းဝန်းစို့လေး...။

**ဒွါဒသမအကြိမ်မြောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ညီလာခံသို့ ဂုဏ်ပြုလျက် ...။**

**■ သူဇာနွယ်(ဖျာပုံ)**

# မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံကုန်သွယ်မှုကို ကန်ဒေါ်လာ ၁ ဘီလီယံအထိ တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ အိတ်ချ်မာယူဒင်အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ပြည်သူများအကျိုးအတွက် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ ငလျင်ဘေးသင့်ဒေသများတွင် အင်ဒိုနီးရှားနိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်နိုင်ရေး၊ မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံကုန်သွယ်မှုကို အမေရိကန်ဒေါ်လာ ၁ ဘီလီယံအထိ တိုးမြှင့်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# မြန်မာ - အင်ဒိုနီးရှား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၅**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ အိတ်ချ်မာယူဒင်နှင့်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးကြသည်။ **(အောက်ပုံ)**

**(သတင်းစဉ်)**





# မြန်မာ - တရုတ် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် စီးပွားရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Madam Gao Yan နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြပြီး ဒုတိယဝန်ကြီး Madam Gao Yan က တရုတ်နိုင်ငံတွင် ကျင်းပမည့် (၁၃)ကြိမ်မြောက် နန်နင်းကုန်စည်ပြပွဲသို့ တက်ရောက်ရန် ဒုတိယသမ္မတအား ဖိတ်ကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန် တက်ရောက်သည်။

**(သတင်းစဉ်)**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အင်ဒိုနီးရှားလွှတ်တော်ဒုတိယဥက္ကဋ္ဌအား တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ မစ္စတာ အိတ်ချ်မာယူဒင်နှင့်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# သတ္တုကဏ္ဍ၊ ရေအားလျှပ်စစ်ကဏ္ဍနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအား ကြည့်ရှုလေ့လာရန် ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံသို့ ထွက်ခွာခဲ့သည်။

ယင်းနေ့ ညနေ ၄ နာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ စွမ်းအင်နှင့် သတ္တုဝန်ကြီးဌာနရုံး ဧည့်ခန်းမ၌ စွမ်းအင်နှင့်သတ္တုဝန်ကြီးနှင့်တွေ့ဆုံကာ သတ္တုကဏ္ဍ၊ ရေအားလျှပ်စစ်ကဏ္ဍနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဩဂုတ် ၁၉ ရက်၌ လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံတွင် သတ္တုတူးဖော်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ဩစတြေးလျနိုင်ငံအခြေစိုက် Pan Aust Mining Co.,Ltd.၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သည့် Phu Bia Mining Co.,Ltd. သို့ သွားရောက်၍ သတ္တုတူးဖော်ခြင်းလုပ်ငန်း အဆင့်ဆင့်၊ စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ခြင်း၊ အနီးဝန်းကျင်ရှိ ဒေသခံပြည်သူများအတွက် ဘေးအန္တရာယ်မဖြစ်ပေါ်စေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုနည်းပါးစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ရေးစနစ်များ တပ်ဆင်၍ အနီးကပ်ဆောင်ရွက်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောပြန်လည်ပြုစု တည်ထောင်ခြင်းလုပ်ငန်းများ၊ ဒေသခံပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေးနှင့် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးတာဝန်ယူဆောင်ရွက်မှု အခြေအနေများကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ကြံခင်းမြို့နယ် တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေး

**ကြံခင်း ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် တောင်သူများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို တစ်ဧက တစ်သိန်းခွဲဖြင့် မေလဆန်းမှ စတင်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ချေးငွေများထုတ်ချေးပေးရာတွင် အချိန်မီပေးဆပ်သည့် ဒေသခံတောင်သူများကို ငွေထုတ်ချေးနေကြောင်း၊ ကျေးရွာအုပ်စု ကိုးအုပ်စုရှိ ပေးဆပ်ရန်ကျန်ရှိသော တောင်သူများကို ဒုတိယအကြိမ် ဆက်လက်ထုတ်ချေးမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးဌေးလွင်က ပြောကြားသည်။

ကြံခင်းမြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၅ စုရှိသည့်အနက် အချိန်မီပေးဆပ်သည့် ရပ်ကွက်/ကျေးရွာအုပ်စု ၃၂ စုမှ မိုးရာသီ မိုးစပါးသီးနှံ စိုက်ပျိုးထုတ်လုပ်သူတောင်သူအစုအဖွဲ့ ၂၄၃၈ ဖွဲ့၊ ဒေသခံတောင်သူပေါင်း ၇၀၀၀၊ စိုက်ဧကပေါင်း ၃၄၄၅၀ အတွက် ချေးငွေ ၅၁၆၇၆ ဒသမ ၅ သိန်းကို တောင်သူများ လက်ဝယ်အရောက် ထုတ်ချေးဆောင်ရွက်ပြီးစီး၍ ချေးငွေကာလကို စက်တင်ဘာလအထိ သတ်မှတ်ထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လွှတ်တော်အခန်းကဏ္ဍ

ဇော်ငြိမ်းဦး (MPA)

အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ လာဘ်ပေးလာဘ်ယူမှုတိုက်ဖျက်ရေးများကို ကျယ်ကျယ်လောင်လောင် အော်ဟစ်နေသည့်အချိန်၊ Transparency International က Corruption Perception Index (2015) ကို ကိုးကားပြီး ဒိန်းမတ်၊ ဖင်လန်၊ ဆွီဒင်၊ နယူးဇီလန်၊ နယ်သာလန် စသည့်နိုင်ငံတို့သည် အလွန်သန့်ရှင်းသောနိုင်ငံအဖြစ် အဆင့် (၁) မှ (၅)အထိ သိမ်းပိုက်ထားသည့်အချိန်၊ မိမိတို့နိုင်ငံ၏ အဂတိလိုက်စားမှုကို အားမလိုအားမရနှင့် နိုင်ငံရေးရေချိန်မြင့်တက်နေချိန်တွင် Whistle Blower များ၏ ခရာသံများ ဆူညံနေသောအချိန်၌ ကမ္ဘာ့ဘဏ်က ထုတ်ဝေသော The Role of Parliament in Curbing Corruption ကိုဖတ်ဖြစ်ပြီး စာမြည်းအဖြစ် ဤစာစုကို ရေးသားခြင်း ဖြစ်ပါသည်။

လွှတ်တော်ဆိုသည်ကလည်း ပြည်သူ့ဆန္ဒနှင့် ပြည်သူများက ရွေးချယ်သည့်ရွေးကောက်ခံပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခန့်အပ်ခံထားရသည့်ကိုယ်စားလှယ်များက နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် ထမ်းဆောင်နေသောနေရာတစ်ခုသာ ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံရေး စာမျက်နှာများ၏ ပြောင်းလဲမှုဖြစ်စဉ်များတွင် Evolution၊ Revolution များဖြင့် နိုင်ငံရေးအပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိပါသည်။ ငြိမ်းချမ်းစွာနှင့် စနစ်တစ်ခုမှတစ်ခုသို့ အောင်မြင်စွာကူးပြောင်းသွားသောနိုင်ငံများ၊ Valley of Death တွင် ကျဆုံးသွားသော နိုင်ငံများ၊ နောက်ကြောင်းပြန်လှည့်သွားသောနိုင်ငံများနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဖြစ်စဉ်များတွင် ရှိနေမည်ဖြစ်ပါသည်။ အသွင်ကူးပြောင်းရေးကာလကို နိုင်ငံတိုင်းကြံ့ကြံ့ခိုင် ဖြတ်ကျော်နိုင်ခဲ့ခြင်းမရှိကြောင်း သမိုင်းစာအုပ်များမှ သက်သေခံလျက်ရှိပါသည်။

မြန်မာနွေဦးသည် ညင်သာညက်ညောစွာဖြင့် ခရီးနှင်လျက်ရှိပါသည်။ မြန်မာလွှတ်တော်၏ အခန်းကဏ္ဍသည်လည်း ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်မှာ ထင်ရှားလျက်ရှိပါသည်။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးသောနိုင်ငံများ၌ လွှတ်တော်ကိုယ်စားလှယ်များအား ရွေးကောက်ပွဲများဖြင့် ပြည်သူ့ဆန္ဒနှင့် မဲပေးရွေးချယ်ပြီး နိုင်ငံတော်၏ ဥပဒေပြုရေးမဏ္ဍိုင်တွင် သက်ဆိုင်ရာပြည်သူများကို ကိုယ်စားပြု၍ ဥပဒေပြုရန်၊ အစိုးရကို ထိန်းကျောင်းရန်၊ အစိုးရ၏ တရားဝင်မှုကို ဖော်ဆောင်ရန်နှင့် နိုင်ငံရေးလေ့ကျင့်ပျိုးထောင်မှုပေးရန် ဟူသော အနှစ် သာရများနှင့် လွှတ်တော်များ၏ အခန်းကဏ္ဍသည် အသက်ဝင်လှုပ်ရှားလာခဲ့ပါသည်။ လွှတ်တော်များမရှိလျှင် ဒီမိုကရေစီ စနစ်သည်လည်း အသက်ဝင်မည်မဟုတ်။ တစ်ပါတီစနစ် အောက်တွင်ရှိသော လွှတ်တော်များသည် သက်ဆိုင်ရာပါတီ ဗဟိုကော်မတီ၏ မူဝါဒများကို ဖော်ဆောင်သည့်နေရာများသာ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိခဲ့ပြီးနောက် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ပြီး ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက် ဗဟိုကော်မတီ၏ မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်မှုများရှိခဲ့ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးနောက် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲများ ပြန်လည်ကျင်းပနိုင်ခဲ့ပြီးမှသာလျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့ ပါဝင်ဖွဲ့စည်းသော ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များကို ပြန်လည်ခေါ်ယူနိုင်ခဲ့ပါသည်။ ပြည်ထောင်စုလွှတ်တော်သည် ဥပဒေပေါင်း (၂၃၉) ခုအား ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃/၂၀၁၃ ဖြင့် ၇.၈.၂၀၁၃ တွင်အတည်ပြုခဲ့ပါသည်။ ယင်းနောက် ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၃၂/၂၀၁၄ ဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကိုပြင်ဆင်သည့် ဥပဒေကို ထုတ်ပြန်ခဲ့ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကြမ်း ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၃/၂၀၁၆ ဖြင့် ၁.၈.၂၀၁၆ တွင် အတည်ပြုခဲ့ပါသည်။ လွှတ်တော်အနေဖြင့် ပြည်သူများ၏လိုအပ်ချက်၊ ပြည်သူတို့၏အသံကို နားထောင်၍ ဥပဒေအရလိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါသည်။ Parliamentary Oversight နှင့် ကိုယ်စားပြုမှုတို့လည်း ပါဝင်ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ခြစားမှု၊ လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေးအတွက် လွှတ်တော်များ၏ အခန်းကဏ္ဍသည် အရေးကြီးသကဲ့သို့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ နှင့်လည်း ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါသည်။

> **"အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ခြစားမှု၊ လာဘ်ပေးလာဘ်ယူမှုတိုက်ဖျက်ရေးအတွက် လွှတ်တော်များ၏ အခန်းကဏ္ဍသည် အရေးကြီးသကဲ့သို့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်"**

ကမ္ဘာ့ဘဏ်၏ (၁၉၉၇-၁၇) ထုတ်ပြန်ချက်နှင့် Transparency International တို့အနေဖြင့် အဂတိလိုက်စားမှုကို "အများပြည်သူ၏ ပိုင်ဆိုင်မှုများကို ကိုယ်ရေးကိုယ်တာအတွက် အလွဲသုံးခြင်း" ဟု အဓိပ္ပာယ်ဖွင့်ဆိုပြီး လာဘ်ပေးလာဘ်ယူမှုသည် ကမ္ဘာလုံးဆိုင်ရာ သဘာဝဖြစ်စဉ်အဖြစ် တည်ရှိလျက်ရှိနေပါသည်။ ၎င်းအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်၌ အစိုးရအဖွဲ့ (အုပ်ချုပ်မှုမဏ္ဍိုင်) ၏ ဆောင်ရွက်မှုများသည် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိခြင်း၊ ဥပဒေစိုးမိုးမှုအားနည်းခြင်း၊ အာဏာအလွဲသုံးစားလုပ်ခြင်း၊ အချို့သော အရပ်ဘက်ဝန်ထမ်းတို့သည် မိမိအသက်မွေးဝမ်းကျောင်းပညာရပ်နှင့် ပတ်သက်၍ အားနည်းခြင်း၊ အခြေခံပညာရေးအားနည်းခြင်း၊ လစာနှင့် ကုန်ကျစရိတ်မမျှတမှု စသည့်အချက်များအား ဖော်ပြထားပါသည်။ ယင်းအချက်များသည် ဆင်းရဲမွဲတေမှုနှင့် အဂတိလိုက်စားမှု သံသရာလည်ပတ်နေခြင်း၏ အကြောင်းခံဖြစ်ပါသည်။

ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် ငွေကြေးခဝါချမှု၊ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုတိုက်ဖျက်ရေးဥပဒေ စသည့် သင့်လျော်သည့် ဥပဒေများအပြင် ပြစ်မှုဆိုင်ရာ ဥပဒေများကိုလည်း ပြင်ဆင်ဖြည့်စွက် အသစ်ရေးဆွဲပြဋ္ဌာန်းရပါသည်။ Parliamentary Oversight ကို ကျင့်သုံးပြီး ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုဥပဒေ၊ အမျိုးသားစီမံကိန်းဥပဒေများကို ပြဋ္ဌာန်းပြီး ဆောင်ရွက်ရပါသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် စသည်တို့ကို ဖွဲ့စည်းစောင့်ကြည့်ပြီး စာရင်းစစ်ချုပ်ရုံး (Chief Auditor General) စသည်တို့နှင့် ပူးပေါင်းဆောင်ရွက်သည့်အပြင် မီဒီယာမွေ့လျော်သော ပတ်ဝန်းကျင်ကို ဖန်တီးမှသာလျှင် စတုတ္ထမဏ္ဍိုင်အနေဖြင့် အဂတိလိုက်စားမှုအား စောင့်ကြည့်ထိန်းညှိမည် ဖြစ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးအနေဖြင့် ဘဏ္ဍာငွေသုံးစွဲမှု သံသရာ၌ အစိုးရအဖွဲ့၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၊ လူမှုအဖွဲ့အစည်းများ၊ ဥပဒေမဏ္ဍိုင် စသည့်အဖွဲ့ကြီးများ ပါဝင်ပါသည်။ ယင်းအပြင် စာရင်းစစ်အဖွဲ့အစည်းများလည်း ပါဝင်ပတ်သက်နေပါသည်။ အစိုးရအဖွဲ့ရငွေနှင့် သုံးငွေ (Revenue and Expenditure)နှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုတို့ကို စိစစ်ရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် နိုင်ငံတကာလွှတ်တော်များသည် ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုဥပဒေပြဋ္ဌာန်းခြင်းအား အိတ်ကပ်ထဲမှအခွင့်အာဏာ (Power of the Purse)အဖြစ် အသုံးပြုကြပြီး ဘဏ္ဍာရေးစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြပါသည်။

ငွေစာရင်းကော်မတီများ၊ သက်ဆိုင်ရာရေးရာကော်မတီများ၊ ကတိကဝတ်ကော်မတီများမှ စိစစ်တင်ပြပေးရပါသည်။ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့နှင့်အညီ ငွေကြေးသုံးစွဲမှု၊ ဘဏ္ဍာငွေခွဲဝေမှုတို့သည်လည်း Parliamentary Oversight အရကော်မတီများနှင့် ဆက်ဆံဆောင်ရွက်ကြပါသည်။ လွတ်လပ်သောအဖွဲ့အစည်းများဖြစ်သည့် စာရင်းစစ်အဖွဲ့အစည်းများတွင် စာရင်းစစ်ခြင်းစနစ်သုံးခုရှိပြီး ဝက်မန်စတာ၊ စာရင်းစစ်အဖွဲ့၊ နာပိုလီယိုနစ် (Westminster၊ the audit board၊ the Napoleonic) စသည်တို့အနက် ခနသဟာယနိုင်ငံများသည် ဝက်မန်စတာကို ကျင့်သုံးပြီး ဩစတြေးလျ၊ ကနေဒါ၊ နယူးဇီလန်၊ အာဖရိက နိုင်ငံများ၊ ကာရေဘီယန်၊ ပစိဖိတ်နှင့် တောင်အာရှနိုင်ငံများတွင် ကျင့်သုံးလျက်ရှိပါသည်။

စာရင်းစစ်ဘုတ်အဖွဲ့စနစ်အား ခနသဟာယနိုင်ငံမဟုတ်သော အင်ဒိုနီးရှား၊ ဂျပန်၊ ကိုရီးယားတို့တွင် ကျင့်သုံးပါသည်။ နာပိုလီယိုနစ်စနစ်အား ပြင်သစ်နိုင်ငံတွင် ကျင့်သုံးပြီး မည်သည့်စနစ်ကို သုံးသည်ဖြစ်စေ ငွေကြေးအလွဲသုံးစွဲမှုတို့အား အခါအားလျော်စွာ သို့မဟုတ် ခြောက်လ တစ်ကြိမ် သို့မဟုတ် တစ်နှစ်တစ်ကြိမ် လွှတ်တော်သို့ တင်ပြကြရပါသည်။ လွှတ်တော်အတွင်း မေးခွန်းများ မေးမြန်းခြင်းနှင့် မီဒီယာကျင့်ဝတ်နှင့် ညီညွတ်သော မီဒီယာများ၏ လွတ်လပ်ခွင့်ကိုလည်း ဖော်ဆောင်ပေးရမည် ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူတို့၏ဆန္ဒနှင့် ပြည်သူမှရွေးချယ်သော ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့်အတွက် ပြည်သူ့အသံကို ထင်ဟပ်၍ ကိုယ်စားပြုမှုအခွင့်အာဏာအပ်နှင်းခံထားရသူများလည်း ဖြစ်ပါသည်။ ကိုရီးယား၊ တရုတ်(တိုင်ပေ)နှင့် မလေးရှားနိုင်ငံ၏ Political Parties are governed by the Malaysia Society Act (1966) စသည်တို့သည်လည်း လေ့လာသင့်သောကိစ္စရပ်များ ဖြစ်ပါသည်။ လွှတ်တော်များသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ကွန်ရက်များအဖြစ် GOPAC (The Global Organization of Parliamentaries Against Corruption) နှင့် ကမ္ဘာ့ဘဏ်၏ စီးပွားရေးမဟုတ်သော အဖွဲ့အစည်း (PNWB) များနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုတို့သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အဓိကကျသော စိန်ခေါ်မှုကြီး ဖြစ်သကဲ့သို့လွှတ်တော်အခန်းကဏ္ဍသည်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကဏ္ဍတွင် အဓိကကျပါသည်။

## သူ့အတွေး သူ့အရေး

# ထမင်းလက်ဆုံ စားကြကုန်လော့

လွင်သူ

ကျွန်တော်တို့ညီအစ်ကို သုံးယောက် မျက်နှာချင်းမဆိုင်ဖြစ်ခဲ့တာ၊ ထမင်းလက်ဆုံမစားဖြစ်ခဲ့တာ နှစ်ပေါင်းများစွာကြာခဲ့ပါပြီ၊ ငယ်ငယ်တုန်းက မမေ့နိုင်စရာ တစ်ခုကို ပြန်တွေးနေမိပါတယ်။ အလတ်ကောင်နဲ့အငယ်ကောင်ရန်ဖြစ်တာကို အစ်ကိုကြီးဖြစ်သူကျွန်တော်က ဖျန်ဖြေခဲ့ရတဲ့ အဖြစ်အပျက်လေးတစ်ခုပါ။

အလတ်ကောင်လည်း ပြောစကားနားမထောင်၊ အငယ်ကောင်ကလည်း အလတ်ကောင်ကို ပြန်လုပ်၊ ကြားကဖျန်ဖြေသူသာ စိတ်ပျက်ခဲ့ရတဲ့အဖြစ်၊ ဖျန်နေတဲ့ကြားထဲက မရပ်မနား ထိုးကြ၊ ကြိတ်ကြ၊ ရိုက်ကြနှက်ကြ၊ "မင်းတို့ဒီလောက်တောင်ပြောမရတာ"ဆိုပြီး ကျွန်တော်အခန်းထဲဝင် တံခါးပိတ်နေလိုက်ခဲ့မိတာ၊ အငယ်ကောင် အော်နေတဲ့အသံ နားထဲကမထွက်တော့။ "လုပ်ပါဦး အစ်ကိုကြီး ဒီမှာသွေးတွေ ထွက်ကုန်ပြီ"တဲ့။

အလတ်ကောင်က အကြီးဆိုတော့ ဆော်မှာပေါ့၊ အငယ်ကောင်ကလည်း ခံရတော့ပြန်ချမှာပေါ့။ နောက်ဆုံးအားနည်းသူသာ ခံရစမြဲ။ ရန်ပွဲက ပြင်းထန်ဆူညံစွာ ဆက်လက်ဖြစ်ပွားနေဆဲ၊ အိမ်နီးနားချင်းများက လာရောက်ဖျန်ဖြေသွားမှ ဒီပွဲက ရပ်သွားတော့တယ်။ ခန့်မှန်းကြည့်ရတာ အငယ်ကောင်ကို အလတ်ကောင်ရဲ့ ရိုက်နှက်နေမှုကနေ ဆွဲထုတ်သွားတယ် ထင်ပါတယ်။

ရန်ပွဲကတော့ ပြီးသွားပြီ လာရောက်ဖျန်ဖြေသူများက ကျွန်တော့်ကို အကြီးမပီသဘူးလို့လည်း ပြောသွားမယ် ထင်ပါရဲ့၊ ညီငယ်များကို သနားတော့ သနားမိပါရဲ့ ရအောင်မဖျန်ဖြေနိုင်တာကိုက ကိုယ့်ရဲ့အားနည်းမှု၊ စိတ်ဆိုးဒေါသထွက်မိတာကနေ တစ်မိတည်းဖွား ညီအရင်းများအပေါ် ရက်စက်စွာ ဥပေက္ခာပြုထားလိုက်မှုအပေါ် ဒီနေ့အထိ နောင်တရလို့မဆုံး။

ကျွန်တော်ဘယ်တော့များမှ စိတ်ဒဏ်ရာကို ဖြေဖျောက်နိုင်မယ်မသိ။ သူတို့နှစ်ယောက် အကြားမှာရော ပြေပျောက်ရဲ့လားမသိ၊ သေချာတာကတော့ နှစ်ပေါင်းများစွာ ကြာတဲ့တိုင်အောင် ညီအစ်ကို သုံးယောက်သား မျက်နှာချင်းဆိုင်မတွေ့ဖြစ်ခဲ့ကြ၊ ထမင်းလက်ဆုံမစားဖြစ်ခဲ့ကြ။

သည်ရန်ပွဲကို မဖြေရှင်းနိုင်ဘဲ မျက်နှာလွှဲခဲ့မှုကို ဒီနေ့အထိ နောင်တရလို့မဆုံး။ ငယ်ငယ်တုန်းက ညီအစ်ကိုချင်းဖြစ်တဲ့ ရန်ပွဲလေးက အစ်ကိုကြီးဖြစ်သူ ကျွန်တော့်အတွက် အရှက်ရစရာ။

လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တစ်ခုကို အစ်ကိုကြီးပီပီ ဖြစ်အောင်မလုပ်နိုင်ခဲ့လို့ ကျွန်တော့်လို နောင်တရတဲ့အဖြစ်မျိုး မဖြစ်ကြပါစေနဲ့၊ တစ်မိတည်းဖွားချင်း၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမချင်း ချစ်ချစ်ခင်ခင် ထမင်းလက်ဆုံစားနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ဂုဏ်ပြုလျက်**

## ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစု ပင်လုံကို ထောက်ခံ ကြိုဆိုသည့် လှုပ်ရှားမှု အွန်လိုင်းမောင်နှမများအဖွဲ့ စုပေါင်းပြုလုပ်

**ရန်ကုန် ဩဂုတ် ၂၅**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံကို ပြည်သူလူထုက ထောက်ခံကြိုဆိုသည့် လှုပ်ရှားမှုကို ယနေ့မွန်းလွဲ ၃ နာရီက လှိုင်မြို့နယ်ရှိ (တံတားဖြူမှတ်တိုင်အနီး) အင်းလျားကန်ပေါင်တွင် ပြုလုပ်ကြသည်။

အဆိုပါ ကြိုဆိုထောက်ခံပွဲကို ပြည်သူအကျိုးပြု အွန်လိုင်းမောင်နှမများအဖွဲ့က ပြုလုပ်ခြင်းဖြစ်ပြီး "ဒီကိစ္စက ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အဓိကသက်ဆိုင်သလို အမျိုးသားရင်ကြားစေ့ရေးကို အကောင်အထည်ဖော်တာဖြစ်တဲ့အတွက် တိုင်းပြည်အတွက် အလွန်အရေးကြီးပါတယ်။ ဒါ့ကြောင့် အခုလိုထောက်ခံမှုတွေ လုပ်ရတာပါ။ ဒီလိုပွဲမျိုးတွေကို အနယ်နယ်အရပ်ရပ်မှာ လုပ်စေချင်ပါတယ်။ လုပ်သွားဖို့လည်း စီစဉ်ထားပါတယ်"ဟု အဆိုပါ အဖွဲ့တာဝန်ခံ ကိုစန်းလင်းအောင်က ပြောသည်။

ရန်ကုန်မြို့၌ (၂၁)ရာစု ပင်လုံညီလာခံ ထောက်ခံကြိုဆိုသည့်လှုပ်ရှားမှုကို ဩဂုတ် ၂၈ ရက်တွင် မဟာဗန္ဓုလပန်းခြံ (မြို့တော်ခန်းမရှေ့) ၌ ပြုလုပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - ဇော်ကြီး (ပဏ္ဍိတ)**



## မိုး ထစ် ချုန်း မည်

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။
နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။
မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအားနည်းနေမည်။

(မိုး/ဇလ)

# ငွေကြေးဖောင်းပွမှုမရှိစေရန် ငွေတိုက်စာချုပ်နှင့် ငွေတိုက်လက်မှတ်များကို ရောင်းချရန်စီစဉ်

**နေပြည်တော် ဩဂုတ် ၂၅**

အစိုးရအနေဖြင့် ပြည်တွင်းမှငွေချေးယူရခြင်းမှာ အဓိကအားဖြင့် ဘတ်ဂျက်လိုငွေကြောင့်ဖြစ်သော်လည်း ဘတ်ဂျက်လိုငွေအတိုင်း အတိအကျငွေချေးယူရခြင်း မဟုတ်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ ပြည်ထောင်စုအပ်ငွေစာရင်းတွင် ဖြစ်ပေါ်သည့်လိုငွေကို အစိုးရငွေတိုက်လက်မှတ်နှင့် အစိုးရငွေတိုက်စာချုပ် ထုတ်ဝေရောင်းချခြင်းဖြင့် ဖြည့်ဆည်းခြင်းဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောသည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေအား ဖြည့်ဆည်းရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ထိုသို့ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဒုတိယဝန်ကြီးက မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်း လျှော့ချနိုင်ရေးအတွက် ဈေးကွက်ကိုအခြေခံသည့် အစိုးရငွေချေးသက်သေခံလက်မှတ်များ ရောင်းချမှုကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၊ ထို့ပြင် ပြည်တွင်းမှငွေချေးယူရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကျပ် ၁၂၃၆ ဒသမ ၄ ဘီလီယံ၊ အစိုးရငွေ တိုက်လက်မှတ်မှ ငွေကျပ် ၉၂၇ ဒသမ ၃ ဘီလီယံ နှင့် အစိုးရငွေတိုက်စာချုပ်မှ ငွေကျပ် ၉၂၇ ဒသမ ၃ ဘီလီယံ လျာထားပြီး ပြည်ပချေးယူရငွေကျပ် ၁၄၀၉ ဘီလီယံမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အရ အသုံးခန့်မှန်းခြေငွေစာရင်းအရ လျာထားငွေဖြစ်ပါကြောင်း၊ ဘဏ္ဍာနှစ်အတွင်း အမှန်တကယ်ရရှိမှုအပေါ် မူတည်၍ ပြည်ပချေးငွေရရှိမှု ပြောင်းလဲနိုင်ပါကြောင်း၊ ထိုသို့ ပြောင်းလဲသည့်အခါ ပြည်တွင်းချေးငွေသည်လည်း အထိုက်အလျောက် ပြောင်းလဲမှုရှိနိုင်ပါကြောင်း၊ ပြည်တွင်းပြည်ပ ကြွေးမြီလက်ကျန်အခြေအနေများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ပုံမှန်အစီရင်ခံ တင်ပြသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အလားတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေအရ ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ဖြင့် အစိုးရအဖွဲ့သို့ ထုတ်ချေးမည်ဖြစ်ကြောင်း၊ ထိုသို့ထုတ်ချေးရာတွင် အများဆုံးသက်တမ်း ၉၂ ရက်သာရှိသည့် အစိုးရငွေချေးသက်သေခံလက်မှတ်များဖြင့် ချေးငွေထုတ်ချေးမည်ဖြစ်ကြောင်း၊ အစိုးရ၏ပြည်တွင်းလိုငွေကို အစိုးရငွေတိုက်စာချုပ်နှင့် အစိုးရငွေတိုက်လက်မှတ်များကို အများပြည်သူသို့ရောင်းချခြင်းဖြင့် ဖြည့်ဆည်းမည်ဖြစ်ကြောင်း၊ ထပ်မံလိုအပ်မှသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ချေးမည်ဖြစ်ကြောင်း၊ ဘတ်ဂျက်လိုငွေဖြည့်ဆည်းရာတွင် ငွေကြေးဖောင်းပွမှုမရှိစေရန် ငွေတိုက်စာချုပ်နှင့် ငွေတိုက်လက်မှတ်များကို ရောင်းချရန် စီစဉ်ထားပါကြောင်း ရှင်းလင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေအားဖြည့်ဆည်းရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းကာလအတွင်း ထုတ်ပြန်ပြဋ္ဌာန်းပြီးဖြစ်သော ဥပဒေများအနက် နည်းဥပဒေထုတ်ပြန်ရန် ကျန်ရှိသည့် ဥပဒေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏စိစစ်တင်ပြမှုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်အတွင်းရှိ ကျေးရွာလေးရွာကိုစုစည်း၍ ပိုးလောင်းကျေးရွာအုပ်စုအဖြစ် ဖွဲ့စည်းခြင်း၊ ကျေးရွာ ၁၅ ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ ကျေးရွာသုံးရွာကိုစုစည်း၍ ကိုင်းသောင်ကျေးရွာအုပ်စုအဖြစ် ဖွဲ့စည်းခြင်းနှင့် ကွင်းယားကျေးရွာ၏ရေိယာ ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရက ပေးပို့သည့် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင် ဦးအောင်ကြည်ညွန့်က တစ်ပိုဒ်ချင်းစီအလိုက် အဆိုတင်သွင်းရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုအစိုးရက ပေးပို့သည့်ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အပိုဒ်ခွဲငယ်နှင့် အမှတ်စဉ်များကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ထားသည့်အတိုင်း ပြင်ဆင်သွားမည်ဖြစ်ကြောင်း ကြေညာပြီး ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။ **(သတင်းစဉ်)**



# ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်အတွင်း အပြီးသတ်ရန်လျာထား

**နေပြည်တော် ဩဂုတ် ၂၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ မရမ်းကုန်း မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်မေဝင်းမြင့်၏ **ပရဟိတဘုန်းတော်ကြီးကျောင်းများတွင် မှီခိုပညာသင်ကြားနေရသော မိမိနိုင်ငံသားတိုင်းရင်းသား မိဘမဲ့ကလေးငယ်များအား နိုင်ငံသားကတ်စိစစ်ထုတ်ပေးရေးအစီအစဉ် ရှိ/မရှိ သိလိုကြောင်း မေးခွန်း**နှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြန်လည်ရှင်းလင်းဖြေကြားရာတွင် မိဘမဲ့ဂေဟာ/ကျောင်းများတွင် နေထိုင်သော တိုင်းရင်းသားမိဘမဲ့ကလေးငယ်များအတွက် အိမ်ထောင်စုလူဦးရေစာရင်းအား ညွှန်ကြားချက်နှင့်အညီ ဂေဟာလိပ်စာဖြင့် မိဘမဲ့ကလေးများကို စုပေါင်းထုတ်ပေးရန်နှင့် အသက်အရွယ်အရ သတ်မှတ်ထားသော ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် မိဘအချက်အလက်များ မသိရှိနိုင်သော်လည်း ဥပဒေအရ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူမှန်ပါက မွေးရာပါနိုင်ငံသားအဖြစ်သတ်မှတ်ရန် ဖြေလျှော့နည်းလမ်းအရ ဖွဲ့စည်းပေးထားသည့် မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်း စိစစ်ကြီးကြပ်ရေးအဖွဲ့ ငါးဦးကော်မတီဖြင့် ဆုံးဖြတ်ဆောင်ရွက်ပေးရန် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ညွှန်ကြားထားခဲ့ပြီး ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး
ဦးသိန်းဆွေ



မရမ်းကုန်း မဲဆန္ဒနယ်မှ
လွှတ်တော်ကိုယ်စားလှယ်
ဒေါက်တာဒေါ်မေဝင်းမြင့်

ဖခင်အမည်အား မသိရှိပါက သက်ဆိုင်ရာ ကျောင်းအုပ်(သို့မဟုတ်) ကျောင်းအုပ်သည် အမျိုးသမီးဖြစ်ပါက အမျိုးသားကျောင်းဆရာတစ်ဦးဦးအား မွေးစားဖခင်အဖြစ် နိုင်-၂ ရှိ ဖခင်အမည်တွင်ဖြည့်သွင်းပြီး အမည်နောက်မှ (မွေးစားဖခင်) ဟု ဖော်ပြရန်ဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင်မူ ဖခင်အမည်သာဖော်ပြပြီး (မွေးစားဖခင်)ဟု ဖြည့်သွင်းခြင်းမပြုရန်ဖြစ်ပါကြောင်း၊ မိခင်အမည်မသိပါက နိုင်-၂ တွင် မသိဟုသာဖော်ပြရန်ဖြစ်ပြီး ဘိုးဘွားများအားလည်း မသိဟုသာ ဖော်ပြသွားရန်ဖြစ်ပါကြောင်း၊ လူမျိုးနှင့်ပတ်သက်၍ ဆုံးဖြတ်နိုင်ပါက လူမျိုးအမှန်ဖော်ပြသွားရန်နှင့် လူမျိုးအမည်မဆုံးဖြတ်နိုင်ပါက အုပ်ထိန်းသူနှင့် မြို့နယ်ငါးဦးကော်မတီအဖွဲ့မှစိစစ်၍ သတ်မှတ်သောလူမျိုးအမည်အား ဖော်ပြရန်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၈ သို့*

# ဧရာဝတီမြစ်အတွင်း ကျပ်တည်းရေလမ်း ၃၄ နေရာနှင့် ချင်းတွင်းမြစ်အတွင်း နေရာ ၂၀ ကို ပြုပြင်ရန်အတွက် ငါးနှစ်စီမံကိန်းတွင် ထည့်သွင်းထား



မကွေးတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်

**နေပြည်တော် ဩဂုတ် ၂၅**

စလင်းမြို့အတွင်းရှိ ဧရာဝတီမြစ်ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများသည် ရေရှည်ဆောင်ရွက်ပေးရမည့် အစီအမံများဖြစ်သဖြင့် လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဧရာဝတီမြစ်အတွင်း ကျပ်တည်းရေလမ်း ၃၄ နေရာနှင့် ချင်းတွင်းမြစ်အတွင်း ကျပ်တည်းရေလမ်း နေရာ ၂၀ ကို ပြုပြင်ရန်အတွက် ငါးနှစ်စီမံကိန်းတွင် ထည့်သွင်းထားပြီးဖြစ်ကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း စလင်းမြို့နယ် ဘိုကုန်း-ကြူတောကျေးရွာများ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် ငွေကျပ် ၂၀၁ ဒသမ ၃၅ သန်းနှင့် တလင်းကြီးကုန်းကျေးရွာအုပ်စုများ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ငွေကျပ် ၆၁၄ ဒသမ ၅၄ သန်း မကွေးတိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုရန်ပုံငွေ ရရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ၂၀၁၆ ခုနှစ် နိုဝင်ဘာတွင် မြေပြင်ကွင်းဆင်းတိုင်းတာပြီး တိုင်းတာမြေပုံအရ ဆောင်ရွက်ရမည့် ဒီဇိုင်းများရေးဆွဲ၍ ယခုဘဏ္ဍာနှစ်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့တွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၏ **"စလင်းမြို့နယ်အတွင်း ဧရာဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် မြစ်ရိုးတစ်လျှောက်နေထိုင်ကြသော ဒေသခံပြည်သူများ ကမ်းပါးပြိုခြင်းအန္တရာယ်မှ ကာကွယ်ရန်အတွက် ရေကာတာတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ထိုသို့ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်း နေရာရှစ်နေရာ၌ ရေတိုက်စားကမ်းပြိုမှုဖြစ်ပွားလျက်ရှိရာ စလင်းမြို့နယ်တွင် ဘိုကုန်း-ကြူတော-ရေပေါ်ကျွန်းကလေးကျေးရွာများ၊ ဆင်မကျွန်းကျေးရွာအုပ်စုမှ ကျေးရွာများ၊ သနပ်ကုန်းကျေးရွာအုပ်စုများနှင့် တလင်းကြီးကုန်းကျေးရွာအုပ်စုများ ရေတိုက်စားကမ်းပြိုမှုများကို ဆိုးရွားစွာ ခံရလျက်ရှိပါကြောင်း။

ရေတိုက်စား ကမ်းပြိုမှုများကို လျော့ပါးသက်သာစေရန် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၃၀၃ ဒသမ ၆ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာ ရေးနှစ်တွင် ငွေကျပ် ၅၂၃ ဒသမ ၆၆ သန်းဖြင့် လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာ ရေးနှစ်တွင် ဆင်မကျွန်းကျေးရွာ၌ ငွေကျပ် ၉၈၈ ဒသမ ၅ သန်းဖြင့် လည်းကောင်း၊ သနပ်ကုန်းကျေးရွာ၌ ပြည်ထောင်စု သီးသန့်ရန်ပုံငွေမှ ငွေကျပ် ၁၆၉ ဒသမ ၄၅ သန်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးခွင့်ပြု ရန်ပုံငွေကျပ် ၂၀၁ ဒသမ ၃၅ သန်းဖြင့် လည်းကောင်း ရေကာတာများ တည်ဆောက်ပေးခြင်း၊ သောင်တူးဖော်ခြင်းများနှင့် မိုးရာသီရေများချိန် အရေးပေါ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်၏ **"တိုင်းရင်းသားမိခင်ဘာသာစကားကို အစိုးရမူလတန်းအောက်ဆင့်အတန်းများတွင် ကျောင်းချိန်အတွင်း သင်ကြားပေးရန်နှင့် စာမေးပွဲစစ်ဆေးရန်အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဝန်ကြီးဌာနအနေဖြင့်

*စာမျက်နှာ ၈ သို့*

*ပြည်သူ့လွှတ်တော်မှ*

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသည့် ပရဟိတဘုန်းတော်ကြီးကျောင်းများတွင် မှီခိုပညာသင်ကြားနေရသော မိမိနိုင်ငံသား တိုင်းရင်းသားမိဘမဲ့ ကလေးငယ်များအား နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးမှုနှင့် ပတ်သက်၍ အထက်ပါလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ပေးလျက်ရှိပြီး ဖခင်အမည်ဖြည့်သွင်းမှုနှင့် ပတ်သက်၍ ဖခင်ရင်းအမည်သိရှိပါက ဖခင်ရင်းအမည် ဖြည့်သွင်းရန်ဖြစ်ပြီး မသိရှိပါက ဘုန်းတော်ကြီး ပညာသင်ကျောင်းတာဝန်ခံဆရာတော်၏ ဘွဲ့အမည်အားဖြည့်သွင်းပြီး အမည်နောက်မှ (အုပ်ထိန်းသူ) ဟူ၍ ကိုယ်ရေးပုံစံ နိုင်-၂ နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများတွင် ဖြည့်သွင်းရေးသား၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဘူးသီးတောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေ၏ **ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့များတွင် မဟာလျှပ်စစ်ဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းအပေါ် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ဝန်ကြီးဌာနအနေဖြင့် ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရခိုင်ပြည်နယ်သို့ မဟာဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရန် ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းကို ဥသျှစ်ပင်မှ ပုဏ္ဏားကျွန်းအထိ ဓာတ်အားလိုင်းမိုင်ပေါင်း ၃၀၉ မိုင်နှင့် ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံများဖြစ်သော တောင်ကုတ်၊ ကျောက်ဖြူ၊ အမ်း၊ ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံကြီးလေးရုံကို အိန္ဒိယနိုင်ငံ ချေးငွေ အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၀၇ သန်းနှင့် နိုင်ငံတော်ရန်ပုံငွေကျပ် ၃၆ ဒသမ ၅ ဘီလီယံဖြင့် တည်ဆောက်ခဲ့ပြီးဖြစ်ပါကြောင်း။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ချေးငွေ၊ နိုင်ငံတော်ရန်ပုံငွေမြောက်မြားစွာကုန်ကျခံပြီး ရခိုင်ပြည်သူများ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ထားပြီး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များသို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် ၂၃၀ ကေဗွီ ပုဏ္ဏားကျွန်း ဓာတ်အားခွဲရုံမှတစ်ဆင့် ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ၆၆ ကေဗွီဓာတ်အားလိုင်း ၇၈ မိုင်ခန့်နှင့် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော ၆၆ ကေဗွီ ဓာတ်အားခွဲရုံများအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ၂ ရာခိုင်နှုန်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ၃ ရာခိုင်နှုန်း စုစုပေါင်း ၅ ရာခိုင်နှုန်းသာရရှိခဲ့ပြီး ဓာတ်အားလိုင်း အူကြောင်းတိုင်းတာခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းများအတွက် ထပ်မံလိုအပ်သော ရန်ပုံငွေများကို နှစ်အလိုက် လျာထားဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေရရှိမှုကို မူတည်၍ လုပ်ငန်းများပြီးစီးအောင် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအပေါ် ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဆွေးနွေးရာတွင် ဥပဒေကြမ်း၏ ခေါင်းစဉ်၊ အပိုဒ်အလိုက်၊ အပိုဒ်ခွဲအလိုက်နှင့် ဥပဒေကြမ်းတစ်ခုလုံးအပေါ် ဆွေးနွေးကြပြီး အပိုဒ်နှင့် အပိုဒ်ခွဲအလိုက် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ကိုရယူ၍ အတည်ပြုကြသည်။ **(သတင်းစဉ်)**

# ပြည်တွင်းပြည်ပဘုရားဖူးတွေ စိတ်ဝင်စားတဲ့ ဘုရားပုထိုးတွေကို ဦးစားပေးပြုပြင်သွားမယ်

**ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို**

**မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သောငလျင်ဒဏ်ကြောင့် ပုဂံဘုရားပုထိုးများ ပျက်စီး ဆုံးရှုံးမှုနှင့်ပတ်သက်ပြီး တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၏စကားသံကို ဖော်ပြလိုက်ရပါသည် -**


ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်


ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို


ဦးမြင့်သိန်း


ဦးစိုးတင့်

**ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် (ဆောက်လုပ်ရေးဝန်ကြီးဌာန)**

ငလျင်ဒဏ်ကြောင့် ပုဂံက ဘုရားပုထိုးစေတီတွေရဲ့ ပျက်စီးဆုံးရှုံးမှုတွေကို အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ဖို့အတွက် လေ့လာခဲ့ပါတယ်။ ပြိုကျပျက်စီးခဲ့တဲ့ ဘုရားပုထိုးတွေက မိုးရေမဝင်ဖို့ အရေးကြီးပါတယ်။ မိုးရေဝင်ရင် အဆောက်အအုံ ခိုင်ခံ့မှုအပိုင်းမှာ အားနည်းသွားနိုင်ပါတယ်။ ဒါကြောင့် ပြည်ထဲရေးဝန်ကြီးဌာနနဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနတို့က တာပေါ်လင်(မိုးကာစ)တွေကို ဩဂုတ် ၂၅ ရက် ညနေအရောက် ပို့ပေးနေပြီဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ လက်ပံခြေပေါ်တံတား အဖွဲ့က ဩဂုတ် ၂၆ ရက်ကစပြီး ပြိုကျသွားတဲ့ထိပ်ပိုင်းတွေကို မိုးရေမဝင်ရောက်နိုင်အောင် မိုးကာစတွေနဲ့ စနစ်တကျကာကွယ်ပေးသွားမှာဖြစ်ပါတယ်။ ပျက်စီးဆုံးရှုံးမှုတွေကို သက်ဆိုင်ရာပညာရှင်တွေ လေ့လာဆန်းစစ်နေစဉ်အတွင်းမှာ လက်ရှိအခြေအနေထက် ပိုမို ထိခိုက်မှုမရှိအောင် ထိန်းသိမ်းပေးသွားမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို (သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**

ပြည်တွင်းပြည်ပ ဘုရားဖူးတွေ စိတ်ဝင်စားတဲ့ ဂူပြောက်ကြီး၊ ထီးလိုမင်းလို၊ စူဠာမဏိ၊ ပြဿာဒ်ကြီး၊ စေတနာကြီးနဲ့ ဓမ္မရံကြီးဘုရားပုထိုးတွေကို ဦးစားပေးပြုပြင်သွားမယ့်အပြင် ကျန်တဲ့ စေတီပုထိုးတွေကို အဆင့်သတ်မှတ်ပြီး ပြုပြင်တာ ဒါမှမဟုတ် တစ်ပြိုင်တည်း ဖြန့်ကြက်ပြုပြင်တာတွေ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခုလို ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားတဲ့ မြန်မာ့ရှေးဟောင်းအမွေအနှစ်ပစ္စည်းတွေကို ယခုတစ်ကြိမ် ပြန်လည်ပြုပြင် မွမ်းမံခွင့်ရခြင်းဟာ ဘဝမှာ တန်ဖိုးကြီးမားတဲ့ မဟာကုသိုလ်တော်ဖြစ်ပါတယ်။

**ဦးမြင့်သိန်း(ပုဂံဒေသခံ)**

ကျွန်တော် အသက် ၆၈ နှစ်ရှိပါပြီ၊ ပုဂံမှာ ၁၉၇၅ ခုနှစ်က တစ်ကြိမ်၊ အခုတစ်ကြိမ်နဲ့ နှစ်ကြိမ် ကြုံခဲ့ဖူးပါတယ်။ ဘာသာတရားအရ အခုလိုကြုံရတာ စိတ်မကောင်းဖြစ်ရပါတယ်။ အခု ပြိုကျသွားတဲ့ စေတီက နောက်တည်ထားတဲ့ စေတီဖြစ်ပါတယ်။ အရင် ၁၉၇၅ ခုနှစ်မပြိုခင်ကအတိုင်း သပ်သပ်ရပ်ရပ်ပြန်ကောင်းသွားရင် ပိုကောင်းပါတယ်။ ကျွန်တော်တို့ ရွာဘုရားပွဲကို စေတနာကြီးပုထိုးတော်မှာ နှစ်စဉ်တော်သလင်းလဆန်းတိုင်း ကျင်းပနေကျပါ။ အခုနှစ်လည်း ကျင်းပနိုင်အောင် သက်ဆိုင်ရာက စီစဉ်ပေးစေချင်ပါတယ်။

**ဦးစိုးတင့် (ခရိုင်အုပ်ချုပ်ရေးမှူး)**

ငလျင်ဒဏ်ကြောင့် ထိခိုက်မှုရှိတဲ့ စေတီတွေကို သေချာစိစစ်ပြီး စေတီပုထိုး ၃၃ ဆူကို အခုလက်ရှိမှာ တားမြစ်ထားပါတယ်။ ထိခိုက်ပျက်စီးတဲ့ ဌာပနာတွေ၊ ရှေးဟောင်းပစ္စည်းတွေကို စနစ်တကျ မှတ်တမ်းပြုစုပြီး ပြတိုက်မှာ ထားရှိသွားမှာဖြစ်ပါတယ်။ ဆောက်လုပ်ရေး၊ ယဉ်ကျေးမှုနဲ့ သာသနာရေး၊ ယူနက်စကို အဖွဲ့ရဲ့အကူအညီနဲ့ စိစစ်သွားမှာ ဖြစ်ပါတယ်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေက နိုင်ငံရဲ့အသည်းနှလုံးဖြစ်တာကြောင့် အခုလို ကြုံတွေ့ရတာကို ဒေသခံတွေက စိတ်မကောင်းဖြစ်ရပါတယ်။ အုပ်ချုပ်ရေးအဖွဲ့အနေနဲ့ ပျက်စီးဆုံးရှုံးမှုတွေကို ချက်ချင်းစစ်ဆေးပြီး သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့တွေနဲ့ လုံခြုံရေးဆောင်ရွက်ပေးတာကို ဒေသခံတွေအနေနဲ့ ကျေနပ်မှုဖြစ်နေကြပါတယ်။ **ညီညီထွန်း၊ သူရဇော်**

*အမျိုးသားလွှတ်တော်မှ*

၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှု တိုးတက်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရှိသော တိုင်းရင်းသားဘာသာစာပေ သင်ကြားလိုသည့် ကျောင်းများတွင် သင်ကြားသင်ယူခွင့်ရရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် လက်ရှိသင်ရိုးညွှန်းတမ်းနှင့် စာသင်ချိန်ခွဲဝေမှုများအရ တိုင်းရင်းသားဘာသာစာပေကို အခြေခံပညာမူလတန်း အောက်ဆင့်အတန်းများတွင် ကျောင်းချိန်အတွင်း သင်ကြားပေးမှု၊ စာမေးပွဲစစ်ဆေးမှုတို့နှင့်စပ်လျဉ်း၍ အမျိုးသားပညာရေးဥပဒေနှင့်အညီ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီကို ဖွဲ့စည်းပြီးမှ ဆက်လက် စီစဉ်ဆောင် ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီက တိုင်းရင်းသားဘာသာစာပေကို အတည်ပြုရန်လိုအပ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့၏အစီအစဉ်ဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်၍ ပညာရေးဝန်ကြီးဌာနက လိုအပ်သည်များကို ဆက်လက်ပံ့ပိုးဖြည့်ဆည်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ဖြေကြားသည်။ **(သတင်းစဉ်)**

## မြေငလျင်လှုပ်ခတ်မှုကြောင့် လုံးတော်ပေါက်တံတား ရွေ့လျားနိမ့်ဆင်း

**မအူ ဩဂုတ် ၂၅**

ရန်ကုန်-ကျောက်ဖြူ ပြည်ထောင်စုလမ်းမပေါ်ရှိ မအူ-ကျောက်ဖြူလမ်း မိုင်တိုင်အမှတ်(၅၂/၅)ရှိ လုံးတော်ပေါက်တံတားအရှည်ပေ ၁၁၅၄ ဒသမ ၅ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက် အကျယ်သုံးပေစီ၊ သံမဏိသံပေါင်သံကူကွန်ကရစ်တံတားသည် ဩဂုတ် ၂၄ ရက်က မြေငလျင်လှုပ်ခတ်မှုကြောင့် တံတား၏အလယ်ဗဟို မအူမြို့ နယ်နိမိတ်ဘက်ခြမ်းမှ ခြောက်လက်မခန့် နိမ့်ဆင်းပြီး လက်ဝဲဘက်သို့ ၁၈ လက်မခန့် ရွေ့လျားသွားခဲ့သည်။

ယင်းတံတားကို တည်ဆောက်ရေးအဖွဲ့(၂)နှင့် တံတားအထူးအဖွဲ့(၈)တို့က ပြင်ဆင်ထိန်းသိမ်းလျက်ရှိကြောင်းနှင့် အဆိုပါဖြစ်စဉ်အား မအူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိန်ငွေမိုးနှင့် မအူနယ်မြေ ရဲစခန်းမှူးတို့က သွားရောက်ကြည့်ရှုခဲ့ကြပြီး ယာဉ်များဖြတ်သန်းသွားလာမှုကို ခေတ္တရပ်ဆိုင်းထားကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

## မြေငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးသွားသော ဘုရားစေတီပုထိုးများ ပြန်လည်ပြုပြင်ရန် ငွေကျပ် သိန်း ၂၀၀၀ လှူဒါန်း

**မန္တလေး ဩဂုတ် ၂၅**

ဩဂုတ် ၂၄ ရက် ညနေပိုင်းက အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ နာမည်ကြီး ဘုရားစေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံများနှင့် လူနေတိုက်တာ အဆောက်အအုံများ ပျက်စီးခဲ့ကာ လူအချို့ ထိခိုက်သေကျေ ဒဏ်ရာရမှုများ ဖြစ်ပွားခဲ့သည်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM) သည် မြေငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးသွားသော ဘုရားစေတီပုထိုးများ ပြန်လည်ပြုပြင်ရန်နှင့် ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ယနေ့မွန်းတည့် ၁၂ နာရီက ပုဂံညောင်ဦးဆက်သွယ်ရေးဧည့်ရိပ်သာ၌ ငွေကျပ် သိန်း ၂၀၀၀ ကို ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးမိုးဆန်းအောင်နှင့် ကမ္ဘောဇဘဏ်လီမိတက် အထက်မြန်မာပြည်တာဝန်ခံ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးတင်ထွန်းတို့က မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။
**သဲနိုင်ဦး(မြန်မာစာ)**

## တိုင်းဒေသကြီးအစိုးရအဖွဲ့ထံတင်ပြ၍ ဦးပိန်တံတားပြုပြင်မှုများအား ဆက်လက်ဆောင်ရွက်သွားမည်

**မန္တလေး ဩဂုတ် ၂၅**

ဦးပိန်တံတား ရေရှည်တည်တံ့စေရေးနှင့် တောင်သမန်ဝန်းကျင် သာယာလှပရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် ပညာရှင်များနှင့် ဌာနဆိုင်ရာများဆွေးနွေးအကြံပြုချက်များရယူ၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က ပြောသည်။

လက်ရှိတွင် ဦးပိန်တံတားအား အလှူရှင်ဖြင့် ပြုပြင်နေမှုကို ပြန်လည်ဆန်းစစ်ရန် ခေတ္တရပ်ဆိုင်းထားပြီး တံတားကြီး၏ အနုပညာရသမပျောက်စေဘဲ ရေရှည်တည်တံ့ခိုင်မြဲစေရန် သုံးသပ်ဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။

"မြန်မာတွေရဲ့ ယဉ်ကျေးမှုတစ်ရပ်က ဒီတံတားပေါ်မှာရှိနေတယ်၊ တံတားတင်မကဘဲ ဒေသခံပြည်သူတွေရဲ့ဝလေ့စရိုက်တွေကလည်းရောယှက်ပြီး ရသတစ်ခုကို ပေးစွမ်းနေတာပါ၊ လက်ရှိမှာ ဂျာမနီနိုင်ငံက ပညာရှင်တွေကလည်း တံတားပြုပြင်ဖို့အတွက် ကနဦးလေ့လာမှုတွေ ပြုလုပ်ပြီးဖြစ်ပါတယ်။ တံတားကို ဘယ်လိုပြင်မလဲ၊ ဘယ်သူတွေနဲ့ ပြင်မလဲ၊ ဘယ်ရန်ပုံငွေနဲ့ သုံးစွဲမလဲဆိုတာတွေကို စဉ်းစားသုံးသပ်ရမှာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးက ဆက်လက်ပြောကြားသည်။
**မင်းထက်အောင်(မန်းကိုယ်ပွား)**

## အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

**နေပြည်တော် ဩဂုတ် ၂၅** ဩဂုတ် ၂၅ ရက် မြန်မာစံတော်ချိန် ည ၁၀ နာရီ ၄၆ မိနစ် ၅၆ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်ဘက် ၅၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(သပိတ်ကျင်းမြို့၏ အရှေ့တောင်ဘက် ရှစ်မိုင်ခန့်အကွာ)ကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၀ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**

◆ *ကျောဖုံးမှ*

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုအား ပေးထားသည့်ကတိကဝတ်များကို အကောင်အထည်ဖော်ရန်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်၊ ပြည်သူလူထုအတွက် စွမ်းရည်မြင့်မားပြီး တာဝန်ခံမှုရှိသည့် ဝန်ထမ်းအဖွဲ့အစည်း ဖြစ်ပေါ်လာစေရန် ပြည်သူ ဗဟိုပြု အုပ်ချုပ်ရေးစနစ်ဖြစ်စေရေးအတွက် အထူးဂရုစိုက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

ပိုမိုထိရောက် မှန်ကန်မြန်ဆန်သည့် အုပ်ချုပ်ရေးယန္တရားဖြစ်လာစေရန် ဖွဲ့စည်းတည်ဆောက်ထားသည့် Structure မှန်ကန်စေရန်နှင့် အုပ်ချုပ်ရေးယန္တရားကြီး တစ်ခုလုံးကို မောင်းနှင်နေသည့် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာကို မှန်ကန်ရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနတိုင်းသည် ပြုပြင်ပြောင်းလဲမှုကို ယင်းဝန်ကြီးဌာနကပင် ပြုပြင်ပြောင်းလဲပေးရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများကိုယ်တိုင် ပွင့်ပွင့်လင်းလင်းနှင့် ပြုပြင်ပြောင်းလဲမည့် အစီအစဉ်များ ရေးဆွဲဆောင်ရွက်ကြရန်လိုကြောင်း၊ အထက်ပါ အကြောင်းအရာသုံးချက်ကို အလွယ်တကူ သိမြင်နိုင်သော်လည်း ဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများမှာ ထင်သာမြင်သာ မသိနိုင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက ထိတွေ့ကိုင်တွယ်ရန်ခက်ခဲသည့် အတွင်းစိတ်ခံစားချက်များ ပါဝင်နေသည့်အတွက် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်သည့်နေရာတွင် အခက်ခဲဆုံးအပိုင်းဟု ဆိုကြကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများကိုယ်တိုင် ပြုပြင်ပြောင်းလဲရေးအပေါ် ကိုယ်ရောစိတ်ပါ လက်ခံယုံကြည် ဦးဆောင်သွားနိုင်သည့် အခြေအနေကိုရောက်ရှိမှသာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကြီးက အောင်မြင် နိုင်မှာဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ အလုပ်ခွင် စိတ်နေစိတ်ထား၊ လုပ်ငန်းကျွမ်းကျင်မှု၊ လုပ်ထုံးလုပ်နည်းများ၏ သက်ရောက်မှုတို့သည် ပြုပြင်ပြောင်းလဲမှုကို အဆုံးအဖြတ်ပေးလေ့ရှိကြောင်း၊ ပြည်သူ့ရေးရာဝန်ဆောင်မှုများကို လူထုထံပို့ဆောင်ပေးရာတွင် ရိုးရှင်းလွယ်ကူ အဆင့်မများသည့် ရုံးတွင်းလုပ်ငန်းစဉ်များ ရှိရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းအားလုံးကလည်း နိုင်ငံတော်က ဘာလုပ်နေသည်၊ ဘယ်လမ်းကြောင်းကို သွားနေသည်ဆိုသည်ကို သိရှိရန်လိုကြောင်း ပြောကြားသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ယနေ့ခေတ် နိုင်ငံ့ဝန်ထမ်းကဏ္ဍသည် အဖွဲ့အစည်းများအတွင်း ပွင့်လင်းမြင်သာခြင်းမရှိသော စနစ်များရှိနေမှု၊ ဗဟိုချုပ်ကိုင်မှုနှင့် လုပ်ထုံးလုပ်နည်း သက်ရောက်အားနည်းမှုများကြောင့် ပြုပြင်စရာအချက်များစွာရှိနေပါကြောင်း၊ လူထုအတွက် တုံ့ပြန်မှုပိုမို မြန်ဆန်သော၊ ထိရောက်သော ဝန်ဆောင်မှုပေးရာတွင် စွမ်းဆောင်ရည်မြင့်မားသော၊ ပွင့်လင်းမြင်သာပြီး တာဝန်ခံမှုရှိသော၊ အရေးအကြီးဆုံးအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ ဗဟိုချုပ်ကိုင်မှုစနစ်လျှော့ချရေးနှင့် လုပ်ပိုင်ခွင့်ခွဲဝေကျင့်သုံးရေးတို့အတွက် ကြိုးစားအားထုတ်လျက်ရှိသောသူများနှင့် လူထု၏မျှော်မှန်းချက်များ ထင်ဟပ်စေနိုင်သော ကဏ္ဍတစ်ခု ဖြစ်လာရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့ တွဲဖက်ဆောင်ရွက်ထားသော မြန်မာနိုင်ငံဝန်ထမ်းကဏ္ဍရှိ ကျင့်ဝတ်၊ တန်းတူအခွင့်အရေးများနှင့် အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားမှုနှင့် စပ်လျဉ်းသည့် နိုင်ငံ့ဝန်ထမ်း များ၏ သဘောထားအမြင်များကို လေ့လာစုဆောင်းသည့် စစ်တမ်းအစီရင်ခံစာနှင့် ရလဒ်များကို မကြာခင်မှာ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ဝန်ထမ်းများ၏သင်ကြားမှုနှင့် ဖွံ့ဖြိုးမှုများ တိုးတက်လာစေရန်နှင့် သင်ကြားမှုနည်းလမ်းနှင့် ဆရာများ၏အရည်အသွေးများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာနိုင်စေရန် ပြည်သူ့ဝန်ထမ်းအကယ်ဒမီကို ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

အပြောင်းအလဲကို စီမံခန့်ခွဲရာတွင် မျှော်မှန်းချက်၊ ကျွမ်းကျင်မှု၊ မက်လုံး၊ ရင်းမြစ်များ၊ လက်တွေ့အစီအစဉ် စသည့်အခြေခံငါးချက်နှင့်ပြည့်စုံလျှင် အောင်မြင်သော အပြောင်းအလဲတစ်ရပ်သို့ ရောက်ရှိမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

UNDP နှင့် ကုလသမဂ္ဂပြည်သူ့အကျိုးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်မှ Ms.Emma Morley က စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ကို ဖော်ဆောင်ရာတွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ခိုင်မာသောအခြေခံကောင်းများ ရရှိရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ၎င်းတို့ကို ကိုယ်ကျင့်သိက္ခာနှင့် စိတ်ပါဝင်စားမှုတို့ရှိအောင် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း။



**Ms.Emma Morley (UNDP နှင့် ကုလသမဂ္ဂပြည်သူ့အကျိုး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်) ပြောကြားစဉ်**

ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ကို ဝန်ထမ်းများ၏ သဘောထားစစ်တမ်းကောက်ယူမှုစသည့် ၎င်း၏ လုပ်ငန်းတာဝန်များ လုပ်ဆောင်နိုင်ရန်အတွက် ပံ့ပိုးမှုများပြုလုပ်ပေးလျက်ရှိကြောင်း၊ ၎င်းစစ်တမ်းကောက်ယူမှုတွင် ဝန်ထမ်းများအနေဖြင့် ၎င်းတို့၏ အတွေ့အကြုံများ၊ ဝန်ထမ်းတစ်ဦး၏ နေ့စဉ်စိန်ခေါ်မှုများ၊ အောင်မြင်မှုများနှင့် အနာဂတ်မျှော်လင့်ချက်များကို မျှဝေမှုများပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ တွေ့ကြုံဆွေးနွေးမှုများက ဝန်ထမ်းများ၏တာဝန်ဝတ္တရားများကို မည်သို့မည်ပုံပြုလုပ်ရမည်ကို သဘောပေါက်နားလည်စေမည်ဖြစ်ကြောင်း၊ ထိုသို့ စစ်တမ်းကောက်ယူမှုများ ပြုလုပ်ခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းများကို စိတ်ပါဝင်စားမှုများ မြင့်တက်စေမည်ဖြစ်သကဲ့သို့ အကြံဉာဏ်များလည်း ပေးရာရောက်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများသည် တရားမျှတမှုကို တန်ဖိုးထားရမည်ဖြစ်သလို သာတူညီမျှ ဆက်ဆံမှုနှင့် အခွင့်အရေးများ၊ ဖိနှိပ်ချုပ်ချယ်မှုမရှိခြင်းများကိုလည်း အလေးဂရုပြုရမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ ပြုလုပ်သော စစ်တမ်းကောက်ယူရာတွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် စိတ်ပါဝင်စားမှု မြင့်မားလာကြောင်း၊ နိုင်ငံ့ဝန်ထမ်းအများစုသည် ၎င်းတို့၏အလုပ်ကိုပျော်ရွှင်ပြီး ဂုဏ်ယူလျက်ရှိကြကြောင်း၊ သို့သော်လည်း တရားမျှတမှု၊ ထင်သာမြင်သာရှိမှု၊ ဝန်ထမ်းလုပ်ထုံးလုပ်နည်းများတွင် သာတူညီမျှ ရှိမှု၊ ဝန်ထမ်းသစ်များခန့်ထားမှု၊ ရာထူးတိုးမြှင့်မှု၊ ရပိုင်ခွင့်ခွဲဝေမှုတို့တွင်ခံစားမှုများရှိပြီး ရင်ဆိုင်ကြုံတွေ့နေရမှုများတွင်လည်း စိတ်ဝင်စားမှုရှိအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းစွမ်းဆောင်မှုများကို စီမံခန့်ခွဲရာတွင် ကျား၊မ၊ လူမျိုး၊ မသန်စွမ်းဖြစ်မှု၊ အသက်၊ လူပုဂ္ဂိုလ်ဆိုင်ရာဆက်နွယ်မှုတို့ကို ထည့်မတွက်ဘဲ ၎င်းတို့၏အကောင်းဆုံး စွမ်းဆောင်မှု၊ လုပ်ရပ်နှင့် ရပ်တည်ချက်များပေါ်မူတည်ပြီး ၎င်းတို့၏အခန်းကဏ္ဍများကို ဖြည့်စွမ်းပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းတစ်ဦး၏ စွမ်းဆောင်မှုသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ကို ဖော်ဆောင်ရာတွင် တိုးတက်မှုရှိပါက ၎င်း၏ စွမ်းဆောင်ချက်များကို တန်ဖိုးထားရမည်ဖြစ်ပြီး တိုးမြှင့်မှုများ လုပ်ဆောင်ပေးရမည် ဖြစ်ကြောင်း၊ လူမှုနီတိကျင့်ဝတ်များကို လက်ကိုင်ပြုနိုင်လေလေ အောင်မြင်မှုလည်း ခိုင်မာလာလေလေဖြစ်ကြောင်း။

လေ့လာဆန်းစစ်မှုများအရ မြန်မာနိုင်ငံရှိ ပြည်သူ့ဝန်ထမ်းများ အလွှာအသီးသီး၌ လာဘ်ယူမှုများရှိနေသည်ကို တွေ့ရှိရကြောင်း၊ လာဘ်ပေးလာဘ်ယူမှုများ ဖြစ်ပေါ်စေရန် ပြည်သူ့ဝန်ထမ်းကို တွန်းအားပေးနေသည့် အချက်များစွာရှိကြောင်း၊ အထူးသဖြင့် မိသားစုသည် အခြားသောအရပ်ဒေသ၌ နေထိုင်ပါက ငွေကြေးမလုံလောက်သည့် ပြဿနာမှာ အဓိကပင်ဖြစ်ကြောင်း၊ လာဘ်ပေးလာဘ်ယူမှုကို တားမြစ် ရန်နှင့် အတိအလင်းဖော်ထုတ်ခြင်းများပြုရန်မှာ ခေါင်းဆောင်မှုနှင့် ဖွဲ့စည်းပုံယန္တရားများ၏ အားနည်းချက်က ကိစ္စကြီးတစ်ရပ်အဖြစ် ရှိနေခဲ့ကြောင်း၊ အကယ်၍ အလုပ်ခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်းနှင့် အကျိုးခံစားခွင့်တို့ကိုသာ မျှတစွာဆောင်ရွက်ပေးနိုင်မည်ဆိုပါက ပြည်သူ့ဝန်ထမ်းကောင်းတစ်ဦးအဖြစ် မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

ကျန်းမာရေး ပြည်သူ့ဝန်ထမ်းတစ်ဦးကို ပြည်သူများအား ချစ်ခြင်းမေတ္တာအပြည့်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ဝန်ထမ်းအဖြစ် မြင်လာနိုင်မည်ဖြစ်ပြီး နေပြည်တော်နှင့် မြန်မာပြည်တစ်ဝန်းလုံးတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများကိုလည်း တက်ကြွပြီး မိမိတို့ကျင်လည်ရာလုပ်ငန်းခွင်တွင် စွမ်းဆောင်ရည်အပြည့်ဖြင့် လုပ်ကိုင်နိုင်သော အရာထမ်း၊ အမှုထမ်းများအဖြစ် မြင်လာမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၌ အခြားသောနိုင်ငံများကဲ့သို့ပင် ပြည်သူ့ဝန်ထမ်းများသည် အဓိက အခန်းကဏ္ဍမှ ပါဝင်ပြီး ၎င်းတို့နေ့စဉ်ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုများကို အဖြေရှာရန် အရေးပါလှကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲမှာ ပြုပြင်ပြောင်းလဲရေးခေါင်းဆောင်များအတွက် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို ပိုမိုအားကောင်းလာစေရန်နှင့် ပြုပြင်ပြောင်းလဲမှုများပြုလုပ်နိုင်ရေးအတွက် ပြည်သူ့ဝန်ထမ်းများထဲမှ အကြံဉာဏ်များကို ရယူရမည့်အချိန်အခါဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပညာရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြည်သူ့ဝန်ထမ်း အုပ်ချုပ်ရေးလုပ်ငန်းစဉ် အစီအမံများ- UCSB၏ လုပ်ပိုင်ခွင့်တာဝန်နှင့် အခန်းကဏ္ဍအား ပြန်လည်သုံးသပ်ခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မှု၏ အခြေခံဖြစ်သော စိတ်အားထက်သန်စွာ ဆောင်ရွက်ခြင်း-အတွင်းအပြင် စေ့ဆော်မှုများအားပြောင်းလဲမှုအတွက် မောင်းနှင်အားအဖြစ်အသုံးချခြင်း၊ အနာဂတ် ခေါင်းဆောင်များအတွက် ရင်းနှီးမြှုပ်နှံခြင်း၊ ခေါင်းဆောင်မှုဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ၊ ပွင့်လင်းမြင်သာမှုရှိမှုနှင့် တာဝန်ခံမှုတို့ကိုမြှင့်တင်ခြင်း-လူထုသဘောတူညီမှုအား ပြန်လည်ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လုပ်ပိုင်ခွင့် တာဝန်နှင့်အခန်းကဏ္ဍ၊ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းပြောင်းလဲမှုများ အတွက်လိုအပ်ချက်များ၊ မြန်မာနိုင်ငံပြည်သူ့ဝန်ထမ်းကဏ္ဍရှိ အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စား မှုနှင့် လုပ်ငန်းစွမ်းဆောင်ရည်များ မြန်မာနိုင်ငံပြည်သူ့ဝန်ထမ်းကဏ္ဍရှိ ကျင့်ဝတ်သိက္ခာ၊ အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားမှုနှင့် တန်းတူအခွင့်အရေးများဆိုင်ရာ သဘောထားအမြင်စစ်တမ်းမှ တွေ့ရှိချက်များ၊ လက်ရှိဖွင့်လှစ်လျက်ရှိသော သင်တန်းများနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးချဉ်းကပ်ဆောင်ရွက်မှုများနှင့်နည်းစနစ်များ၊ ပြည်သူ့ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပြည်သူ့ဝန်ထမ်း အကယ်ဒမီပုံစံ၊ ပြည်သူ့ ဝန်ထမ်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့် အရေးယူပြုပြင်မှုဆိုင်ရာစနစ်များ၊ အရေးယူတည့်မတ်ပေးမှု ကျင့်ထုံးများနှင့် ဘက်လိုက်ခြင်းကင်းမှု ပုံစံများ ခေါင်းစဉ်တို့ ဖြင့် အစုအဖွဲ့အလိုက် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲ ဒုတိယနေ့ကို ဩဂုတ် ၂၆ ရက်တွင် ဆက်လက်ကျင်းပမည် ဖြစ်သည်။

**(သတင်းစဉ်)**

**လူထုအတွက် တုံ့ပြန်မှုပိုမိုမြန်ဆန်သော၊ ထိရောက်သော ဝန်ဆောင်မှုပေးရာတွင် စွမ်းဆောင်ရည်မြင့်မားသော၊ ပွင့်လင်းမြင်သာပြီး တာဝန်ခံမှုရှိသော၊ အရေးအကြီးဆုံးအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ ဗဟိုချုပ်ကိုင်မှုစနစ်လျှော့ချရေးနှင့် လုပ်ပိုင်ခွင့်ခွဲဝေကျင့်သုံး ရေးတို့အတွက် ကြိုးစားအားထုတ်လျက်ရှိသောသူများနှင့် လူထု၏ မျှော်မှန်းချက်များ ထင်ဟပ်စေနိုင်သော ကဏ္ဍတစ်ခု ဖြစ်လာရန်လည်း လိုအပ်မည်ဖြစ်**

# မြေငလျင်ကြောင့် ဒဏ်ရာရရှိသူများအား ပြည်ထောင်စုဝန်ကြီး ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၂၅**

ဩဂုတ် ၂၄ ရက် ညနေပိုင်းတွင် ဖြစ်ပေါ်ခဲ့သော မြေငလျင်ကြောင့် မြန်မာနိုင်ငံ ဒေသအချို့တွင် စေတီပုထိုးများ ပြိုကျပျက်စီးခြင်း၊ ဘုန်းကြီးကျောင်းနှင့် လူနေအဆောက်အအုံများ ပျက်စီးခြင်း၊ လမ်းတံတားများပျက်စီးခြင်းနှင့် လူများ ထိခိုက်ဒဏ်ရာရရှိခြင်း၊ လူသုံးဦးသေဆုံးခြင်းများ ဖြစ်ပေါ်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ပုဂံမြို့ရှိ လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စူဠာမဏိစေတီ၊ စေတနာကြီး ပုထိုးတော်တို့အား ကြည့်ရှုလေ့လာခဲ့သည်။ မြေငလျင်ကြောင့် ပုဂံယဉ်ကျေးမှုနယ်မြေအတွင်း စေတီပုထိုးပေါင်း ၁၈၇ ဆူ ထိခိုက်ပျက်စီးခဲ့ပြီး နိုင်ငံခြားခရီးသွားဧည့်သည် စပိန်နိုင်ငံသူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် (အလယ်တိုက်) ကျောင်းသို့ရောက်ရှိပြီး ဆရာတော်အား ဖူးမြော်ကန်တော့ကာ ကျောင်းဝင်းအတွင်းရှိ မြေငလျင်ကြောင့် ပြိုကျပျက်စီးခဲ့သော မုခ်ဦးနှင့်ကျောင်းတိုက်တို့အား လှည့်လည်ကြည့်ရှုကာ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။ ဆက်လက်၍ မြေငလျင်ကြောင့် မြေခဲ့သော ရွှေမုဋ္ဌောစေတီ၏ စိန်ဖူးတော်နှင့် စေတီတော်ကို ဖူးမြော်ကန်တော့သည်။ ယင်းနောက် ဗာဂျီးနီးယားဆေးပေါင်းစက်ရုံ ပြိုကျသဖြင့် အသက်ဆုံးရှုံးခဲ့ရသည့် မောင်ထက်မြက်အောင်၏ ဖခင်အား နာရေးထောက်ပံ့ငွေကို ပေးအပ်သည်။ ပခုက္ကူမြို့အထွေထွေ ရောဂါကုဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသော မြေငလျင်ကြောင့် ဒဏ်ရာရရှိသူ သံဃာတော်နှစ်ပါးနှင့် လူပုဂ္ဂိုလ်နှစ်ဦးတို့အား ကြည့်ရှုအားပေးစကားပြောကြားပြီး **(ယာပုံ)** ထောက်ပံ့ငွေများပေးအပ်ခဲ့ရာ ဝေဠုကျော် ဖောင်ဒေးရှင်းကလည်း ပါဝင်ထောက်ပံ့ကူညီခဲ့သည်။



ဆက်လက်၍ မွန်းလွဲပိုင်းတွင် ရေနံချောင်းမြို့သို့ ရောက်ရှိပြီး မြို့မြောက်ရုံးရပ်ရှိ လောကမာန်အောင်စေတီတော်မြတ် ပြိုကျပျက်စီးမှုအခြေအနေကို ကြည့်ရှုကာ မြေငလျင်ကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် မနှင်းနှင်းနွယ် ၁၅ နှစ် (အဘ) ဦးကြိုင်စိုး၊ မခင်အေးငြိမ်း ခုနစ်နှစ် (အဘ)ဦးမြငွေတို့အတွက် ထောက်ပံ့ငွေများနှင့် နေအိမ်ပြိုကျခဲ့သည့် မိသားစုအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ရေနံချောင်းမြို့ သဒ္ဒေးကုန်းကျေးရွာရှိ အထက်တန်းနှင့် အလယ်တန်း ကျောင်းသား ကျောင်းသူများ နေ့စဉ်ကျောင်းတက်ရာတွင် အန္တရာယ်ကင်းရှင်းစေရန်အတွက် အသုံးပြုရန်လိုအပ်လျက်ရှိသော စက်တပ်လှေနှင့် အသက်ကယ်အင်္ကျီများဝယ်ယူရန် ထောက်ပံ့သည်။

**(သတင်းစဉ်)**



# အီတလီငလျင်ကြောင့် သေဆုံးသူ ၂၅၀ အထိမြင့်တက်လာ

**ရောမ ဩဂုတ် ၂၅**

ဩဂုတ် ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၄ နာရီခွဲအချိန်တွင် အီတလီနိုင်ငံမြို့တော် ရောမအရှေ့မြောက်ဘက် ကီလိုမီတာ ၁၀၀ ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၂ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခဲ့ရာ သေဆုံးပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

ဩဂုတ် ၂၄ ရက် ဖော်ပြချက်များအရ သေဆုံးသူအရေအတွက်မှာ ၇၃ ဦးသာရှိကြောင်း သိရပြီး လူ ၁၅၀ ကျော် ပျောက်ဆုံးနေကာ အဆောက်အအုံ များလည်း အများအပြားပျက်စီးခဲ့ကြောင်း သိရသည်။

သို့သော်လည်း ယနေ့နောက်ဆုံးသတင်းများအရ ငလျင်ကြောင့် သေဆုံးသူဦးရေမှာ လူ ၂၅၀ အထိတိုးလာကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်။ ရဲ့စ်တီးပြည်နယ်တွင် ငလျင်ကြောင့် လူပေါင်း ၁၉၀ သေဆုံးခဲ့ပြီး အက်စ်ကိုလီ ပီစီနိုပြည်နယ် တွင် ၅၇ ဦး သေဆုံးခဲ့ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။ ကယ်ဆယ်ရေးလုပ်သားများကလည်း အရေးပေါ်ကယ်ဆယ်မှုများကို ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။

(ရိုက်တာ)

# ကမ္ဘာကြီးနှင့်တူသော ဂြိုဟ်တစ်လုံးကို ရှာဖွေတွေ့ရှိ

**လန်ဒန် ဩဂုတ် ၂၅**

ကမ္ဘာ့ကြယ်အစုအဝေးအနီးတွင် ကမ္ဘာကြီးနှင့်တူသော နောက်ထပ်ဂြိုဟ် တစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့ ပြောခဲ့သည်။ ယင်းဂြိုဟ်သည် အလင်းနှစ်လေးနှစ်အကွာတွင်ရှိကြောင်း သိရသည်။

လန်ဒန်ကွင်းန်မေရီတက္ကသိုလ်မှနက္ခတ္တပညာရှင်တစ်ဦး ဦးဆောင်သော အဖွဲ့သည် ကြယ် အစုအဝေးကိုလေ့လာရန် ချီလီရှိ နက္ခတ်တာရာကြည့်အဆောက်အအုံကို အသုံးပြုခဲ့သည်။ ပရိုဇီမာဆန်တူရီဟုခေါ်သော ယင်းဂြိုဟ်သည်ကမ္ဘာထက် ၁ ဒသမ ၃ ဆ ပိုကြီးမားကြောင်း သိပ္ပံပညာရှင်အဖွဲ့က တွေ့ရှိခဲ့သည်။ ယင်းဂြိုဟ်မျက်နှာပြင်တွင် အရည်များ တည်ရှိနေကြောင်းသိပ္ပံပညာရှင်အဖွဲ့က ပြောခဲ့သည်။

နေအဖွဲ့အစည်းအပြင်ဘက်တွင်ဂြိုဟ်အမြောက်အမြားကို ရှာဖွေတွေ့ရှိခဲ့သော်လည်း ယခုတွေ့ရှိသည့်ကမ္ဘာ့အရွယ်လောက်ကြီးမားသော ပရိုဇီမာဆန်တူရီဂြိုဟ်ကို တွေ့ရှိမှုသည် ပထမဆုံးဖြစ်ကြောင်း သိရသည်။

(အင်န်အိတ်ချ်ကေ)

# မြောက်ကိုရီးယား၏ ဒုံးလက်နက်စမ်းသပ်ခြင်းကို လုံခြုံရေးကောင်စီအရေးယူရန် ဘုံသဘောတူညီချက်မရရှိသေး

**ဂျီနီဗာ ဩဂုတ် ၂၅**

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် မြောက်ကိုရီးယား၏ ဒုံးလက်နက်စမ်းသပ်ခြင်းကိုမည်သို့မည်ပုံ အရေးယူတုံ့ပြန်မှုများပြုလုပ်မည်ဆိုသည်ကို သဘောတူညီချက်မရရှိဘဲဖြစ်နေသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ဂျပန်၊ အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားနိုင်ငံတို့၏ မြောက်ကိုရီးယား ဒုံးကျည်စမ်းသပ်မှုကို ပြတ်ပြတ်သားသားတုံ့ပြန်ပေးရန် တောင်းဆိုမှုကြောင့် အရေးပေါ်အစည်းအဝေးတစ်ရပ်ကို ဩဂုတ် ၂၄ ရက်က ကျင်းပခဲ့ရသည်။ ယင်းတံခါးပိတ်အစည်းအဝေးကို မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်ပစ်လွှတ် စမ်းသပ်ပြီးနောက် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မြောက်ကိုရီး ယားနိုင်ငံက နောက်ဆုံးပစ်လွှတ်စမ်းသပ်သော ဒုံးကျည်သည် ကီလိုမီတာ ၅၀၀ ခန့်အထိပစ်လွှတ်လိုက်နိုင်ကြောင်း သိရသည်။ ယင်းဒုံးကျည်ကို ဂျပန်ပင်လယ်ရေပိုင်နက်ရှိဂျပန်လေကြောင်းရန် ကာကွယ်ရေးဇုန်ကို ပစ်လွှတ်လိုက်ဖွယ်ရှိကြောင်း သိရသည်။ အစည်းအဝေးပြီးနောက် လုံခြုံရေးကောင်စီဥက္ကဋ္ဌ ဒါဘိုရပ်လန်ဘင်အီဘာရာဟင်က ဒုံးကျည်ပစ်လွှတ်ခြင်းကို နိုင်ငံအများစုက ပြစ်တင် ဝေဖန်ကြကြောင်းပြောခဲ့သည်။ သို့သော်လည်း ဘုံသဘောတူညီမှုမရရှိခဲ့ကြောင်း ၎င်းကပြောကြားခဲ့သည်။

မြောက်ကိုရီးယား၏ဒုံးလက်နက်စမ်းသပ်ခြင်းကို မည်သို့မည်ပုံအရေးယူ တုံ့ပြန်မှုများ ပြုလုပ်မည်ကို လုံခြုံရေးကောင်စီအနေဖြင့် ဆက်လက်ဆွေးနွေးမည်ဖြစ်သည်။

(အင်န်အိတ်ချ်ကေ)

# အီရန်ကမ်းခြေစောင့်တပ်ဖွဲ့ရေယာဉ်များ ဟော်မုဇ်ရေလက်ကြားအနီးတွင် အမေရိကန်စစ်သင်္ဘောကို နှောင့်ယှက်

**ဝါရှင်တန် ဩဂုတ် ၂၅**

အီရန်နိုင်ငံရှိ တော်လှန်ရေးကမ်းခြေစောင့်တပ်ဖွဲ့ရေယာဉ်လေးစင်းသည် အင်္ဂါနေ့က အမေရိကန်စစ်သင်္ဘောတစ်စင်းကို ဟော်မုဇ်ရေလက်ကြားအနီးတွင် ကြားဖြတ်နှောင့်ယှက်မှုများ ပြုလုပ်ခဲ့ကြောင်း အမေရိကန် အာဏာပိုင်များက ပြောကြားခဲ့သည်။ ဆီးရီးယားပြည်တွင်းစစ်အတွင်း ပင်လယ်ကွေ့အတွင်းရှိ အီရန်တို့၏ သဘောထားနှင့်ပတ်သက်၍ အမေရိကန်က စိုးရိမ်ပူပန်နေသည့်ကြားမှ ထိုသို့ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အမည်မဖော်လိုသူ အာဏာပိုင်တစ်ဦးက အီရန်ရေယာဉ်နှစ်စင်းသည် USS Nitze ဖျက်သင်္ဘောအနီး ကိုက် ၃၀၀ အကွာသို့ မသက်မှဖွယ်ရာ ရောက်ရှိလာခဲ့သည်ဟုဆိုသည်။

အမေရိကန်ကာကွယ်ရေး အာဏာပိုင်အဖွဲ့က USS Nitze ဖျက်သင်္ဘောသည် အင်္ဂါနေ့က အနီးသို့ ရောက်ရှိလာသည့် အီရန်ရေယာဉ်များနှင့်အချက်ပြဆက်သွယ်ရန် ကြိုးစားခဲ့သည်။ သို့သော် ရေယာဉ်များက တုံ့ပြန်မှုမရှိခဲ့ပေ။ အမေရိကန်က အီရန်သင်္ဘောများဘက်သို့ အချက်ပြမီးရှူးပစ်ခတ်မှု ၁၀ ကြိမ်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အမေရိကန်နှင့် အခြားနိုင်ငံများသည် ဆီးရီးယားသမ္မတဘတ်ရှာအယ်လ်အာဆတ်အား အီရန်၏ ကျောထောက်နောက်ခံပေးမှုနှင့် ၎င်း၏ နျူကလီးယားအစီအစဉ်ကို စိုးရိမ်ပူပန်လျက်ရှိသည်။

(ရိုက်တာ)





# ကဘူးလ်ရှိအမေရိကန်တက္ကသိုလ်၌ အကြမ်းဖက်တိုက်ခိုက်ခံရ၍ ၁၂ ဦးသေဆုံး

**ကဘူးလ် ဩဂုတ် ၂၅**

ကဘူးလ်မြို့ရှိ အမေရိကန်တက္ကသိုလ်တွင် သေနတ်ပစ်ခတ်မှုနှင့် ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားကာကျောင်းသား ခုနစ်ဦး အပါအဝင်လူ ၁၂ ဦးသေဆုံးခဲ့သည့် ကြေကွဲဖွယ်ဖြစ်ရပ်ဖြစ်ပွားခဲ့ကြောင်းရဲအဖွဲ့က ကြာသပတေးနေ့အစောပိုင်းတွင် ပြောကြားခဲ့သည်။

အဆိုပါ တိုက်ခိုက်မှုသည် ဗုဒ္ဓဟူးနေ့ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲက ဖြစ်ပွားခဲ့သည်။ ဖြစ်ပွားပုံမှာစစ်သွေးကြွဟု သံသယရှိသူ နှစ်ဦးသည် နိုင်ငံခြားသားဝန်ထမ်းများနှင့် ကျောင်းသားများရှိသည့် စာသင်ဆောင်အဆောက်အအုံအတွင်း ဝင်ရောက်လာကာ သေနတ်ဖြင့် စီးနင်းတိုက်ခိုက်ခဲ့ပြီး ကားဗုံးခွဲတိုက်ခိုက်မှုကိုပါ လုပ်ဆောင်ခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ထို့နောက် အာဖဂန်အထူး ရဲတပ်ဖွဲ့အင်အားစုများ ရောက်ရှိလာခဲ့ပြီး အဆောက်အအုံကိုဝန်းရံခဲ့ကြကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ကဘူးလ်ရဲအရာရှိချုပ် အဗ္ဗဒူလ်ရာမန်ရာဟီမီက တိုက်ခိုက်မှုအတွင်းကျောင်းသား ခုနစ်ဦး၊ ရဲအဖွဲ့ဝင် သုံးဦးနှင့်လုံခြုံရေးအစောင့် နှစ်ဦးသေဆုံးခဲ့ပြီးယခုလအတွင်း ဒုတိယမြောက်တိုက်ခိုက်ခံရမှုဖြစ်ကြောင်း ပြောကြားခဲ့သည်။ သေနတ်သမားနှစ်ဦးကို အသေပစ်ခတ်ဖမ်းဆီးခဲ့ရသည်။

ထိခိုက်ဒဏ်ရာရသူများထဲတွင် နိုင်ငံခြားသားတစ်ဦးတစ်ယောက်မျှ မပါရှိကြောင်း အာဖဂန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

(ရိုက်တာ)



စေတနာကြီးဘုရားအထွတ်ပိုင်း ပြိုကျမှုအခြေအနေ



ထီးလိုမင်းလိုဘုရား ထီးတော်ပြိုကျမှုအခြေအနေ



လောကနန္ဒာစေတီတော် ထီးတော်ပန်းလည်တိုင် ယိမ်းယိုင်နေမှုကို တွေ့ရစဉ်

**ပျက်စီးသွားတဲ့ ဘုရားတွေထဲမှာ အပျက်အစီးအများဆုံးက စူဠာမဏိဘုရားဖြစ်ပါတယ်။ စူဠာမဏိက ကွမ်းတောင်ကနေ အောက်ခြေပိုင်းအထိ ပျက်စီးသွားတာတွေ့ရတယ်။ ပျက်စီးမှုအကြီးဆုံးဖြစ်တဲ့ စေတီပုထိုးဖြစ်**

❒ *ကျော်ဖုံးမှ*

ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများအား ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများ ပူးပေါင်း ဆောင်ရွက်လျက်ရှိနေပြီး အဆိုပါ လုပ်ငန်းများနှင့် ပတ်သက်ပြီး မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**ဦးစိုးတင့်**
**ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး**

ဒီနေ့မနက်အထိ စာရင်းအရတော့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှာ ဘုရားပုထိုးစေတီပေါင်း ၁၈၇ ဆူ၊ ပျက်စီးတာတွေ့ရပါတယ်။ စာသင်ကျောင်းသုံးကျောင်းနဲ့ ဘုန်းကြီးကျောင်းနှစ်ကျောင်းလည်း ထိခိုက်ပျက်စီးမှု ရှိပါတယ်။ ရှေးဟောင်းသုတေသနနဲ့ ညှိနှိုင်းပြီးတော့ ထိခိုက်ပျက်စီးမှုလည်း များတဲ့၊ အန္တရာယ်လည်းများတဲ့ စေတီပုထိုး ၃၃ ဆူကိုတော့ လုံခြုံရေးချထားပါတယ်။ ပြည်တွင်း ပြည်ပ ဘုရားဖူးဧည့်သည်တွေကိုလည်း ခေတ္တ ဝင်/ထွက် ခွင့်ကိုလည်း ပိတ်ထားပါတယ်။ ဌာနဆိုင်ရာတွေနဲ့ ယူနက်စကိုနဲ့ ပူးပေါင်းပြီးတော့ အမြန်ဆုံးစီစဉ်ပြီး ဝင်/ထွက်ခွင့် ရနိုင်အောင် ကြိုးစားဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဟာဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ အသည်းနှလုံးလည်းဖြစ်ပါတယ်။ ဘုရားဖူးဧည့်သည်တွေအနေနဲ့ အဝေးကြီးကလာရောက်ပြီးတော့မှ မဖူးရဘူးဆိုရင် စိတ်ကောင်းမှာ မဟုတ်ပါဘူး။ အဲဒါကြောင့် ဒီဘုရားစေတီ ၃၃ ဆူကို အတတ်နိုင်ဆုံး စိစစ်ပြီးတော့ ရပ်ဝေးရပ်နီးကလာတဲ့ဧည့်သည်တွေ စိတ်ချမ်းမြေ့အောင် ဆောင်ရွက်ပေးသွားမှာပါ။

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို အပိုင်း ၁၁ ပိုင်းခွဲထားပြီးတော့ ဌာနဆိုင်ရာ တာဝန်ရှိသူတွေကို အပိုင်းလိုက်တာဝန်ပေးထားပါတယ်။ အုပ်ချုပ်ရေးအဖွဲ့တွေ၊ ဂေါပကအဖွဲ့တွေ၊ မီးသတ်၊ စည်ပင်၊ ရှေးဟောင်းသုတေသန၊ ခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့ဝင်တွေနဲ့ စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ပုဂံ-ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာတွေမှာလည်း စေတီပေါင်း ၅၂ ဆူ ထိခိုက်ပျက်စီးခဲ့ပါတယ်။

**ဦးအောင်အောင်ကျော်**
**(ညွှန်ကြားရေးမှူး)**
**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)**



မြေငလျင်ကြောင့် ပျက်စီးသွားတဲ့ ဘုရားအရေအတွက်ကတော့ မနေ့ကကောက်တဲ့ စာရင်းအရ ၁၈၀ လောက်ရှိပါတယ်။ နည်းနည်းလေး ထပ်သွားတာတို့ မမြင်မိတာတို့လည်း ကျန်ရှိနေမှာပါ။ အချိန်အားဖြင့်လည်း မိုးချုပ်တဲ့အချိန်ဖြစ်တဲ့အတွက် ကျန်ရစ်ခဲ့တာတွေ၊ စာရင်းထပ်တာတွေလည်း ရှိပါတယ်။ ဒီနေ့ အကုန်လုံးကွင်းဆင်းပြီး စိစစ်နေပါတယ်။ စပိန်နိုင်ငံသူတစ်ယောက် တော့ ထိခိုက်ဒဏ်ရာရရှိသွားတယ်လို့ သတင်းရရှိပါတယ်။ ကျန်တဲ့သူတွေတော့ မကြားပါဘူး။

သဘာဝဘေးအန္တရာယ်ကျရောက်လာရင် ဘယ်လိုစီမံခန့်ခွဲရမယ်ဆိုတာကို ကြိုတင်သတ်မှတ်ထားပြီးသားပါ။ ဖြစ်ဖြစ်ချင်းမှာပဲ ဌာနက ဝန်ထမ်းတွေက စာရင်းကောက်ယူမှုတွေ အရင်ဆုံးလုပ်ဆောင်ပါတယ်။ ခရိုင်အုပ်ချုပ်ရေးမှူး အနေနဲ့ကလည်း ခရိုင်စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့ပြီးတော့ မြို့နယ်၊ ခရိုင်အဆင့်မှာရှိတဲ့ ဌာနဆိုင်ရာပေါင်းစုံကို စာရင်းကောက်ယူမှတ်တမ်းတင်ထားနိုင်ရေး ဖြစ်ဖြစ်ပြီးချင်းပဲ စီမံခန့်ခွဲရေးအဖွဲ့ခွဲပြီး လိုက်လံစာရင်းပြုစုမှတ်တမ်းတင်မှု ဆောင်ရွက်နေပါတယ်။

ပျက်စီးသွားတဲ့ ဘုရားတွေအတွက် နိုင်ငံတကာ ပညာရှင်တွေလည်း ကမ်းလှမ်းနေတာရှိပါတယ်။ ယူနက်စကိုအဖွဲ့က ပညာရှင်တွေကိုလည်း ကျွန်တော်တို့ လာဖို့ဖိတ်ခေါ်ထားပါတယ်။ ယူနက်စကို အဖွဲ့ကနေ တာဝန်ယူလုပ်ဆောင်နေတဲ့ နီပေါငလျင်လုပ်ဆောင်နေတဲ့ ယူနက်စကိုပညာရှင်တွေလည်း မကြာခင်မှာ ရောက်ရှိတော့မှာ ဖြစ်ပါတယ်။ ပြည်တွင်း ပြည်ပ ပညာရှင်တွေနဲ့ ပူးပေါင်းပြီးတော့ ကျွန်တော်တို့ အမှားအယွင်းနည်းအောင်နဲ့ ပိုမိုခိုင်ခံ့အောင်လုပ်ဖို့ စီမံခန့်ခွဲပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပျက်စီးသွားတဲ့ ဘုရားတွေထဲမှာ အပျက်အစီး အများဆုံးက စူဠာမဏိဘုရားဖြစ်ပါတယ်။ စူဠာမဏိက ကွမ်းတောင်ကနေအောက်ခြေပိုင်းအထိ ပျက်စီးသွားတာတွေ့ရတယ်။ ပျက်စီးမှုအကြီးဆုံးဖြစ်တဲ့ စေတီပုထိုးဖြစ်ပါတယ်။

မနေ့က ည ၉ နာရီအထိ ကောက်ယူရရှိတဲ့ ပျက်စီးမှုဘုရားစာရင်းကတော့ ၁၈၀ ကျော်ရှိပါတယ်။ ညပိုင်းမိုးချုပ်အောင်အထိ ကောက်တော့ လွဲမှားသွားနိုင်တာလေး ရှိနိုင်ပါတယ်။ နေရာအနှံ့အပြားမှာ စာရင်းလိုက်ကောက်နေရတော့ နေရာကကျယ်ပြန့်နိုင်ပါတယ်။ နေရာကျယ်ပြန့်တော့ စာရင်းအတိအကျကို မသိရှိသေးနိုင်ပါဘူး။ လောလောဆယ်မှာတော့ ကျွန်တော်တို့ ညောင်ဦးခရိုင်အတွင်းမှာရှိတဲ့ ဌာနဆိုင်ရာအားလုံးကို စုဖွဲ့ပြီး အဖွဲ့ပေါင်း ၁၁ ဖွဲ့ခွဲပြီး စာရင်းလိုက်ကောက်ပါတယ်။ ခရိုင်စီမံခန့်ခွဲရေးကော်မတီက စီမံဆောင်ရွက်တဲ့အပိုင်းဖြစ်ပါတယ်။

နောက်ကျွန်တော်တို့ ရှေးဟောင်းသုတေသနအနေနဲ့ အဖွဲ့ ငါးဖွဲ့ခွဲပြီးတော့ ကနဦးရရှိထားတဲ့စာရင်းတွေကို အသေးစိတ်ရှင်းပြီး မှတ်တမ်းတင်မှုတွေ ဆောင်ရွက်နေပါတယ်။ အင်ဂျင်နီယာအဖွဲ့တွေကလည်း အဲ့ဒီအပျက်အစီးတွေကို လိုက်ပြီးတော့ စိစစ်နေပါတယ်။ ဒီလို ငလျင်ကြီးတွေလှုပ်ပြီး ငလျင်ငယ်တွေ နောက်ထပ်ဖြစ်လာတတ်တဲ့ သဘာဝလည်း ရှိပါတယ်။ အများဆုံးဖြစ်တာက လိုဏ်ဘုရားတွေဖြစ်တာပါ။ ပျက်စီးမှုနည်းတယ်ဆိုပေမယ့်လည်း ကြွခိုင်မှုအပိုင်းမှာတော့ အားနည်းသွားမှာပါ။ ခရီးသွားပြည်သူတွေ ဝင်ရောက်လာတဲ့အချိန်မျိုးမှာ နောက်ဆက်တွဲ ငလျင်ငယ်လေးတွေ လှုပ်တာမျိုးတွေ ဖြစ်မှာစိုးရိမ်ရပါတယ်။ ဒါ့ကြောင့် အန္တရာယ်ရှိတဲ့ ဘုရားစေတီမှာဆိုရင် ရဲတပ်ဖွဲ့တွေ၊ လုံခြုံရေးတွေ တာဝန်ယူထားပြီး အလွယ်တကူ မဝင်ရောက်ဖို့ မေတ္တာရပ်ခံပြီးတော့ ဆောင်ရွက်ထားပါတယ်။ အထူးသဖြင့် စွယ်တော်လေးဆူမှာ တန့်ကြည်တောင်နဲ့ တူရင်းတောင်ဘုရားမှာ ပျက်စီးမှု မရှိဘူးလို့ ကျွန်တော်တို့ သိရပါတယ်။ အဆောက်အအုံလေးတွေမှအပ တခြားတော့ ထိခိုက်မှုမရှိဘူးလို့ သိရပါတယ်။

ယဉ်ကျေးမှုအမွေအနှစ်ဆိုတာက မြန်မာနိုင်ငံသူ နိုင်ငံသားတွေရဲ့အသည်းနှလုံးပါ။ အသည်းနှလုံးကို ထိခိုက်ခံရတာမျိုးဖြစ်တာ အားလုံးယူကျုံးမရ ဝမ်းနည်းပက်လက်ဖြစ်ခဲ့ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ နိုင်ငံအတွက် အဖိုးမဖြတ်နိုင်တဲ့ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းတွေပါ။

**ဦးမျိုးညွန့် (ညွှန်ကြားရေးမှူး-ငြိမ်း)**
**ဒေသခံတစ်ဦး**



ကျွန်တော်က ပုဂံသားပါ။ ဘုရားတွေကို ပြင်ခဲ့တဲ့ အင်ဂျင်နီယာတစ်ဦးပါ။ ၁၉၇၅ ခုနှစ်က ငလျင်ကြီးလှုပ်တဲ့ အချိန်မှာ ကျွန်တော်က ကျောင်းပြီးခါစ။ ဘောလုံးကွင်းထဲမှာ ဘောလုံးကန်နေတာ။ မြေကြီးက လိမ့်လိမ့်ပြီးတော့ တက်လာတာ။ ၁၉၇၅ ခုနှစ်က လှုပ်တဲ့ငလျင်နဲ့ မနေ့က လှုပ်တဲ့ငလျင်က ပြင်းအား ၆ ဒသမ ၈ အဆင့်ချင်းတူတယ်။ အခု ငလျင်က နည်းနည်းပိုပြင်းပြီး လှုပ်ချိန်ကတာတိုတယ်။ ယခင် ငလျင်လှုပ်တုန်းက နည်းနည်းတာရှည်တယ်။ ငလျင်လည်း လှုပ်ပြီးရော ပုဂံဘုရားတွေပြိုကျတာ အကုန်မြင်ရတယ်။

အာနန္ဒာ၊ ရွှေဂူကြီး ရဲနေတာပဲ။ အဲ့အချိန်မှာ ပုဂံသူ ပုဂံသားတွေ ဘုရားတွေကိုလုံခြုံရေးယူပြီးတော့ ကာကွယ်စောင့်ရှောက်ကြတယ်။ ငလျင်က တော်တော်ပြင်းတော့ ဘုရားတွေတော့ ပျက်ပြီ၊ ပြိုကျပြီလို့ဆိုပြီးတော့ လိုက်ကြည့်လိုက်တော့ အဆိုးဆုံးက စူဠာမဏိကို တွေ့ရှိရတယ်။ စူဠာမဏိက ပြိုကျတာ တော်တော်ဆိုးတော့ အချိန်ယူပြီး ပြင်ဆင်ရဦးမှာပါ။ အချိန်ယူပြီးတော့ ပြင်မယ်ဆိုရင် ကျွန်တော်တို့ ပုဂံရဲ့ ရှေးဟောင်းလက်ရာတွေ ပြန်ပေါ်လာမှာပါ။ အားလုံးလည်း စိုးရိမ်သောက မရောက်စေချင်ဘူး။ ကျွန်တော်တို့ အတတ်ပညာတွေနဲ့ အချိန်ပေးပြီးတော့ ငွေကြေးရှိဖို့သာ လိုတာပါ။ အဲ့ထဲမှာ ပညာရှင်တွေ ပေါင်းစည်းပြီးတော့ လုပ်စေချင်ပါတယ်။ ၁၉၇၅ ခုနှစ်က ပုဂံဘုရားပြင်ဆင်ခြင်းအထူးဖွဲ့က လုပ်ပေးတယ်။ အဲဒီငလျင်လှုပ်တုန်းက ပြင်ဆင်တဲ့ အပိုင်းတွေ အတော်ကောင်းကောင်း ကျန်ခဲ့တယ်။ အခုပျက်စီးသွားတဲ့ ဘုရားတွေကိုလည်း စနစ်တကျလေးပြန်ပြင်မယ်ဆိုရင် ပုဂံခေတ်ဗိသုကာကို ပြန်ရမှာပါ။ အဆိုးထဲက အကောင်းကို ပြန်ပြောရရင် ပုဂံခေတ် ဗိသုကာလက်ရာတွေ ကျန်တယ်။

**ဒေါ်ခင်စောဝင်း**
**ပုဂံဒေသခံတစ်ဦး**

ငလျင်လှုပ်တဲ့အချိန်မှာ စူဠာမဏိဘုရားမှာ ကျွန်မက ဈေးရောင်းရင်းနဲ့ ရှိတယ်။ ငလျင်လှုပ်လိုက်တော့ အုတ်ခဲတွေက ဘေးကိုလွင့်စဉ်ကုန်တာ မြင်ရတယ်။ ငှက်ကလေးကလည်း လန့်ပြီး ပျံပြေးလာကြတယ်။ ကျွန်မကလည်း အံ့သြပြီး ကြည့်မိတဲ့အချိန်မှာ ဘုရားကြီးက ပြိုကျနေတယ်။ အဲဒီလိုဖြစ်တဲ့ အချိန် ကျွန်မဆိုင်ရှေ့မှာ နိုင်ငံခြားသားတွေရော ပြည်တွင်းဘုရားဖူးတွေပါ ရှိတယ်။ အတွင်းထဲမှာလည်း လူတွေရှိတော့ ပိမိမှာကို စိုးရိမ်သလိုဖြစ်သွားတယ်။ အခုလို ဘုရားကြီးပြိုကျတော့ အတော်လေးကို စိတ်မကောင်းဖြစ်မိတယ်။ ဒီ ဘုရားမှာ ဈေးရောင်းတာ အနှစ် ၂၀ ကျော်ရှိသွားပြီ။ ဒီလိုမျိုး တစ်ခါမှ မကြုံဖူးဘူး။



စေတီပုထိုးများ ပြိုကျပျက်စီးခဲ့သည်မှာ ယခုတစ်ကြိမ်နှင့်ဆိုလျှင် သုံးကြိမ်ရှိပြီဖြစ်သည့်အတွက် ယခုတစ်ခါ ပြင်ဆင်ရာတွင် ငလျင်ဒဏ်ခံနိုင်အောင် ပြုပြင်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။



## မြန်မာသတင်းမီဒီယာကောင်စီဝင်များ ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၅**

မြန်မာသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်း ခေါင်းဆောင်သောအဖွဲ့သည် ထိုင်းနိုင်ငံသတင်းမီဒီယာကောင်စီ၏ ဖိတ်ကြားချက်အရ နှစ်နိုင်ငံချစ်ကြည်ရေးနှင့်သတင်းမီဒီယာအမြင်ချင်းဖလှယ်ရန် ဩဂုတ် ၂၅ ရက် နံနက် ၈ နာရီခွဲတွင် Air Asia လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာသွားသည်။

အဆိုပါအဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ဦးဟန်ညွန့်(ဥပဒေ)၊ ဦးတင်မောင်အေး၊ ဒေါက်တာမောင်မောင်စံနှင့် ဒေါက်တာတင်ထွန်းတို့ လိုက်ပါသွားသည်။

ယင်းအဖွဲ့သည် ဩဂုတ် ၂၅ ရက်မှ ၂၈ ရက်အထိ နှစ်နိုင်ငံသတင်းမီဒီယာကိစ္စများ၊ စာနယ်ဇင်းဆိုင်ရာပူးပေါင်း ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးကြမည်ဖြစ်သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဥက္ကဋ္ဌ ဦးခင်မောင်လေး(ဖိုးသောကြာ)နှင့်အဖွဲ့က လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

**(မြန်မာ့အလင်း)**

# ကျန်းမာရေးဝန်ကြီးဌာနအလုပ်ရုံဆွေးနွေးပွဲများတွင် ဖဲကြိုးပြာလှုပ်ရှားမှု ဗဟိုကော်မတီကိုယ်စားလှယ်များ ဝန်ထမ်းအနေဖြင့်ပါဝင်ခွင့်ရရန် သဘောတူညီ

**နေပြည်တော် ဩဂုတ် ၂၅**

ဖဲကြိုးပြာလှုပ်ရှားမှု ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း (အမြဲတမ်းအတွင်းဝန်)နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ ပါဝင်သောအဖွဲ့တို့သည် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ဖဲကြိုးပြာလှုပ်ရှားမှုဗဟိုကော်မတီက တင်ပြသည့် ရာထူးအခွင့်အလမ်းကိစ္စ၊ အပြောင်းအရွှေ့မူဝါဒကိစ္စ၊ ပညာရေးအခွင့်အလမ်းကိစ္စ၊ အမည်နာမအခေါ်အဝေါ်ကိစ္စ၊ ဥပဒေကြောင်းအရ အကာအကွယ်ရရှိရေးကိစ္စများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးမှူးများအား ညွှန်မှူးရာထူးအထိ လုပ်သက်ပညာအရည်အချင်းအလိုက် တိုးမြှင့်ခန့်ထားပေးရန် စီစဉ်ထားရှိပြီးဖြစ်ကြောင်း၊ ကျန်းမာရေးမှူးများအား အပြောင်းအရွှေ့မူဝါဒများရေးဆွဲရာတွင် ကိုယ်တိုင်ပါဝင်ဆွေးနွေးဆုံးဖြတ်နိုင်သည်အထိ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ Master of Public Health (MPH)ဘွဲ့လွန်သင်တန်းများတွင် အရေအတွက်ကန့်သတ်မှုမရှိ၊ အရည်အချင်းအလိုက် တက်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ Master of Public Health (MPH)နှင့် Master of Community Health(M.Comm.H) ဘွဲ့ရများကို တန်းတူအခွင့်အရေးပေးသွားမည်ဖြစ်ပါကြောင်း။

ပြည်တွင်း ပြည်ပ အလုပ်ရုံဆွေးနွေးပွဲများနှင့် စဉ်ဆက်မပြတ် ပြည်သူ့ကျန်းမာရေး၊ ပညာပေးအစီအစဉ်များတွင် အခြေခံကျန်းမာရေးဝန်ထမ်းများအား ပူးပေါင်းပါဝင် တက်ရောက်ဆွေးနွေးခွင့်ပြုသွားမည်ဖြစ်ပါကြောင်း၊ အခြေခံကျန်းမာရေးဝန်ထမ်းများတွင်သာမက လက်ရှိကျန်းမာရေးဝန်ကြီးဌာနတစ်ခုလုံးတွင် အမည်အခေါ်အဝေါ်အလွဲများစွာရှိနေသဖြင့် အတည့်မတ်ဆုံးပြန်လည်ပြုပြင်ရန် ပြင်ဆင်မှုများရှိနေပြီးဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများအား ကျန်းမာရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဝန်ကြီးဌာနအနေဖြင့် လက်ရှိတွင် အကာအကွယ်ပေးထားပါကြောင်း၊ ကျန်းမာရေးမှူးကောင်စီဥပဒေအား အမြန်ဆုံးအကောင်အထည်ဖော်နေပြီဖြစ်၍ နှစ်လခန့်အတွင်း အပြီးသတ်အတည်ပြု ထုတ်ပြန်နိုင်မည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးတက္ကသိုလ်ကျောင်းသားများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်၍ ပထမအသုတ် ၃၀၀၊ ဒုတိယအသုတ်အနေဖြင့် ၄၀၀ ခန့်ထားရန်စီစဉ်ထားပြီးဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့အပြင် ရာထူးအခွင့်အလမ်းကိစ္စ၊ အပြောင်းအရွှေ့မူဝါဒကိစ္စ၊ ပညာရေးအခွင့်အလမ်းကိစ္စ၊ အမည်နာမအခေါ်အဝေါ်ကိစ္စနှင့်ဥပဒေကြောင်းအရ အကာအကွယ်ရရှိရေးကိစ္စများအားလုံးအတွက် ကျန်းမာရေးဝန်ကြီးဌာနတွင် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပသည့်အခါတိုင်း ဖဲကြိုးပြာလှုပ်ရှားမှု ဗဟိုကော်မတီကိုယ်စားလှယ်များ ဝန်ထမ်းအနေဖြင့် ပါဝင်ခွင့်ရရှိရန်ပြည်ထောင်စုဝန်ကြီးနှင့် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

■

# ချန်ပီယံလိဂ်အုပ်စုမဲခွဲ ဘာစီလိုနာနှင့် မန်စီးတီး ရီးရဲနှင့် ဒေါ့မွန်တို့ အုပ်စုတွင်းတွေ့ဆုံ

**ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၃၂ သင်း အုပ်စုမဲခွဲပွဲကို ဩဂုတ် ၂၅ ရက် ညပိုင်းက ပြင်သစ်နိုင်ငံ မိုနာကိုမြို့တွင် ကျင်းပခဲ့သည်။**

အုပ်စု(က)တွင် ပီအက်စ်ဂျီ၊ အာဆင်နယ်၊ ဘေဆယ်နှင့် လူဒိုဂိုရက်စ်တို့ပါဝင်သည်။

အုပ်စု(ခ)၌ ဘင်ဖီကာ၊ နာပိုလီ၊ ဒိုင်နမိုကိဗ်နှင့် ဘက်ဆစ်တပ်စ်တို့ ပါဝင်သည်။

အုပ်စု(ဂ)တွင် ဘာစီလိုနာ၊ မန်စီးတီး၊ မိုချန်ဂလာဘတ်နှင့် ဆဲလ်တစ်တို့ ပါဝင်သည်။

အုပ်စု(ဃ)၌ ဘိုင်ယန်မြူးနစ်၊ အက်သလက်တီကို၊ ပီအက်စ်ဗွီနှင့် ရော့စ်တော့ဗ်တို့ ပါဝင်သည်။

အုပ်စု(င)တွင် CSKA မော်စကို၊ လေဗာကူဆင်၊ စပါးနှင့် မိုနာကိုတို့ ပါဝင်သည်။

အုပ်စု(စ)၌ လက်ရှိချန်ပီယံ ရီးရဲမက်ဒရစ်၊ ဒေါ့မွန်၊ စပို့တင်းစီပီနှင့် လီဂီယာတို့ ပါဝင်သည်။

အုပ်စု(ဆ)တွင် လက်စတာ၊ ပေါ်တို၊ ကလပ်ဘရုဂေးနှင့် ကိုပင်ဟေဂင်တို့ ပါဝင်သည်။အုပ်စု(ဇ)၌ ဂျူဗင်တပ်စ်၊ ဆီဗီလာ၊ လိုင်ယွန်နှင့် ဒိုင်နမိုဇာဂရက်တို့ ပါဝင်သည်။

**သီဟ**

# စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသောအစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ်စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့် ထုတ်လုပ်သောအစားအသောက်များ၌ အဏုဇီဝသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိခြင်း၊ ခွင့်မပြုဆိုးဆေးများပါဝင်ခြင်းတို့ကြောင့် စားသုံးရန်မသင့်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင်သုံးစွဲရန် ခွင့်မပြုသော ဆိုးဆေးများကို လုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၂၈(က)အရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

**အမှတ်တံဆိပ်နှင့် အစားအသောက်အမျိုးအစားများ**

| စဉ် | အစားအသောက်အမည် | အမှတ်တံဆိပ် | တွေ့ရှိချက် |
|---|---|---|---|
| ၁ ။ | Jelly (ပန်းရောင်) | ရွှေမင်း | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၂ ။ | ကြက်သွန်မုန့်ခြောက် | လင်းစန္ဒာ | Orange II (ခွင့်မပြုဆိုးဆေး) |
| ၃ ။ | ပဲကြီးလှော် | ကောင်းလွန်း | Auramine O (ခွင့်မပြုဆိုးဆေး) |
| ၄ ။ | ငရုတ်ဆီ | သိန်းပျံ | Orange II (ခွင့်မပြုဆိုးဆေး) |
| ၅ ။ | ရှာလကာရည် | နဂါး | Orange II (ခွင့်မပြုဆိုးဆေး) |
| ၆ ။ | ငရုတ်သီးမှုန့် | မြရတီ | (အဏုဇီဝသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိပါ။) Sudan III (ခွင့်မပြုဆိုးဆေး) |
| ၇ ။ | ရောင်စုံဝေဖာလုံး | တရုတ်စာတန်း | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၈ ။ | ငရုတ်သီးအရောင်တင်မှုန့် | ဟိန်း | အဏုဇီဝသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိပါ Sudan III (ခွင့်မပြုဆိုးဆေး) |
| ၉ ။ | ပုဇွန်ငါးပိ | ရွှေပုဇွန် | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၁၀ ။ | ငရုတ်သီးအရောင်တင်မှုန့် | ပစ်တိုင်းထောင် | Rhodamine B, Sudan III(ခွင့်မပြုဆိုးဆေး) |
| ၁၁ ။ | အရောင်တင်မှုန့် | ရွှေသာစည် | Sudan III (ခွင့်မပြုဆိုးဆေး) |
| ၁၂ ။ | အရောင်တင်မှုန့် | ရွှေပင်ဆင့် | Sudan III (ခွင့်မပြုဆိုးဆေး) |
| ၁၃ ။ | ငရုတ်ဆီ | ဟိုင်းမင်း | Orange II (ခွင့်မပြုဆိုးဆေး) |
| ၁၄ ။ | ငရုတ်ဆီအစပ် | သိန်းမင်း | Orange II (ခွင့်မပြုဆိုးဆေး) |
| ၁၅ ။ | ငရုတ်ဆီ | ငွေကျေးမင်း | အဏုဇီဝသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိပါ |
| ၁၆ ။ | ငရုတ်သီးအစိမ်းမှုန့် | ညိုညို | အဏုဇီဝသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိပါ |

*(ဆက်လက်ဖော်ပြပါမည်)*


ရွှေမင်းအမှတ်တံဆိပ် Jelly(ပန်းရောင်)



မြရတီအမှတ်တံဆိပ်ငရုတ်သီးမှုန့်



ရွှေပုဇွန်အမှတ်တံဆိပ် ပုဇွန်ငါးပိ

Organized by M.P.S
Co-Organized by Ministry of Industry
International Technology & Industry Show Nay Pyi Taw 2016
နိုင်ငံတကာနည်းပညာပြပွဲကြီး
Main Sponsor
Platinum Sponsor
Co Sponsor
Date : Sep 7th to 10th, 2016 Place : MICC II (Nay Pyi Taw) Time : 9:00 AM to 7:00 PM
ပြခန်းစုံစမ်းရန် - 09-43096666,09-5102206, 09-250527722, 01-513903 / email : mpsexhibition@gmail.com, zarnimgmg@gmail.com /Website: www.mpsexhibitions.com

**ဖခင်အမည်မှန်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မြတ်ရတနာ ကိုယ်ပိုင်အထက်တန်းကျောင်း၊ ၂၀၁၆-၁၇ ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းမှ မောင်ဇော်ထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်းဝင်း ၉/မနမ(နိုင်)၁၀၁၃၃၈ ဖြစ်ပါကြောင်း။

**ဦးသန်းထွန်းဝင်း**

**ကန့်ကွက်နိုင်ပါသည်**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ညောင်လေးပင်မြို့၊ မြို့မ(၃)ရပ်ကွက်၊ ဈေးအရှေ့လမ်းနေ ဦးဝင်းမြင့်သိန်း-ဒေါ်သင်းသင်းအေးတို့က ညောင်လေးပင်မြို့၊ မြို့မ(၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(ရပ်-၉) ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ် ၃၃၊ မြေကွက်အမှတ် ၁၁၇၊ မြေချိန်ဧရိယာ ၀ ဒသမ ၈၀၆၉ဧကခန့်ရှိသောမြေကို အမည်ပြောင်းမြေငှားဂရန်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကာယကံရှင် ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညောင်လေးပင်မြို့**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3J/1857 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်)**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**အထူးကုဆေးရုံကြီး (မင်္ဂလာဒုံ)**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကုသရေးဦးစီးဌာန အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)တွင် တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအတွက် အသုံးပြုရန်လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးဝါးများ၊ ဓာတ်မှန်ဖလင်၊ ဆေးရည်များနှင့် ဆေးရုံသုံးပစ္စည်းများကို မြန်မာ ကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် (ဒုတိယအကြိမ်) ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံရောင်းချမည့်ရက်** -၂၆-၈-၂၀၁၆ရက် (သောကြာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** -၂၆-၉-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ အထူးကုဆေးရုံကြီး (မင်္ဂလာဒုံ)တွင် ရုံးချိန်အတွင်းလာရောက် စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အထူးကုဆေးရုံကြီး (မင်္ဂလာဒုံ)**
**ရန်ကုန်-ပြည်လမ်း၊ ကျိုက္ကလို့ ဘုရားအနီး၊ မင်္ဂလာဒုံမြို့နယ်**
**ဖုန်း-၀၁-၆၃၅၂၉၉၊ ၆၃၇၅၄၁**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ကျိုက်လတ်မြို့နယ်၊ ကြံခင်းပန်းဘဲစု ကျေးရွာနေ ဦးသိန်းအောင်၏သားအထက (ပေချောင်)၊ တက္ကသိုလ်ဝင်တန်းမှ မသန္တာလင်း၏ ဖခင် ဦးဟန်မြင့်နှင့် ဦးကျော်ဟန်ထွန်း ၁၄/ကလန(နိုင်)၀၇၃၃၄၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဟန်မြင့်(ခ)ဦးကျော်ဟန်ထွန်း**

**သစ်တောဦးစီးဌာန၊ လပွတ္တာမြို့နယ်ရှိ ပုစံ(၈)ဝင် ပန်းစုံထင်း ၁၇ဒသမ ၅၄၂၈ တန်တို့အား ရောင်းချရန် လေလံကြော်ငြာခြင်း**

၁။ ဧရာဝတီတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊ မြောင်းမြခရိုင်၊ လပွတ္တာမြို့နယ်မှ ပန်းစုံထင်း ၁၇ဒသမ ၅၄၂၈ တန်တို့အား ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ လပွတ္တာမြို့၌ ၁-၉-၂၀၁၆ရက် နံနက် ၁၀နာရီတွင် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့်လေလံရောင်းချမည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။ အထက်ပါလေလံတင်ရောင်းချမည့် ပုံစံ(၈)ဝင် ပန်းစုံထင်း ၁၇ဒသမ ၅၄၂၈တန်တို့အား တိုင်းကျော်သယ်ယူခွင့်မပြုပါ။

၂။ လေလံလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ လပွတ္တာမြို့နယ်၊ ဦးစီးအရာရှိရုံး၌ ကြော်ငြာပါသည့်ရက်မှစ၍ ၃၁-၈-၂၀၁၆ရက်အထိ ရုံးချိန်အတွင်း နောက်ဆုံးထားဝယ်ယူလျှောက်ထားနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၄၂-၈၀၁၂၂၊ ၀၉-၇၉၄၅၅၄၁၅၈၊ ၀၉-၇၈၀၀၂၄၇၀၁၊ ၀၉-၄၂၂၅၅၄၂၂၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီအဖွဲ့**

**မွေးသက္ကရာဇ်အမှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ နန့်မားကျေးရွာအုပ်စု၊ နန့်အောကျေးရွာနေ ဦးထွေးအေး၏သား မောင်သိန်းဇော်ဦး ၅/ဗမန(နိုင်)၀၇၃၆၆၂၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၅-၂၀၀၁ ဖြစ်ပါကြောင်း။ **သိန်းဇော်ဦး**

**ပျောက်ဆုံးကြောင်း**

ဦးဝင်းထွန်း (၁၄/ဟသတ(နိုင်)၂၅၉၆၅၀) ၏ နိုင်ငံကူးလက်မှတ်အမှတ် (A-698653) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၂၅၂၃၀၃၉၁၇

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (S.308) မြေကွက်အားအမည်ပေါက် ဦးစိုးမင်းလတ်(ဘ) ဦးတင်မောင်လတ် ၁၀/မလမ(နိုင်) ၀၀၂၂၇၆က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၂၂ Z/၂၊ မြေကွက်အမှတ် -V Class ၁၃၀/၁၃၀ အေ၊ မြေကွက်တည်နေရာအမှတ် ၇၇၄၊ မဟာဗန္ဓုလလမ်း၊ (၆)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ဦးထွန်းရင်နှင့် မမကြည် အမည်ပေါက် နှစ် (၆၀)ဂရန် (သက်ကုန်)မြေအား အမည်ပေါက်နှစ်ဦးမှ တစ်ဦးဖြစ်သော ဦးထွန်းရင် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဒေါ်မမကြည် ၁၂/ကမရ(နိုင်)၀၁၄၁၇၁ ကိုယ် စား ၄င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာ (GP) (၆၆၉၂/၂၀၁၆)ရရှိကြသော ဒေါ်မြင့်သီတာ ၁၂/လမတ(နိုင်) ၀၀၄၁၁၉နှင့် ဒေါ်ခင်ဝါဝါမြင့် ၁၂/မဂတ(နိုင်) ၀၄၆၈၈၃တို့က ဒေါ်မမကြည်သည် ဦးထွန်းရင်၏ တရားဝင်ဇနီးဖြစ်သဖြင့် ဦးထွန်းရင်၏ ပိုင်ဆိုင်ခွင့်အစုကို တရားဝင်အမွေဆက်ခံခွင့်ရှိကြောင်း ကျမ်းကျိန်လွှာ၊ ဦးထွန်းရင်၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ဖော်ပြပါမြေ၏ ဂရန်မူရင်းတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ငွေကျပ် သိန်း ၉၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားရိုက်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



**နေပြည်တော် ဩဂုတ် ၂၅**

နယ်မြေခံတပ်မတော်သားများ၊ မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များနှင့် တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၄ ရက်က တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု ဝမ်ကျောက်လုံကျေးရွာနေ စိုင်းဝမ်း၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ အိုက်တီ၊ အိုက်မွန်းတို့သုံးဦးအားတွေ့ရှိရပြီး နေအိမ်ခြံဝင်းအတွင်း မြေအောက်ခန်းမှ စိတ်ကြွရူးသွပ်ဆေးပြားရိုက်စက်တစ်လုံး(ယင်းဒေသတန်ဖိုးငွေကျပ် ၁၀၂ သိန်း)၊ စိတ်ကြွရူးသွပ်ဆေးပြားရိုက်စက် အဟောင်း (အသုံးမပြု) တစ်လုံး၊ WY စာတန်းပါမှိုခုနစ်ခုနှင့် စာတန်းမပါ မှို ခုနစ်ခု၊ အထိုင်ခွက် နှစ်ခု၊ သံထည်နှစ်ခု၊ စိတ်ကြွဆေးမှုန့်မွှေစက်တစ်လုံး (ယင်းဒေသ တန်ဖိုးငွေကျပ် နှစ်သိန်း)၊ အိုက်စ် ၇ ဒသမ ၆ ကီလို (ယင်းဒေသတန်ဖိုးငွေကျပ် သိန်း ၁၉၀၀)၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၂၉၀ ပြား (ယင်းဒေသတန်ဖိုးငွေကျပ် ၉၆၄ ဒသမ ၃၅ သိန်း)၊ စိတ်ကြွရူးသွပ်ဆေးအကြေမှုန့် ၄၀ ဒသမ ၇၅ ကီလို (ယင်းဒေသတန်ဖိုးငွေကျပ် ၆၁၁၂ ဒသမ ၅ သိန်း)၊ ကဖင်း ၆၈ ကီလို (ယင်းဒေသတန်ဖိုးငွေကျပ် ၅ ဒသမ ၄ သိန်း)၊ တူမီးသေနတ်တစ်လက်၊လုပ်သေနတ်တစ်လက်တို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သိန်းနီမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး၌ မူဆယ်- မန္တလေး GI Group ခရီးသည်တင် မှန်လုံယာဉ်ကိုရှာဖွေရာ ခရီးသည် သန်းမောင်ထိုင်နှင့် ဖြူသီးတို့ထံမှ မြန်မာငွေကျပ် ၁၀ သိန်းနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ တို့ကို လည်းကောင်း၊ ထို့အတူ မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် လားရှိုး-တန့်ယန်းကားလမ်းပေါ်၌ တင်အုန်းမောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၊ TAI BO 2016 စာတန်းပါ 9 MM B2 ပစ္စတိုသေနတ်တစ်လက်၊ 9 MM ကျည် ခြောက်တောင့်ပါ ကျည်အိမ်တစ်ခု၊ ၅ ဒသမ ၅၆ ကျည်သုံးတောင့်၊ ပွိုင့်-၂၂ ကျည် ငါးတောင့်တို့ကို လည်းကောင်း၊ ဩဂုတ် ၂၃ ရက်က မူးယစ်တပ်ဖွဲ့စု(၄၀) ရန်ကုန်မြောက်ပိုင်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ဘုရင့်နောင်ပွဲရုံဝင်း နွယ်သာကီလမ်းနှင့် ယင်းမာပင်လမ်းထောင့်၌ တွေ့ရှိသူ မတင်တင်နွဲ့အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ကို လည်းကောင်း သိမ်းဆည်းရရှိ၍ ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## ပင်လုံမြို့နယ်၌ ငွေကျပ်သိန်း ၅၀၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၅** မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၅ ရက်က ပင်လုံ-လဲချားသွားကားလမ်း၊ ၁၀ မိုင်ကုန်းတွင် ပင်လုံမြို့ဘက်မှ လဲချားမြို့ဘက်သို့ စိုင်းအောင်ခေး မောင်းနှင်ပြီး စိုင်းကွမ်းခမ်းလိုက်ပါလာသော ၁၈/---- သဲကျောက်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးစဉ် စိုင်းအောင်ခေးက ၎င်းခါးကြားရှိ ပစ္စတိုသေနတ်ကို ဆွဲထုတ်သဖြင့် ပူးပေါင်းအဖွဲ့ကထိန်းသိမ်း၍ရှာဖွေရာ 9MM ပစ္စတိုသေနတ်တစ်လက်၊ ကျည်ကတ်တစ်ခုနှင့် ၎င်းကျည် သုံးတောင့်၊ ကျည်ကတ်ထည့်သည့် အကန့်ငယ်အတွင်း တစ်ရှူးစဖြင့်ထုပ်လျက် စိတ်ကြွရူးသွပ်ဆေးပြား ကိုးပြား၊ မော်တော်ယာဉ် ဆီတိုင်ကီအံ့ဝှက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀၉ ပြား(ကာလတန်ဖိုးငွေကျပ် ၅၀၀၀ ဒသမ ၀၉ သိန်း) ကို သိမ်းဆည်းရမိသဖြင့် စိုင်းအောင်ခေး( ၃၁ နှစ်) နှင့် စိုင်းကွမ်းခမ်း (၁၉ နှစ်)တို့နှစ်ဦးကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# အရှိန်လွန်ယာဉ် လမ်းဘေးထိုးကျတိမ်းမှောက် ယာဉ်ပေါ်ပါသူ ငါးဦးသေဆုံး

**ဖြူး ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကညွတ်ကွင်းရဲစခန်းနယ်မြေ တောင်ဂုံးတဲကျေးရွာအနီး ရန်ကုန်-မန္တလေး လမ်းဟောင်း မိုင်တိုင်အမှတ် ၁၂၉/၇ နှင့် ၁၃၀ / ၁ အကြားတွင် ဩဂုတ် ၂၅ ရက် ညနေ ၄ နာရီခွဲက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားသဖြင့် ယာဉ်ပေါ်ပါသူ လေးဦးမှာ နေရာ၌ ပွဲချင်းပြီးသေဆုံးခဲ့ပြီး ဒဏ်ရာပြင်းထန်စွာရရှိသူ တစ်ဦးမှာ ကညွတ်ကွင်းမြို့ ဆေးရုံ၌ ထပ်မံသေဆုံးသွားခဲ့သည်။

ဖြစ်စဉ်မှာ မန္တလေးမှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဝင်းလွင်ဦး (၃၅ နှစ်)၊ ရွှေပြည်အေးရပ်ကွက် အောင်မြင်မြို့နေသူမောင်းနှင်သော 3D/---- ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏အရှေ့ဘက်သို့ တိမ်းမှောက်သွားခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါသူ ကိုဟိန်းစိုး (၃၃ နှစ်)၊ မသိမ့်သိမ့်သူ (၃၂ နှစ်)၊ မောင်ကောင်းပိုင် (၁ နှစ်)၊ ယာဉ်မောင်း ဝင်းလွင်ဦးအပါအဝင် လေးဦးတို့မှာ နေရာ၌ ပွဲချင်းပြီးသေဆုံးခဲ့ကာ ဦးမြဝင်း (၅၀ နှစ်)၊ တောင်ပိုင်းရပ် ကညွတ်ကွင်းမြို့ ဖြူးမြို့နယ်နေသူမှာ ကညွတ်ကွင်းဆေးရုံ၌ ထပ်မံသေဆုံးသွားသည်။ မမေမြတ်နိုး(၆ နှစ်) မှာ ဒဏ်ရာပြင်းထန် (စိုးရိမ်ရ)သဖြင့် ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ထားပြီး ယာဉ်တိမ်းမှောက်မှုကို ကညွတ်ကွင်းရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

# မင်္ဂလာတောင်ညွန့်မြို့နယ်၌ ရထားတိုက်၍ လူသုံးဦးသေဆုံး

**ရန်ကုန် ဩဂုတ် ၂၅**

မင်္ဂလာတောင်ညွန့်မြို့နယ် မလ္လကုန်းရပ်ကွက် မလ္လကုန်းဘူတာနှင့် ပုဇွန်တောင်ဘူတာကြား မိုင်တိုင်အမှတ် (၁/၂၂ နှင့် ၁/၂၃) ကြားတွင် ဩဂုတ် ၂၅ ရက် နံနက် ၈ နာရီ မိနစ် ၄၀ က အမျိုးသမီးတစ်ဦးနှင့် အမျိုးသားနှစ်ဦး ရထားကြိတ်ခံရပြီး သေဆုံးလျက်ရှိကြောင်း သတင်းအရ ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းအောင်နီနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူး သန်းဦးတို့သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူများမှာ မစောပြည့်ဖြူ(၂၄ နှစ်) ရဲမွန်ကျေး ရွာ လှည်းကူးမြို့နယ်၊ ကြယ်စင် (၃၀ နှစ်) နှင့် (စုံစမ်းဆဲ) အမျိုးသားတို့ဖြစ်ကြောင်း သိရသည်။

စုံစမ်းစစ်ဆေးချက်များအရ ၎င်းတို့သုံးဦးမှာ ယင်းနေ့နံနက် ၄ နာရီခန့်က အထက်ပါနေရာ၌ အရက်ထိုင်သောက်နေစဉ် ကျွမ်းကျင်အမှတ်-၂ ဦးစောဆင်မြူရယ်လ်မောင်းနှင်သော ရန်ကုန်-မန္တလေးစာပို့(၁)အဆန်ရထား စက်ခေါင်းအမှတ်-၁၃၅၉ က ကြိတ်မိခဲ့ပြီး မစောပြည့်ဖြူ၊ ကြယ်စင်နှင့် အမည်မသိအမျိုးသားတို့တွင် ဒဏ်ရာများရရှိကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်းသိရပြီး ရန်ကုန်ဆေးရုံကြီးသို့ ရဲဆေးစာဖြင့် ပို့ဆောင်ခဲ့သည်။ အဆိုပါ သေဆုံးမှုနှင့် ပတ်သက်၍ မင်္ဂလာတောင်ညွန့်မြို့နယ်ရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

**ဖခင်အမည်မှန်**

မြင်းခြံမြို့၊ အထက-၃၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်ရာဇာဝင်းကို၏ ဖခင်အမည်မှန်မှာ ဦးစိန်ရ ၉/တသန(နိုင်)၀၃၈၇၃၇ ဖြစ်ပါကြောင်း။ **ဦးစိန်ရ**

**ဖခင်အမည်မှန်**

ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာ၊ အထကကျောင်းမှ မသီရိမောင် (G-10) နှင့် မသီဂီမောင် (G-7)၊ စိုင်းခွန်နောင်(G-3)တို့၏ဖခင်အမည်မှန်မှာ ဦးသန်းဝင်းဦး ၅/ဟမလ(နိုင်)၀၆၇၇၆၆ ဖြစ်ပါကြောင်း။ **ဦးသန်းဝင်းဦး**

## ဦးမောင်မောင်ကြီး ၁၂/ပဘတ(နိုင်)၀၁၃၆၈၈ M.M.G ဆောက်လုပ်ရေးနှင့် ဦးကျော်မင်းထွန်း(LL.B,C.B.L)တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၇၆)တို့၏ ၂၄-၈-၂၀၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၉)ပါ ကြေညာချက်ကို တုံ့ပြန်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း၊ အမှတ် ၂၅၃/၂၈၅ရှိ မြေပေါ်တွင် ၁၂ထပ်တိုက်သစ်ဆောက်လုပ်ရာ၌ ၈-၅-၂၀၁၂ရက်စွဲပါ စာချုပ်အရ အကျိုးတူဖက်စပ်လုပ်ကိုင်ရာတွင် ဦးမောင်မောင်ကြီးနှင့် ဦးတင်မောင်ဝင်းတို့သည် အချိုးကျရင်းနှီးငွေ ကျပ်သိန်း ၂၀၀ ကျော်ခန့်စီ ရင်းနှီးထည့်ဝင်ခဲ့ပြီး အကျိုးအမြတ်ငွေကျပ်သိန်း ၉၀၀၀ခန့်ကို အညီအမျှခွဲဝေပေးထားပြီးဖြစ်ရာ ဦးမောင်မောင်ကြီး၊ ၎င်း၏ညီ ဦးမောင်မောင်ကျော်ဝင်းနှင့်ညီမ ဒေါ်စန္ဒာသန်းတို့က အသီးသီးလက်မှတ်ရေးထိုးလက်ခံရယူခဲ့ပြီးပါလျက် ဦးတင်မောင်ဝင်းက အကျိုးခံစားခွင့်ဝေစုကို ပေးအပ်ခြင်းမရှိဘဲ အကြောင်းအမျိုးမျိုးပြ ရှောင်တိမ်းနေသည်ဟု ဖော်ပြခြင်းမှာ လုံးဝမမှန်မကန်ကြေညာခြင်းသာဖြစ်ပါသည်။ ဦးမောင်မောင်ကြီးက တရားလွှတ်တော်ရှေ့နေ ဦးတင်မောင်သိန်း(စဉ်-၅၃၃၈)မှတစ်ဆင့် ၁၇-၆-၂၀၁၆ရက်စွဲပါ အကြောင်းကြားစာနှစ်စောင်ပေးပို့ခဲ့ပြီးနောက် ဦးတင်မောင်သိန်းရုံးခန်းတွင် နှစ်ဖက်ညှိနှိုင်းခဲ့ရာ ၈-၄-၂၀၁၆ရက်စာချုပ်အရ ကျန်ငွေနှင့် နောက်ဆုံးစာရင်းရှင်းတမ်းတွင် ဦးမောင်မောင်ကြီးရရန်၊ ပေးရန်ရှိငွေ ခုနှိမ်ပြီးနောက် ၂၉-၇-၂၀၁၆ရက်တွင် ငွေကျပ်သိန်း ၄၀၀ပေးအပ်ပြီးဖြစ်ပါသည်။ ငွေကျပ် ၅၆၉၉၁၅၅ နှင့် ၉-၅-၂၀၁၆ရက် စာချုပ်အရ ချက်ဖြင့်ပေးရန်ရှိ ငွေကျပ် ၂၈၉၀၀၀၀၀၊ နှစ်ရပ်ပေါင်းကျပ် ၃၄၅၉၉၁၅၅ကို ၁၉-၈-၂၀၁၆ရက် နောက်ဆုံးထားပေးရန် ၂၉-၇-၂၀၁၆ရက်စွဲပါ ငွေပေးချေခြင်း၊ လက်ခံခြင်းကတိစာချုပ် ချုပ်ဆိုစဉ်ကလည်း ဦးတင်မောင်ဝင်းက ၁၉-၈-၂၀၁၆ရက်အစား လကုန်တွင်သာ ရက်သတ်မှတ်ပေးရန်ပြောခဲ့ရာ ဦးမောင်မောင်ကြီး၏ညီ ဦးမောင်မောင်ကျော်ဝင်းက အချင်းချင်း ရက်အနည်းငယ် နောက်ကျတာ ပြောစရာမလိုဘူးဟုပြောသကဲ့သို့ ရက်အနည်းငယ်နောက်ကျတာ ဦးမောင်မောင်ကြီးကိုပြောပေးမည်ဟု တရားလွှတ်တော်ရှေ့နေ ဦးတင်မောင်သိန်းကလည်းပြောခဲ့၍သာ ဦးတင်မောင်ဝင်းက လက်ခံခဲ့ခြင်းဖြစ်ရာ၊ ယခုမူ ကောင်းသောဂုဏ်သတင်းဖြင့် လုပ်ငန်းလုပ်ကိုင်နေသူ ဦးတင်မောင်ဝင်းအပေါ် တမင်ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းစေရန် နှစ်ပေါင်းများစွာ ဖက်စပ်လုပ်ငန်းလုပ်ကိုင်လာခြင်းကိုပါ မထောက်ထားဘဲ ကြေညာခြင်းအတွက် ဦးတင်မောင်ဝင်းမှာ များစွာဝမ်းနည်းခဲ့ရပါသည်။ ဦးမောင်မောင်ကြီးက ၂၇-၇-၂၀၁၆ရက်တွင် စာရင်းရှင်းလင်းပြီးနောက်ပိုင်း ဦးအောင်ထွေးထံမှ စာရင်းရှင်းကျန်ငွေကျပ်သိန်း ၂၀၀ကို ဦးတင်မောင်ဝင်းအား အသိမပေးဘဲ ဦးမောင်မောင်ကြီး၏စေခိုင်းချက်အရ ညီမဒေါ်စန္ဒာသန်းက တိတ်တဆိတ်ထုတ်ယူခဲ့သော်လည်း ဦးတင်မောင်ဝင်းက ယနေ့အထိ တစ်စုံတစ်ရာပြောခဲ့ခြင်းမရှိသေးပါ။ ထို့ပြင် ၁၀-၂-၂၀၁၅ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်စာချုပ်အရ ဦးမောင်မောင်ကြီး၏ယောက်ဖ ဦးမောင်မောင်တင် ၇/သဝတ (နိုင်)၀၇၀၀၇၅အား ပန်းဘဲတန်းမြို့နယ်၊ ၂၈ လမ်း၊ အမှတ် ၁၁၀/၁၁၂၊ ငါးလွှာ(ဘီ)တိုက်ခန်းရောင်းချရာတွင်လည်း ယနေ့အထိပေးရန် ကျန်ငွေကျပ် ၇၅သိန်းကျန်နေသည်ကို ဦးမောင်မောင်ကြီးက မေတ္တာရပ်ခံ၍ စောင့်ဆိုင်းနေခြင်းကိုလည်း ဦးမောင်မောင်ကြီးအသိပင်ဖြစ်ပါသည်။ ဦးမောင်မောင်ကြီးက ဦးအောင်ထွေးကို တရားစွဲဆိုရန် အကြိမ်ကြိမ်ပြောခဲ့သော်လည်း ဦးတင်မောင်ဝင်းက လုပ်ငန်းအတူလုပ်ကိုင်သူအချင်းချင်းဖြစ်၍ ညှိနှိုင်းပေးခဲ့ပြီး တရားစွဲဆိုခြင်းမရှိသည်ကိုလည်း ဦးမောင်မောင်ကြီးက မကျေနပ်ဟန်ရှိနေသည်ဟု သဘောရရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ ဦးတင်မောင်ဝင်းသည် ဦးမောင်မောင်ကြီးအား ပေးရန်ကျန်ငွေကို များမကြာမီပေးချေမည်သာဖြစ်ရာ အချင်းချင်း မျက်နှာမထောက်ထားဘဲ ကြေညာခြင်းဖြစ်၍ တရားစွဲဆိုလာလျှင်လည်း ရင်ဆိုင်ဖြေရှင်းရန်အသင့်ရှိကြောင်းနှင့် ဦးမောင်မောင်ကြီး၏မမှန်မကန် လုပ်ရပ်အပေါ်မှာလည်း ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
(ဦးတင်မောင်ဝင်း)

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးချစ်လွင်
B.Com(A.A),D.E.P;R.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၅၉)
အမှတ် ၁၉၊ ၁၂၇ လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၂၉၇၈၃၀၊ ၂၉၄၇၄၄

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၆) အကြီးစားစက်ရုံ(ဆင်တဲ)၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေရရှိလာသော အိမ်ထောင်သည်လိုင်း အဆောက်အအုံများပြုပြင်ခြင်းလုပ်ငန်းအတွက် တင်ဒါခေါ်ယူပြုပြင်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - ၂၅-၈-၂၀၁၆ ရက် |
| ၃။ | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - စီမံရေးဌာန အမှတ်(၁၆) အကြီးစားစက်ရုံ (ဆင်တဲ) |
| ၄။ | **တင်ဒါသွင်းရမည့်နောက်ဆုံးရက် အချိန်နှင့်နေရာ** | - ၃၀-၈-၂၀၁၆ ရက် - နံနက် ၉း၃၀ နာရီ စီမံရေးဌာန အမှတ်(၁၆) အကြီးစားစက်ရုံ (ဆင်တဲ) |
| ၅။ | **တင်ဒါဖွင့်လှစ်မည့်နေ့ရက် အချိန်နှင့်နေရာ** | - ၃၀-၈-၂၀၁၆ ရက် - မွန်းလွဲ ၁ နာရီ စီမံရေးဌာန အမှတ်(၁၆) အကြီးစားစက်ရုံ (ဆင်တဲ) |

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၉၇၈၆၅၀၉၂၁၊ ၀၉-၇၉၆၆၂၂၃၃၊ ၀၅၃-၄၀၀၂၈၊ ၀၅၃-၄၀၀၂၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**အမှတ်(၁၆)အကြီးစားစက်ရုံ(ဆင်တဲ)**
**ပြည်ခရိုင်၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)**

## Vacancy Announcement

| | |
|---|---|
| Job Title: | Project Manager |
| Project: | FARM Project |
| Report to: | Project Director |
| No of Post: | One |
| Duty Station: | Nay Pyi Taw |
| Contract Duration: | 1 year including 3 months probation |
| Closing Date: | 31th August 2016 |

- A minimum of 7 years of working experience in the private sector or international organizations or government service, with progressive responsibility of management of personnel and teams:
- Sound understanding of concepts and principles of rural development, project implementation and management;

Detail ToR can be downloaded at local jobs of the MIMU Web Site (WWW.themimu.info)by.FARM Project

Qualified candidates are invited to submit an updated CV and a cover letter in English and certificate of the degree to the email farmmoai@gmail.com or to FARM project office, Extension Building Office No.43, Ministry of Agriculture, Livestock and Irrigation (Ph-067-410538, 067-410227) not later than 31-08-2016

**ပျောက်ဆုံးကြောင်း**

MYINT MYAT MAUNG CO.,LTD အမည်ဖြင့် ထုတ်/သွင်းကုန်လိုင်စင် ILV 12-13 2995 (14-3-13) ID NO 713050 (3-5-13) မူရင်းစာရွက်များ ပျောက်ဆုံးသွားပါ၍ ဖုန်း-၀၉-၃၁၈၇၈၉၈၂ သို့ ဆက်သွယ်ပေးပါရန်။

**ပျောက်ဆုံးကြောင်း**

THIRTY SIX CO.,LTD အမည်ဖြင့် ထုတ်/သွင်းကုန်လိုင်စင် ILV 14-15/0954 (17-7-14). ID NO 760150 (3-5-13) မူရင်းစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါ၍ ဖုန်း-၀၉-၃၁၈၇၈၉၈၂ သို့ ဆက်သွယ်ပေးပါရန်။

**ဖခင်အမည်မှန်**

ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာ၊ အထက ကျောင်းမှ မအေးအေးပြုံး (G-10)၏ဖခင်အမည်မှန်မှာ ဦးသိန်းရွှေ ၅/ဟမလ(နိုင်)၀၃၇၁၇၇ ဖြစ်ပါကြောင်း။ **ဦးသိန်းရွှေ**

**ဖခင်အမည်မှန်**

ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာ၊ အထကကျောင်းမှ စိုင်းခမ်းဇော် (G-10)၊ မနန်းခမ်းမော် (G-8)တို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းပု ၅/ဟမလ (နိုင်)၀၉၇၃၈၆ ဖြစ်ပါကြောင်း။ **ဦးထွန်းပု**

# Miss Golden Land Myanmar ဆုကြီး ခြောက်ဆုရွေးချယ်



**ရန်ကုန် ဩဂုတ် ၂၅**

ကမ္ဘာ့အလှမယ်ပြိုင်ပွဲကြီး ခြောက်ပွဲအတွက် Miss Myanmar ခြောက်ဦးအား တစ်ပြိုင်တည်း ရွေးချယ်ပေးသည့် မြန်မာနိုင်ငံ၏ အကြီးအကျယ်ဆုံး တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးကိုယ်စားပြု အလှမယ်ရွေးချယ်ပွဲကြီး Miss Golden Land Myanmar 2016 ကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့မင်းဓမ္မလမ်းရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ကိုယ်စားပြုအလှမယ် Miss Earth Myanmar 2016 ဆုကို နန်းခိုင်ရွှေဝါဝင်း(ကရင်ပြည်နယ်) ကိုယ်စားပြုအလှမယ်က လည်းကောင်း၊ Miss Supranational Myanmar 2016ဆုကိုဆွေဇင်ထက်(နေပြည်တော်) ကိုယ်စားပြုအလှမယ်က လည်းကောင်း၊ Miss Face of beauty Myanmar 2016 ဆုကို ခြူးသိမ့်မြတ်နိုး(တနင်္သာရီ တိုင်းဒေသကြီး)ကိုယ်စားပြုအလှမယ်က လည်းကောင်း ဆွတ်ခူးရရှိသွားခဲ့သည်။

ထို့အပြင် ကိုယ်စားပြုအလှမယ်က Miss Intercontinental Myanmar 2016 ဆုကို နီနီနိုင်ဝင်း (မကွေးတိုင်းဒေသကြီး) ကိုယ်စားပြုအလှမယ်က လည်းကောင်း၊ Miss Tourism World Myanmar 2016 ဆုကို ခက်ခက်ဇာ(ရှမ်း/တောင်) ကိုယ်စားပြုအလှမယ်ကလည်းကောင်း၊ Miss Globe Myanmar 2016 မြတ်အိန္ဒြေထက် (ရန်ကုန်မြောက်ပိုင်းကိုယ်စားပြု) ကိုယ်စားပြုအလှမယ်က လည်းကောင်း၊ အသီးသီးဆွတ်ခူးရရှိသွားသည်။

အဆိုပါ ဆုရအလှမယ်များသည် ကမ္ဘာ့ပြိုင်ပွဲကြီးခြောက်ခုအတွက် ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲကြီးတွင် အထူးဆုများကိုလည်းချီးမြှင့်ရာ Media Choice ဆုကို ရန်ကုန်မြောက်ပိုင်းကိုယ်စားပြုအလှမယ် မြတ်အိန္ဒြေထက်က ဆွတ်ခူးသွားသည်။ ကျန်းမာရေး၊ အားကစားနှင့် သက်ဆိုင်သည့်ဆုကို အလှမယ် တုန္နိုင်းစံက ဆွတ်ခူးသည်။ ထို့အပြင် Top Model Winner ဆုနှင့် Best Talent ဆုကို ရှမ်းပြည်မြောက်ပိုင်းကိုယ်စားပြုအလှမယ် နန်းမေရှင်းသန့်က ဆုနှစ်ဆုဆွတ်ခူးနိုင်ခဲ့သည်။ အလားတူ ရှမ်းတောင်အလှမယ် ခက်ခက်ဇာက မာတီမီဒီယာဆုနှင့် အကောင်းဆုံးဝတ်စားဆင်ယင်မှုဆုနှစ်ဆု ဆွတ်ခူးသွားသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# မြန်မာ့ရိုးရာလက်ဝှေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲ ဒုတိယနေ့ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၅**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနက ဦးဆောင်ကာ မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က စီစဉ်ကျင်းပသည့် (၁၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာ လက်ဝှေ့ပြိုင်ပွဲကြီးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ဒုတိယနေ့ပွဲစဉ်များအဖြစ် ဆက်လက်ကျင်းပရာ (ဂ)အဆင့် ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ဒိုးလေး(ရန်ကုန်)က စောသားငယ်(ကရင်ပြည်နယ်)ကိုအမှတ်ဖြင့် အနိုင်ယူပြီး နောက်တစ်ဆင့် သို့ တက်လှမ်းသွားပြီဖြစ်သည်။

ယနေ့ကျင်းပသည့် (၁၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာ လက်ဝှေ့ပြိုင်ပွဲ ဒုတိယနေ့တွင် လူသစ်တန်း ၄၈ ကီလိုတန်း၌ လှိုင်းထက်အောင်က အောင်သူထွန်း (ရန်ကုန်)ကို ဒုတိယအချီ ၃၄ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း၊ မင်းထက်သာ (မန္တလေး)နှင့် ချစ်ဆူးငယ်(မွန်)တို့ပွဲ၌ တတိယအချီတွင် လက်ရည်မမျှသဖြင့် ချစ်ဆူးငယ်ကလည်းကောင်း၊ ကိုသက်(တနင်္သာရီ)နှင့် စောထူး(ပဲခူး)တို့ပွဲတွင် ဒုတိယအချီပွဲစလျှင်စချင်းစက္ကန့် ၂၀ မှာပင် ကိုသက်က အလဲထိုးဖြင့်လည်းကောင်း အနိုင်ရခဲ့သည်။

လူသစ်တန်း ၆၀ ကီလိုတန်းပြိုင်ပွဲတွင် လင်းနိုင်(ကရင်)က ကြယ်လင်း(မန္တလေး)ကို ပထမအချီ ၂ မိနစ် ၃၆ စက္ကန့်မှာပင် အလဲထိုးဖြင့်လည်းကောင်း၊ အောင်ဖြိုးမင်း(တနင်္သာရီ)ကို ဆလိုင်းချမ်းမြေ့(ရန်ကုန်)က ပထမအချီ ၅၆ စက္ကန့်မှာပင် အလဲထိုးဖြင့်လည်းကောင်း၊ ထက်ပိုင်စိုး(ပဲခူး)နှင့် သူရ အောင်(ကယား)တို့ပွဲတွင် လက်ရည်မမျှသဖြင့် ထက်ပိုင်စိုးက လည်းကောင်း၊ စောဖိုးခွား(စစ်ကိုင်း)နှင့် ငမန်းရိုင်း(မွန်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာတွင် ပထမအချီမှာပင် ငမန်းရိုင်းက အလဲထိုးဖြင့်လည်းကောင်း အနိုင်ရကာ နောက်တစ်ဆင့်သို့ တက်လှမ်းသွားပြီဖြစ်သည်။

၆၇ ကီလိုတန်းတွဲဆိုင်းပြိုင်ပွဲများတွင် အောင်ဇော်ဦး(ပဲခူး)ကို မိုးဇာရွှေကျား(စစ်ကိုင်း)က ပထမအချီ ၄၃ စက္ကန့်မှာပင် အလဲထိုးဖြင့်အနိုင်ရခဲ့ပြီး စိန်မျိုးအောင်(ကရင်)နှင့် အောင်လှိုင်ဝင်း(တနင်္သာရီ)တို့ပွဲတွင် အောင်လှိုင်ဝင်းဆေးကျ၍ လာရောက်ယှဉ်ပြိုင်ခြင်းမရှိသဖြင့် စိန်မျိုးအောင် အနိုင်ရခဲ့သည်။

တစ်ဖန် (ဂ)အဆင့် ၅၁ ကီလိုတန်းပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကစားရာ အောင်ကိုကို (ဧရာဝတီ)အား အောင်နေထူး(ရန်ကုန်)က ဒုတိယအချီ ၁ မိနစ် ၃၄ စက္ကန့်တွင် အလဲထိုးဖြင့် လည်းကောင်း၊ ထွန်းမင်းနိုင်(မွန်ပြည်နယ်)နှင့် စိုးသူရဝင်း(တနင်္သာရီ)တို့ပွဲတွင် လက်ရည်မမျှ၍ ထွန်းမင်းနိုင်ကအနိုင်ရခဲ့သည်။ (ဂ)အဆင့် ၅၄ ကီလိုတန်းပြိုင်ပွဲတွင် တိုးလုံ(ရန်ကုန်)နှင့် ကော့ဆယ်(ကရင်)တို့ ယှဉ်ပြိုင်ရာတွင် သုံးချီပြည့်သည်အထိ အလဲထိုးယှဉ်ပြိုင်ထိုးသတ်နိုင်ခြင်းမရှိသဖြင့် အမှတ်ဖြင့် ဆုံးဖြတ်ရာ ကော့ဆယ်အနိုင်ရခဲ့ပြီး ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ဒိုးလေး(ရန်ကုန်)က စောသားငယ်(ကရင်)ကို အမှတ်ဖြင့်အနိုင်ရခဲ့သည်။



ဒိုးလေး(ရန်ကုန်)နှင့် စောသားငယ်(ကရင်)တို့ယှဉ်ပြိုင်ထိုးသတ်စဉ်

ယနေ့ တတိယနေ့ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင် ထိုးသတ်မည်ဖြစ်ရာ လူသစ်တန်း ၅၁ ကီလိုတွင် လေးပွဲ၊ လူသစ်တန်း ၅၄ ကီလိုတွင် လေးပွဲ၊ လူသစ်တန်း ၅၇ ကီလိုတွင် လေးပွဲနှင့် (က)အဆင့် ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲတွင် စောလှမင်း(ကရင်ပြည်နယ်)နှင့် နေရှုဘီ(ရန်ကုန်)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။ **သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ဓာတ်ပုံ-မင်းထက်**


**ရွှေဥက္ကလာရေသန့်စက်ရုံမှ အလိုရှိသည်**
**ဝန်ထမ်းကျား(၅)ဦး-မ(၃)ဦး**
**နေရန်-စားရန်စီစဉ်ပေးမည်။**
**အမှတ် ၁၉၊ သုနန္ဒာလမ်းနှင့် ဘုမ္မာလမ်းထိပ်၊ (ည)တိုးချဲ့၊**
**မြောက်ဥက္ကလာပ၊ ရန်ကုန်**
**ဖုန်း-၀၉-၅၁၆၂၅၀၆၊ ၀၉-၄၄၈၀၀၂၆၂၄**

**ရောင်းမည်**
**အောင်ချမ်းသာ(တိုးချဲ့)**
**မြတ်ရတနာစီမံကိန်း၊ သန်လျင်**
**ပေ(၄၀×၆၉)၊ သိန်း ၄၅၀(ညှိနှိုင်း)**
**ဖုန်း-၀၉-၅၁၈၉၀၄၁၊**
**၀၉-၉၇၅၅၀၄၃၁၅**

**ဖခင်အမည်မှန်**
ဟုမ္မလင်းမြို့နယ်၊ကက်သာကျေးရွာ၊ အထကကျောင်းမှ မမေဇင်ဇော်(G-8)၏ ဖခင်အမည်မှန်မှာ ဦးမောင်ရှမ်း ၅/ဟမလ(နိုင်)၁၀၀၅၁၃ ဖြစ်ပါကြောင်း။ **ဦးမောင်ရှမ်း**

**ဖခင်အမည်မှန်**
ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာ၊ အထကကျောင်းမှ မအိအိမိုး(G-11)နှင့် မအိအိရွှေ (G-7)တို့၏ ဖခင်အမည်မှန်မှာ ဦးဘိုးဦး ၅/ဟမလ(နိုင်)၀၃၇၁၄၁ဖြစ်ပါကြောင်း။ **ဦးဘိုးဦး**

**ဖခင်အမည်မှန်**
ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာ၊ အထကမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သူ မောင်အောင်ရွှေဦးနှင့် မောင်ထက်ဖြိုးအောင်(G-11)၊ မနွေနွေလှိုင်(G-9)၊ ငွေးတောက်ကုန်းအုပ်စု အမကကျောင်းမှ မောင်ဖြိုးဝေအောင်(G-4)တို့၏ ဖခင်အမည်မှန်မှာ ဦးဇော်လှိုင် ၅/ကသန(နိုင်)၀၆၂၃၇၂ဖြစ်ပါကြောင်း။ **ဦးဇော်လှိုင်**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃) တံတားအထူးအဖွဲ့(၁၁)မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တံတားလုပ်ငန်းများအတွက် အောက်ဖော်ပြပါ ပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

(၁) Ready Mixed Concrete
(၂) မြစ်ကျောက်စရစ်(မိချောင်းရဲ)
(၃) မြစ်သဲ

| | | |
|---|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန်** | - | ၂၆-၈-၂၀၁၆ ရက် ၉း၀၀နာရီ |
| **တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၈-၉-၂၀၁၆ ရက် ၁၆း၀၀နာရီ |
| **တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ၉-၉-၂၀၁၆ ရက် ၁၃း၀၀နာရီ |
| **တင်ဒါဖွင့်မည့်နေရာ** | - | ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး တံတားအထူးအဖွဲ့(၁၁)၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် ပစ္စည်းအရည်အသွေး သတ်မှတ်ချက် အသေးစိတ်အချက်အလက်များကို ဒုတိယညွှန်ကြားရေးမှူးရုံး၊ တံတားအထူးအဖွဲ့ (၁၁) သာကေတ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၅၆၃၈၁၆၄၊ ၀၁-၅၅၅၇၇၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၁၁)**

**"မွေးနေ့ဆုမွန်"**

**ချစ်သမီးလေး ခိုင်သူသူ**

ချစ်သမီးလေးခိုင်သူသူ၏ယနေ့ ၂၆-၈-၂၀၁၆ရက်တွင် ကျရောက်မည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ရမည့်နေ့ရက်များကို ပိုင်ဆိုင်နိုင်ပါစေ။ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး ယဉ်ကျေးလိမ္မာသိတတ်သော သမီးလေးဖြစ်ပါစေ။ နိုင်ငံတော်နှင့်အမျိုး၊ ဘာသာ၊ သာသနာအကျိုးကို သယ်ပိုးထမ်းရွက်နိုင်သော သမီးကောင်းရတနာလေးဖြစ်ပါစေ။

**ဖေဖေ ဦးစိုင်းကျော်သူ-မေမေ ဒေါက်တာဆွေဆွေဝင်း**
**၂၁ ပြည်သာယာလမ်း၊ ဘောက်ထော် မိသားစု**
**၂၉/၃၀၄ မင်းလမ်း၊ ရွှေပြည်သာ မိသားစု**

**ခရီးသွားမယ်ဆို, စိတ်ချလုံခြုံဆုံးဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွင်းမြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါ ပစ္စည်းများကိုမြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းတစ်မျိုးချင်းစီအတွက် ဈေးနှုန်းကမ်းလှမ်းလွှာများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | ပုံစံ/စည်းကမ်းချက် စတင်ထုတ်ယူရန်ရက် | တင်ဒါပိတ်မည့် ရက်/အချိန် |
|---|---|---|---|
| 1. | တူညီဝတ်စုံများ | ၂၉-၈-၂၀၁၆ရက် | ၁၃-၉-၂၀၁၆ရက် ၁၃း၀၀နာရီ |
| 2. | ရုံးသုံးပရိဘောဂပစ္စည်းများ | | |
| 3. | Computer နှင့်ဆက်စပ် ပစ္စည်းများ | | |

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်းသစ်(ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ Toll Gate အနီး) ဆိမ်ကမ်းမြို့နယ်တွင် ဖော်ပြပါ ၂၉-၈-၂၀၁၆ရက်မှစ၍ရုံးချိန်အတွင်း ဆက်သွယ် ဝယ်ယူနိုင်ပြီးသိရှိလိုသောအချက်များရှိပါက ဖုန်း-၀၁-၈၆၁၀၂၂၉နှင့် ၀၁-၈၆၁၀၂၃၂တို့ကို စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

**ဖခင်အမည်မှန်**
ဖားကန့်မြို့နယ်၊ မော်စီစာကျေးရွာ၊ အထက(ခွဲ)သတ္တမတန်း(A)မှ မောင်ဆိုင်းလတ်အောင်နှင့် မြစ်ကြီးနားမြို့၊ အထက(၄) စတုတ္ထတန်းမှ မဂျာလော့မိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆန်း ၉/ကပတ(နိုင်)၀၀၇၃၅၂ ဖြစ်ပါသည်။ **ဦးကျော်ဆန်း**

**IGCSE ( Edexcel / CIE )**
**English, Maths, Physics, Chemistry, Biology**
**Secondary I, II (All Subjects)**
**Primary V, VI (All Subjects)**
**HOME TUITION AVAILABLE**
**SAYA PHILLIP** အမှတ်(၂၉၃/B)၊ (၅)လွှာ၊ လမ်း(၄၀)အထက်လမ်း၊ ကျောက်တံတားမြို့နယ်။ Ph : 09 430 43349

**အမည်မှန်**
ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (B)ခန်းမှ မနှင်းနီလာ၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မနှင်းနီလာဖြူ ၁/ရကန(နိုင်)၀၆၃၀၀၃ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာ၊ အထကကျောင်းမှ ကျောင်းဝင်အမှတ်(၇၀၉၉) မအိမြတ်မိုး(G-9)၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဆွေ ၅/ဟမလ(နိုင်)၀၃၇၄၃၄ ဖြစ်ပါကြောင်း။ **ဦးအောင်ကျော်ဆွေ**

**ဖခင်အမည်မှန်**
ဟုမ္မလင်း၊ အထက(၁)၊ (G-9)၊ ကျောင်းဝင်အမှတ်(၁၁၉၄၀)မောင်ကြံအောင်၏ဖခင်အမည်မှန်မှာ ဦးသိန်းရွှေ ၅/ဟမလ(နိုင်)၀၃၆၉၉၇ ဖြစ်ပါကြောင်း။ **ဦးသိန်းရွှေ**

**ဖခင်အမည်မှန်**
ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာ၊ အထကကျောင်းမှ မရွှေဇင်ဝင်း(G-11)နှင့် မရွှေယဉ်ဝင်း(G-11)၊ မောင်ထက်ထက်လင်း(G-9)တို့၏ ဖခင်အမည်မှန်မှာ ဦးဆန်းလွင် ၅/ဟမလ(နိုင်)၀၆၉၄၈၉ ဖြစ်ပါကြောင်း။ **ဦးဆန်းလွင်**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# တစ်ပြည်ထောင်စနစ်ပုံစံနှင့် ပြည်ထောင်စုစနစ်ပုံစံ

**သန်းငွေ**

***ယမန်နေ့မှအဆက်***

ယခု မြန်မာနိုင်ငံတော်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်ရေးဆွဲရာတွင် မည်သည့်အတွက် တစ်ပြည်ထောင်စနစ်ဖွဲ့စည်းသင့်ကြောင်း အောက်ပါအတိုင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်-

**မြန်မာနိုင်ငံတော်အား အဘယ်ကြောင့် တစ်ပြည်ထောင်စနစ်ဖြင့် ဖွဲ့စည်းအပ်ကြောင်း လေ့လာသုံးသပ်တင်ပြချက်**

မြန်မာနိုင်ငံသည် သမိုင်းမတင်မီခေတ်တွင် ကျောက်ကြမ်းခေတ်၊ ကျောက်လယ်ခေတ်၊ ကျောက်ချောခေတ်တို့နှင့် ကြေးခေတ်၊ သံခေတ်တို့ကို ကျော်လွန်ဖြတ်သန်းခဲ့ပြီးနောက် ဘီစီ ၆ ရာစုခန့်၌ တကောင်းအရပ်တွင် မြို့ပြတည်ထောင်မှုကိုစတင်ခဲ့ကြောင်း၊ သမိုင်းအထောက်အထားများအရ သိရှိရပါသည်။

တကောင်းသရေခေတ္တရာ၊ သရေခေတ္တရာမှ ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ တောင်ငူ၊ တောင်ငူမှ ကုန်းဘောင်နောက်ဆုံးမင်းဆက် သီပေါမင်း၊ ၁၈၈၅ ခုနှစ်အထိ ယခုပြည်ထောင်စုတိုင်းရင်းသားများဖြစ်ကြသော မြန်မာနိုင်ငံသားများသည် နှစ်ပေါင်း ၂၅၀၀ နီးပါးမျှ သမိုင်းစဉ်ဆက်မပြတ် ကိုယ့်မင်းကိုယ်ချင်း၊ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ထည်ထည်ဝါဝါ တည်တည်ငြိမ်ငြိမ်ဖြင့် နေထိုင်လာသော လူမျိုးများဖြစ်ပေသည်။

တကောင်း၊ သရေခေတ္တရာမှာ ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ကုန်းဘောင်ဟူ၍ ခေတ်ကာလအလျောက် နေရာဒေသကိုလိုက်၍ အမည်နာမပြောင်းလဲခံယူခဲ့သော်လည်း အုပ်ချုပ်စိုးစံခဲ့သူ မင်းအဆက်ဆက်တို့မှာ အများအားဖြင့် ဗမာများပင်ဖြစ်ပါသည်။ တစ်ခါတစ်ရံတွင် ဗမာများအင်အားနည်းပါးသွားသောအခါ တိုင်းရင်းသားများအနက်မှ အင်အားစည်းလုံးတောင့်တင်းသော လူမျိုးနွယ်စုထဲမှ တန်ခိုးဩဇာမြင့်မားလာ၍ ဦးဆောင်ဦးရွက်အဖြစ် ခေါင်းထောင်လာခဲ့သော ခေတ်အခါသမယများကိုလည်း တွေ့ရှိရပါသည်။ ၎င်းတို့မှာ ပဲခူးတွင် မွန်မင်းဆက်နှင့် ပင်းယ၊ စစ်ကိုင်း၊ အင်းဝတို့တွင် ရှမ်းညီနောင်သုံးဦးတို့မှ အင်းဝတွင်သိုဟန်ဘွားတို့အား တွေ့ရှိရပါသည်။ တစ်ခါတစ်ရံတွင်လည်း တစ်ဦးဦးက ပိုင်ပိုင်နိုင်နိုင် ဦးဆောင်မှု မပေးနိုင်သောအခါများ၌ မြို့ပြငယ်များတွင် စင်ပြိုင်ဘုရင်များ တစ်သီးတခြား အုပ်ချုပ်စိုးစံခဲ့ကြ၍ ဂရိမြို့ပြနိုင်ငံကလေးများသဖွယ် အခြေအနေများကိုလည်း တွေ့မြင်ရပါသည်။ ပုဂံတွင် အနော်ရထာ၊ တောင်ငူတွင် ဘုရင့်နောင်၊ ကုန်းဘောင်တွင် အလောင်းဘုရားတို့ကဲ့သို့ တန်ခိုးဩဇာကြီးမားသော ဗမာဘုရင်များလက်ထက်တွင်ကား နိုင်ငံတွင်းရှိ တိုင်းငယ်ပြည်ငယ်များမှာ ထိုမင်းများလက်အောက်တွင် ကွယ်ပျောက်ကုန်ခဲ့ကြကာ ပုဂံအနော်ရထာမင်းလက်ထက်တွင် ပထမမြန်မာနိုင်ငံတော်၊ တောင်ငူဘုရင့်နောင်လက်ထက်တွင် ဒုတိယမြန်မာနိုင်ငံတော်နှင့် ကုန်းဘောင်အလောင်းမင်းတရားလက်ထက်တွင် တတိယမြန်မာနိုင်ငံတော်ကို ထီးထီးမားမားတည်ထောင်နိုင်ခဲ့၍ အရှေ့တောင်အာရှတွင် ကြီးမားကျယ်ပြန့်သော အင်ပါယာနိုင်ငံကြီး အသွင်သဏ္ဌာန်ဖြင့် နိုင်ငံတော်ကို ချဲ့ထွင်တည်ဆောက်နိုင်ခဲ့ပါသည်။

အနော်ရထာမင်းလက်ထက် ပုဂံအင်ပါယာမှာ ယခုလက်ရှိ မြန်မာ့နယ်နိမိတ်ကို ကျော်လွန်၍ အရှေ့တောင်ဘက်တွင် ဇင်းမယ်၊ ယိုးဒယား၊ ကမ္ဘောဒီးယားနှင့် တောင်ဘက်တွင် မာလာယုကျွန်း(မလေးရှား)အထိ တိုးချဲ့နိုင်ခဲ့သည်ကို တွေ့ရပါသည်။

တောင်ငူဘုရင့်နောင်၏ အင်ပါယာမှာ အနောက်ဘက်တွင် ရခိုင်ရိုးမကို ချန်လှပ်၍ အနောက်မြောက်ဘက်တွင် မဏိပူရအထိ အရှေ့မြောက်ဘက်တွင် ကိုးရှမ်းပြည်၊ အရှေ့တောင်ဘက်တွင် ဇင်းမယ်၊ လင်းဇင်း၊ ယိုးဒယားအထိ ကျယ်ပြောခဲ့ပါသည်။

ကုန်းဘောင်ခေတ်၊ အလောင်းမင်းတရားနှင့် ဆင်ဖြူရှင်မင်းတရားလက်ထက်တွင်ရှိသော တတိယမြန်မာနိုင်ငံတော်၏ အကျယ်အဝန်းမှာ ဘုရင့်နောင်လက်ထက်တွင်ရှိခဲ့သော အကျယ်အဝန်းသို့ထပ်မံ၍ အနောက်ဘက်တွင် ရခိုင်၊ အနောက်မြောက်ဘက်တွင် မဏိပူရကိုလွန်၍ အာသံအထိနှင့် အရှေ့မြောက်ဘက်တွင် ဘုရင့်နောင်လက်ထက် ဒုတိယအထိပင် ဆက်လက်တည်ရှိခဲ့ပါသည်။

သို့ရာတွင် ထိုစဉ်က သဘာဝအနေအထားအရ ခရီးလမ်းပန်းဆက်သွယ်ရေး အခက်အခဲများ၊ ချဲ့ထွင်သိမ်းသွင်းပြီးသော နယ်မြေများကို အမြဲထာဝရအုပ်စိုးရန် လူဦးရေအင်အား အခက်အခဲများနှင့် အခြားထောက်ထားဖွယ်ရာအကြောင်းများကြောင့် နေပြည်တော်နှင့်ဝေးလံသောနယ်မြေများကို မြန်မာတို့သည် လက်လွှတ်ခဲ့ရပါသည်။ ဤနည်းဖြင့် ယူနန်နယ်အတွင်းရှိ ကိုးရှမ်းပြည်မှ အချို့တစ်ဝက်ကိုလည်းကောင်း၊ ဇင်းမယ်၊ လင်းမယ်၊ ယိုးဒယားနှင့် ကမ္ဘောဒီးယားတို့ကိုလည်းကောင်း ရာသက်ပန်လက်လွှတ်ခဲ့ရပေသည်။

ဤမျှကြီးမားကျယ်ပြန့်သော တတိယမြန်မာနိုင်ငံတော်ကြီးအနက်မှ မဏိပူရနှင့်အာသံတို့ကို အိန္ဒိယပြည်ဆိုင်ရာ ဗြိတိသျှတို့လက်သို့ ပထမအကြိမ် အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီးတွင် အပြီးအပိုင်ပေးအပ်လိုက်ရ၍ ယင်းပထမစစ်ပွဲ၌ ရခိုင်နှင့်တနင်္သာရီ၊ ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲ၊ (၁၈၆၆)ခုအပြီးတွင် အထက်မြန်မာနိုင်ငံတော်တစ်ခုလုံးကို အင်္ဂလိပ်တို့ အပြီးအပိုင်သိမ်းယူရရှိလိုက်ကြပါသည်။ အင်္ဂလိပ်တို့သည် အထက်ပါအတိုင်း စစ်ပွဲသုံးကြိမ်ဖြင့် အဆင့်ဆင့်သိမ်းယူခဲ့သော (ဇင်းမယ်၊ လင်းဇင်း၊ ယိုးဒယားတို့မပါသော) တတိယမြန်မာနိုင်ငံတော်အဖြစ် ဖွဲ့စည်းတည်ရှိပြီးသော မြန်မာနယ်မြေကို မြန်မာပိုင်နက်နယ်မြေအဖြစ် အသိအမှတ်ပြု၍ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိသောအခါ ယင်းအကျယ်အဝန်းအတိုင်းပင် မြန်မာတိုင်းရင်းသားလူမျိုးများကို ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ အာသံနှင့် မဏိပူရတို့ကိုမူ အင်္ဂလိပ်-မြန်မာစစ်ပွဲ ပထမစစ်ကြီးအခြေအနေအတိုင်း အိန္ဒိယအစိုးရသို့ပင် ပေးအပ်ခဲ့ပါသည်။

သို့ဖြစ်၍ ယခုလက်ရှိ ဧရိယာစတုရန်းမိုင်ပေါင်း ၂၆၂၇၃၂ မျှရှိသော မြန်မာနိုင်ငံတော်ကြီးကို အနော်ရထာမင်းမှစတင်၍ ကျွန်ုပ်တို့၏ ဘိုးဘေးဘီဘင်များဖြစ်ကြသော မင်းအဆက်ဆက်နှင့် နိုင်ငံသူနိုင်ငံသားများက ကျွန်ုပ်တို့အား နေစရာမြေကြီးအဖြစ်အမွေအနှစ်ကို အသက်နှင့်လဲကာ ဆောင်ကြဉ်းပေးခဲ့ကြ၍ ကျွန်ုပ်တို့သည် ယနေ့ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံတော်နှင့် မြန်မာနိုင်ငံသားဟူ၍ ဝင့်ထည်ထင်ရှားစွာနေနိုင်ကြခြင်းဖြစ်ပါသည်။ ထိုစဉ်က မြန်မာဘုရင်များ အင်ပါယာတိုးချဲ့သည်ဆိုခြင်းမှာ လူမျိုးကိုလိုချင်၊ ကျွန်ပြုလို၍မဟုတ်။ နယ်မြေတိုးချဲ့ရယူလိုခြင်း အတွက်သာဖြစ်ပါသည်။ မြန်မာနှင့်အနွယ်တူ၊ အမျိုးတူ ယနေ့မြန်မာနိုင်ငံတော်၏ တိုင်းရင်းသားများအတွက် အထိုက်အလျောက် ကျယ်ဝန်းလင့်ကစား နယ်မြေသည် မရှိမဖြစ်လိုအပ်၍ ဖြစ်ပါသည်။ အကယ်၍ အနော်ရထာမင်းကသာထိုမျှ၊ ဤမျှ နိုင်ငံအကျယ်အဝန်းကို မချဲ့ထွင်ခဲ့လျှင်၊ ဘုရင့်နောင်နှင့် အလောင်းဘုရားတို့ကလည်း အနော်ရထာ၏ ပထမမြန်မာနိုင်ငံတော်ကို ထပ်မံ၍ ဩဇာသက်ရောက်ပျံ့နှံ့မှုကိုမပြုသ၊ မစီမံ၊ မဆောင်ရွက်ခဲ့လျှင် လက်ရှိအိမ်နီးချင်းနိုင်ငံတို့သည် ယင်းတို့နယ်နိမိတ်များကိုတိုးမြှင့်ချဲ့ထွင်လာကြမည်မှာ အမှန်ပင်ဖြစ်၍ မြန်မာနိုင်ငံဟူသည်မှာ၊ ဧရာဝတီမြစ်ရိုးတစ်လျှောက်မျှသာ ကျယ်ဝန်းသည့် မပြောပလောက်သော၊ အလွန်အမင်းသေးသိမ်၍ မှေးမှိန်သော နိုင်ငံငယ်တစ်ခုအဖြစ်သာ တည်ရှိနေပေလိမ့်မည်။ ဤမျှသေးသိမ်သော နိုင်ငံတစ်ခုဖြစ်လျှင်ကား၊ မြန်မာလူမျိုးဆိုသည်ပင်လျှင် ကာလကြာမြင့်လာသည်နှင့်အမျှ ဘေးကလူမျိုးကြီးများ၏ ဝါးမျိုခြင်းကိုခံရသဖြင့် ဤကမ္ဘာမြေပြင်မှ လုံးလုံးလျားလျား စုံးစုံးမြုပ်ကွယ်ပျောက်သွားရဖို့ပင် ရှိပါသည်။

> **အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့ လက်ထက်အခါက ကျွန်ုပ်တို့သည် တစ်ပြည်ထောင်စနစ်ဖြင့် ရပ်တည်ခဲ့၍ တစ်ပြည်ထောင်စနစ်၏ အင်အားကြောင့် ပထမ၊ ဒုတိယ၊ တတိယ နိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့ကြခြင်း မဟုတ်ပါလော**

ပထမမြန်မာနိုင်ငံတော်ကို စတင်ဖွဲ့စည်းတည်ထောင်စဉ်အချိန်က ဤနယ်မြေအတွင်း လူတွေ၊ လူမျိုးတွေမရှိခဲ့ကြသည်မဟုတ်၊ လူတွေ၊ လူမျိုးတွေရှိခဲ့ကြသည်။ ဤလူမျိုး သို့မဟုတ် လူမျိုးနွယ်တို့ကား အဘယ်သူများနည်း၊ ယနေ့မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးများဖြစ်ကုန်သော လူမျိုးစုကြီးအားဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် လူမျိုးစုငယ်ပေါင်း ၁၃၅ မျိုးသော တိုင်းရင်းသားများပင်ဖြစ်ပါသည်။ အနော်ရထာမင်းလက်ထက်က ပျူသည် ယခု ဗမာ၊ ကမ်းယံသည် ရခိုင်၊ သက်သည် ချင်းစသည်ဖြင့် ပြောင်းလဲလာခြင်းမှလွဲ၍ တိုင်းရင်းသားများမှာ အမျိုးအနွယ်အားဖြင့် အနော်ရထာမင်းလက်ထက်မှ ယနေ့တိုင် တိုး၍လည်းမလာ လျော့၍လည်းမသွားခဲ့ပါ။ အနော်ရထာမင်းလက်ထက်က ညီရင်းအစ်ကို မောင်ရင်းနှမ ဖြစ်ခဲ့ကြသလို ယခုလည်း တစ်အူထုံ့ဆင်းတစ်မိရင်းမှ (တိဗက်-မြန်မာအဖေနှင့် မွန်ခမာ အမေတို့မှ) မွေးဖွားလာသော ညီအစ်ကိုများပင် မဟုတ်လော။ နယ်ချဲ့အရင်းရှင်(အင်္ဂလိပ်)က နည်းပရိယာယ်ဖြင့် အုပ်ချုပ်ရေးနယ်မြေခြားလုပ်ရုံမျှဖြင့် အင်္ဂလိပ်ကိုယုံကြည်သွားသော ကျွန်ုပ်တို့သွေးရင်း၊ သားရင်းအချင်းချင်း၊ သူစိမ်းတစ်ရံဆံများ ဖြစ်သွားကုန်ကြပြီလောဆိုသည်မှာ မေးလိုပါသည်။

တတိယမြန်မာနိုင်ငံတော် ကုန်းဘောင်မင်းဆက်ဖြစ်သော သီပေါမင်းကို အင်္ဂလိပ်က လက်နက်အားကိုးဖြင့် ဖမ်းဆီးနန်းချ၍ မြန်မာ့အချုပ်အခြာအာဏာ ထိပါးဆုံးရှုံးရသောအခါ ဗမာများနှင့် ကချင်၊ ကယား၊ ချင်းနှင့် ရှမ်းစသော တိုင်းရင်းသားတို့ အင်္ဂလိပ်တို့အား ထကြွပုန်ကန်တွန်းလှန်ကြသဖြင့် ဤအင်အားစုများ အင်အားနည်းသွားစေရန်အတွက်သာ အင်္ဂလိပ်သည် လူမျိုးရေးခွဲခြား၍ ခွဲခြားအုပ်ချုပ်ခြင်းစနစ် (Divide and Rule Policy )ကို ကျင့်သုံး၍ အင်အားပြိုကွဲရန် သွေးခွဲအုပ်ချုပ်ခဲ့ခြင်းဖြစ်ရာတွင် ဗမာနှင့်တိုင်းရင်းသားအချင်းချင်းတို့မှာ သွေးကွဲပြီး အင်္ဂလိပ်တို့၏ ညွှတ်ကွင်းသို့ ကျဆင်းသက်ရောက်ရခြင်းဖြစ်ခဲ့ကြရပါသည်။ အင်္ဂလိပ်၏ပရိယာယ်ကို ယခုသိရှိကြသောအခါ ကျွန်ုပ်တို့ တိုင်းရင်းသားညီအစ်ကိုရင်းချာတို့သည် ရှေးကထက်ပင်ပိုမို၍ ချစ်ခင်လေးစားသနားညှာတာ (National Reconciliation) ကြရမည်ဖြစ်ပါသည်။ နယ်ချဲ့၏ သွေးခွဲအုပ်ချုပ်မှုစနစ်ကြောင့် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော လွတ်လပ်ရေးတိုက်ပွဲဝင်အင်အားစုများသည် အင်္ဂလိပ်ကို လက်နက်ဖြင့်တိုက်ထုတ်၊ ဂျပန်ကို တော်လှန်၊ အင်္ဂလိပ်ကို နိုင်ငံရေးနည်းဖြင့် ထပ်မံ၍တိုက်ပွဲဝင်စသည်ဖြင့် အဆင့်ဆင့်လုပ်ခဲ့ကြရာတွင် ယင်းနယ်ချဲ့နှင့် ဖက်ဆစ်များကို တိုက်ရတာထက် လွတ်လပ်ရေးအကြိုကာလတွင် ကိုယ်အချင်းချင်းညီအစ်ကို တိုင်းရင်းသားများကို နားလည်သဘောပေါက်အောင် ညှိနှိုင်းစည်းရုံးရသည်က ပို၍ခက်ခဲပင်ပန်းခဲ့ကြရသည်ကို ဝမ်းနည်းဖွယ်ရာတွေ့မြင်ရပါသည်။

သို့ပင်ဖြစ်သော်လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ၏ စည်းရုံးရေးအင်အားသည် အောင်မြင်ခဲ့သလော၊ မအောင်မြင်ခဲ့ပါ၊ အောင်မြင်သင့်သလောက်တော့ အောင်မြင်ခဲ့ပြီး ပြည့်ပြည့်ဝဝ မအောင်မြင်ခဲ့ပါ။ အကယ်၍ ပြည့်ပြည့်ဝဝသာ အောင်မြင်ခဲ့လျှင်လည်း ပထမမြန်မာနိုင်ငံတော်ကြီးမှသည် တတိယမြန်မာနိုင်ငံတော်အထိ အနော်ရထာ၊ ဘုရင့်နောင်နှင့် အလောင်းဘုရားတို့လက်ထက်က စည်းလုံးညီညွတ်မှု အင်အားမျိုးကို ပြန်လည်၍မရရှိခဲ့ပါ။ အကယ်၍ ထိုစဉ်အချိန်က စည်းလုံးညီညွတ်မှုမျိုးကိုသာရခဲ့ပါလျှင် ယနေ့မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံမှာ တစ်ပြည်ထောင်စနစ် ဖွဲ့စည်းပုံမျိုးသာဖြစ်ခဲ့ပါမည်။ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့ လက်ထက်အခါက ကျွန်ုပ်တို့သည် တစ်ပြည်ထောင်စနစ်ဖြင့် ရပ်တည်ခဲ့၍ တစ်ပြည်ထောင်စနစ်၏ အင်အားကြောင့် ပထမ၊ ဒုတိယ၊ တတိယနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့ကြခြင်း မဟုတ်ပါလော။ အင်္ဂလိပ်တို့ သိမ်းယူစဉ်အခါက တစ်ပြည်ထောင်စနစ်ဖြစ်သော နိုင်ငံတော်သည် အင်္ဂလိပ်က ပြန်လည်ပေးအပ်ခဲ့သောအခါ တစ်ပြည်ထောင်စနစ်ဖြင့် မဟုတ်တော့ဘဲ ကျွန်ုပ်တို့ တိုင်းရင်းသားများသည် အင်္ဂလိပ်၏ နယ်ချဲ့အငွေ့အသက် မကုန်သောကြောင့် ပြည်ထောင်စုပုံသဏ္ဌာန်ဖြင့် နိုင်ငံတော်ကို ပြန်လည်လက်ခံရရှိခဲ့ကြရပါသည်။

ဤသို့ဖြစ်ခဲ့ရသည်မှာ တိုင်းရင်းသားအင်အားစုမှအချို့သည် ကိုယ့်အချင်းချင်းထက် အင်္ဂလိပ်၏သွေးခွဲ အုပ်ချုပ်မှုစနစ်ကို ပိုမိုအထင်ကြီး ပိုမိုယုံကြည်သောကြောင့်နှင့် သူစိမ်းကိုညီအစ်ကိုထင်ကာ ညီအစ်ကိုအရင်းကို သူစိမ်းလိုမြင်သောကြောင့် ဖြစ်ပါသည်။ ပင်လုံစာချုပ်ချုပ်ဆို၍ နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ပြန်လည်ဖွဲ့စည်းတည်ဆောက်ကြခြင်းမှာလည်း ပေါင်းတော့ပေါင်းချင်သည် သို့ပေမယ့် အချင်းချင်းမယုံကြည် စိတ်မချကြသောကြောင့်သာ ဖြစ်သည်ကို အထင်အရှားတွေ့ရှိရပါသည်။ ဤအခြေအနေမှာ ၁၉၄၇ ခုနှစ် လွတ်လပ်ရေးအကြိုကာလအချိန်က ဖြစ်ပါသည်။ ယခုအချိန်မှု နှစ်ပေါင်း ၆၀ ကျော်မျှ အတူတကွပြန်လည်ပေါင်းစည်းကာ နေထိုင်ကြပြီးနောက်ဝယ် တိုင်းရင်းသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး အမှန်ကို အမှန်အတိုင်း၊ အရှိကိုအရှိအတိုင်း နားလည်သဘောပေါက်သင့်ကြပြီ ဖြစ်ပါသည်။

**တစ်ပြည်ထောင်စနစ်စီသို့**

ကျွန်ုပ်တို့သည် တစ်ပြည်ထောင်စနစ်နှင့်မစိမ်းခဲ့ကြပါ။ အထက်တွင် ဖော်ပြထားပြီးဖြစ်သကဲ့သို့ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် နေခဲ့ကြစဉ်က တစ်ပြည်ထောင်စနစ်ဖြင့် နေခဲ့ကြခြင်းဖြစ်ပါသည်။ အင်္ဂလိပ်ခေတ်နှစ်ပေါင်း ၆၀မှ ၁၀၀ အတွင်း အင်္ဂလန်သည် တစ်ပြည်ထောင်စနစ်ကို ကျင့်သုံးသော နိုင်ငံဖြစ်သည်နှင့်အမျှ ကျွန်ုပ်တို့လည်း တစ်ပြည်ထောင်စနစ်ပုံစံအရပင် နေလာကျင့်သားရလာကြပြီး ဖြစ်ပါသည်။ အင်္ဂလိပ်ကသာ ကြားဝင်၍ မြန်မာနိုင်ငံကို ကျွန်မလုပ်ခဲ့လျှင် မြန်မာနိုင်ငံ၏ ဘုရင်ခံစနစ်ကို ခေတ်နှင့်အညီ စည်းမျဉ်းခံ ဘုရင်စနစ်အဖြစ်ဖြင့် မြင်တွေ့လာရမည်ဖြစ်ပါသည်။ မင်းတုန်းမင်းနှင့်သီပေါမင်းလက်ထက်တွင် မှူးမတ်အချို့က မင်းတုန်းမင်းအား အင်္ဂလန်မှာကဲ့သို့ စည်းမျဉ်းခံဘုရင်စနစ်ပုံသဏ္ဌာန်ကို တိုက်တွန်းအကြံပြုဖူးကြောင်း လေ့လာတွေ့ရှိရပါသည်။ ဤကဲ့သို့ စည်းမျဉ်းခံဘုရင်စနစ်ကို ကျင့်သုံးဖော်ဆောင်လျှင်လည်း တစ်ပြည်ထောင်စနစ်သာလျှင် ဖြစ်ခဲ့ဦးမည်ဖြစ်၍ နောက်ဆုံးစည်းမျဉ်းခံဘုရင်စနစ်ကို လုံးဝဖျက်သိမ်း၍ ဒီမိုကရေစီစနစ်ကို ကျင့်သုံးမည်ဖြစ်၍ဆိုလျှင်လည်း တစ်ပြည်ထောင်စနစ်သာလျှင် ဆက်လက်ရှင်သန်ကျင့်သုံးသွားမည်သာ ဖြစ်ပါသည်။

**မြန်မာနိုင်ငံအဖို့ ပြည်ထောင်စုစနစ်ထက် တစ်ပြည်ထောင်စနစ်ကို ကျင့်သုံးဖော်ဆောင်သင့်သော အခြားအချက်များ**

(၁) ကမ္ဘာပေါ်တွင် အခြားနိုင်ငံများက ပြည်ထောင်စုစနစ်ကိုကျင့်သုံးသည်ဆိုရာ၌ ပြည်ထောင်စုတွင် ပါဝင်ဖွဲ့စည်းလာသော ပြည်နယ်များမှာ မူလကအချုပ်အခြာအာဏာကို ပိုင်ဆိုင်ကြသော အချုပ်အခြာအာဏာပိုင်နိုင်ငံများ ဖြစ်ကြပါသည်။ (အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဆိုဗီယက်ရုရှား၊ ဆွစ်ဇာလန် စသည့်နိုင်ငံများ) သို့ရာတွင် ယခုမြန်မာနိုင်ငံပြည်ထောင်စုတွင် ဖွဲ့စည်းထားသော ပြည်နယ်များမှာ မူလဘိုးဘေးအစဉ်အဆက်ကပင် အချုပ်အခြာအာဏာပိုင်နိုင်ငံများ မဟုတ်ကြပါ။ မြန်မာတိုင်းရင်းသားများသာ ဖြစ်ကြသည်။

***စာမျက်နှာ ၁၆ သို့***

# သိမ်းဆည်းခံလယ်ယာမြေနှင့်အခြားမြေများပြန်လည်စိစစ်ရေးလုပ်ငန်းဆိုင်ရာ သင်တန်းဖွင့်



ဖြူး ဩဂုတ် ၂၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများနှင့် မြို့ပေါ်ရပ်ကွက်များမှ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီဝင်များ လုပ်ငန်းဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်း ကျွမ်းကျင်မှု ရက်တိုသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၃ ရက်က ဖြူးမြို့ သာသနာ့ဗိမာန်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တောင်ငူခရိုင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီး တောင်ငူမြို့နယ် အမှတ် (၁)မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဝင်းက အမှာစကားပြောကြားပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်နိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဇော်လင်းတို့က သက်ဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်း ကျွမ်းကျင်မှုရှိရေးတို့ကို သင်တန်းပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းသို့ ဖြူးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၅ အုပ်စုနှင့် မြို့ပေါ်ရပ်ကွက်များမှ သင်တန်းသား ၆၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

# ရခိုင်ပြည်နယ် လူမှုဘဝဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ အပ်ချုပ်စက်အလုံး ၅၀ လှူဒါန်း



**စစ်တွေ ဩဂုတ် ၂၅**

ရခိုင်ပြည်နယ် လူမှုဘဝဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ရခိုင်ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ အပ်ချုပ်စက်အလုံး ၅၀ လှူဒါန်းခြင်းအခမ်းအနားကို စစ်တွေမြို့ ဦးဥတ္တမပန်းခြံရှိ လူမှုဝန်ထမ်းဦးစီးဌာန နေ့ကလေးထိန်းကျောင်း စုဝေးခန်းမ၌ ဩဂုတ် ၂၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အဆိုပါအပ်ချုပ်စက်အလုံး ၅၀ နှင့် လူမှုဝန်ထမ်းဦးစီးဌာနရှိ ကလေးငယ်များအတွက် စောင်၊ ဆေးစိမ်ခြင်ထောင်၊ ခြင်ဆေးခွေနှင့် အစားအသောက်ပစ္စည်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်းကိုယ်စား ပြည်နယ်ကြက်ခြေနီအသင်းခွဲမှ နယ်မြေစီမံချက်မန်နေဂျာ ဦးမောင်မောင်မြင့်က ပေးအပ်ရာ ပြည်နယ်လူမှုဝန်ထမ်းရုံးဦးစီးမှူး ဦးသက်လှိုင်ထွန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

“ဒီအပ်ချုပ်စက်တွေကတော့ ပြည်နယ် လူမှုဘဝတိုးတက်ဖွံ့ဖြိုးရေးအတွက် ကျွန်တော်တို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌကြီးရဲ့ ညွှန်ကြားချက်အရ လှူဒါန်းတာပါ။ လူမှုဝန်ထမ်းရုံးက ဖွင့်လှစ်ထားတဲ့ အပ်ချုပ်စက်သင်တန်းတွေ ရှိပါတယ်။ ဒီသင်တန်းတွေပြီးဆုံးရင် သင်တန်းသူတွေအတွက် ပေးအပ်နိုင်အောင် ဆိုပြီးတော့ အပ်ချုပ်စက်ရယ်၊ ခြေနင်းခုံရယ် စုစုပေါင်း အစုံ ၅၀ ကို ရခိုင်ပြည်နယ် လူမှုဝန်ထမ်းရုံးသို့ ပေးအပ်လှူဒါန်းတာဖြစ်ပါတယ်။ ပြည်နယ်ရုံးကတစ်ဆင့် သင်တန်းသူတွေကို လွှဲပြောင်းပေးမှာပါ။ ကျွန်တော်တို့ရဲ့ လှူဒါန်းမှုဟာ ပြည်နယ်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးမှာ တစ်ထောင့်တစ်နေရာက အထောက်အကူဖြစ်စေလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်” ဟု ပြည်နယ်ကြက်ခြေနီအသင်းခွဲမှ စီမံချက်မန်နေဂျာက ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုကြီးစော**

## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

## သတင်းတိုထွာ

### ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်များ ဖွင့်ပွဲကျင်းပ

၂၀၁၆ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့်အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက်က နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ ၌ ကျင်းပရာ ဆေးရုံအုပ်ကြီးဒေါက်တာသီတာလှ အမှာစကားပြောကြားသည်။

ဆက်လက်၍ ဘာသာရပ်အလိုက် ပညာပေးဟောပြောဆွေးနွေးပွဲကို ကျင်းပရာ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာရီရီက နို့ချိုတိုက်ကျွေး ပြည့်ရင်သွေး၊ ဒေါက်တာနှင်းနှင်းအေးနှင့် ဒေါက်တာမေစန္ဒာတို့က မိခင်နှင့်အာဟာရအကြောင်းတို့ကို ဆွေးနွေးဟောပြောခဲ့ပြီး ပါမောက္ခဒေါက်တာခင်ပြုံးကြည်က ပြန်လည်ဆွေးနွေးပြောကြားသည်။ ထို့နောက်တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

### မူခင်းအသိရရှိရန် အသိပညာပေးယာဉ်ဖြင့် ပြသပညာပေး

ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ထိရောက်သော မူခင်းအသိပညာများရရှိစေရန် ရည်ရွယ်ချက်ဖြင့် နေပြည်တော်ရဲတပ်ဖွဲ့သို့ ထုတ်ပေးထားရှိသော UD Counter ၁၀ ဘီးယာဉ်အပါအဝင် ယာဉ်သုံးစီးဖြင့် အသိပညာပေးခြင်းကို ဩဂုတ် ၂၃ ရက်က ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏသီရိရပ်ကွက်ရှိ ဒက္ခိဏသီရိဈေးသို့လည်းကောင်း၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးစိုးဝင်းနှင့်ရဲတပ်ဖွဲ့ဝင်များသည် ပြခန်းယာဉ်အတွင်းရှိ ပြခန်းအမျိုးအစားအလိုက်ကဏ္ဍများကို ရှင်းလင်းပြသခဲ့သည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ကျော်ကြီးကြပ်၍ ဒက္ခိဏသီရိမြို့နယ် အ.ထ.က(၁၉)တွင် ဆရာများနှင့် ကျောင်းသား ကျောင်းသူတို့အား တာဝန်ရှိသူများက မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပြစ်ဒဏ်များအကြောင်း၊ လူကုန်ကူးမှုအကြောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(ရှုပဗေဒ)**

### ပုသိမ်ခရိုင်အတွင်း ဆရာဝန်များစု၍ ရေဘေးသင့်ပြည်သူများအားလှူဒါန်း

မြန်မာနိုင်ငံအတွင်းရေဘေးအန္တရာယ်ကျရောက်ခဲ့သော ကျေးလက်ဒေသ မြို့ရွာများသို့ အလှူငွေနှင့်ထောက်ပံ့ပစ္စည်းမျိုးစုံပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂၂ ရက်က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှေ့ရွှေဝါအစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း (ပုသိမ်ခရိုင်)က ဦးစီး၍ ပုသိမ်မြို့ပေါ်ရှိ နိုင်ငံ့ဝန်ထမ်း၊ ပုဂ္ဂလိကနှင့် အငြိမ်းစားဆရာဝန်၊ သူနာပြုများစုပေါင်း၍ ငွေကျပ် ၁၆ သိန်းနှင့် လူသုံးကုန်ပစ္စည်းများကို ပုသိမ်အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်ညွန့်နှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(ပုသိမ်ခရိုင်)အတွင်းရေးမှူး ဒေါက်တာ ဦးကြည်ဖေ (အကြော/အရိုးကု) ဆရာဝန်ကြီးတို့က တိုင်းဒေသကြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ပုသိမ် လှကြည်**

### စာကြည့်တိုက်ဖွင့်ပွဲအထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပမည်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကုက္ကိုစုကျေးရွာ ဦးဘိုးမှန်စာကြည့်တိုက်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါစာကြည့်တိုက်ဖွင့်ပွဲအထိမ်းအမှတ်စာပေဟောပြောပွဲကို ဩဂုတ် ၂၇ ရက် ည ၇ နာရီတွင် ကျင်းပမည်ဖြစ်ပြီး စာရေးဆရာများဖြစ်သော ဦးဘုန်း(ဓာတု)နှင့် ဦးဇော်ခိုင်ဦးတို့က စာပေရေးရာများကို ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

*စာမျက်နှာ ၁၅ မှ*

(၂) အထက်ပါ အချုပ်အခြာအာဏာပိုင်နိုင်ငံများမှာ လူချည်းသက်သက်မဟုတ်ဘဲ နိုင်ငံနယ်မြေများပါ ပေါင်းစည်းပါဝင်လာသဖြင့် ပေါင်းစုဖြစ်ပေါ်လာကာ ပြည်ထောင်စုနိုင်ငံမှာ နယ်မြေအရရော၊ လူအင်အားအရပါ ပိုမိုကြီးမားကျယ်ပြန့်လာ၍သာ၍ အင်အားတောင့်တင်းခိုင်မာ၍လာပါသည်။ ဥပမာ-အမေရိကန်ပြည်ထောင်စုမှာ မူလ ၁၃ ပြည်နယ်မှ ယခုအခါ ပြည်နယ်ပေါင်း ၅၀ အထိလည်းကောင်း၊ ကနေဒါနိုင်ငံမှာ မူလလေးပြည်နယ်မှ ယခုအခါ ပြည်နယ် ၁၀ အထိလည်းကောင်း ပေါင်းစည်းဖြစ်ပေါ်လာခဲ့ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံကို ဖွဲ့စည်းခဲ့ရာတွင် အထက်ပါအတိုင်းကဲ့သို့ မဟုတ်ဘဲ မူလရှိပြီးသားနယ်မြေကို ခွဲစိတ်၍ ပြည်ထောင်စုအဖြစ် ဖွဲ့စည်းခဲ့ရပါသည်။ သို့ဖြစ်၍ တစ်လုံးတစ်စည်းတည်း ကျစ်လျစ်သိပ်သည်းနေသော တစ်ပြည်ထောင်ဘဝမှ စည်းလုံးညီညွတ်မှုတွင် အားနည်းသော (From Unity to Union) ပြည်ထောင်စုအဖြစ်သို့ (From Centralization to decentralization) ဖွဲ့စည်းခဲ့ရပါသည်။ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့ ဖြစ်ပေါ်ဖွဲ့စည်းမှုမှာ အရေအတွက်မှ အရည်အချင်းသို့ (From quantity to quality) ဖွဲ့စည်းပုံမျိုးဖြစ်၍ မြန်မာပြည်ထောင်စု၏ ဖွဲ့စည်းမှုမှာ အရည်အချင်းမှ အရေအတွက် (From quality to quantity) ဖွဲ့စည်းပုံမျိုး ဖြစ်လျက်ရှိပါသည်။ မူလကတည်းက တစ်ပြည်ထောင်တစ်မြေတည်းကို ခွဲစိတ်၍ ပြည်ထောင်စုပြုလိုက်ရ၍ ဖြစ်ပါသည်။

(၃) အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံပြည်ထောင်စုကို လူမျိုးအရဖွဲ့စည်းမှုကိုကြည့်လျှင် မျိုးမတူ ဇာတ်ခြားသော လူမျိုးများဖြင့် ပေါင်းစည်းထားကြောင်း တွေ့ရပါသည်။ ဥပမာ- အမေရိကန်ပြည်ထောင်စုတွင် အများအားဖြင့် ဥရောပမှ နိုင်ငံသားများပါဝင်သော ဒတ်(ချ်)၊ ပြင်သစ်၊ ဂျာမနီ၊ စပိန်၊ အီတလီ၊ အင်္ဂလိပ်လူမျိုးများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ လက်ရှိမြန်မာပြည်ထောင်စုတွင် ပါဝင်ဖွဲ့စည်းထားသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် ၁၃၅ ခုမျှသော လူမျိုးနွယ်စုတို့မှာ အားလုံးပင် တိဗက်မြန်မာ၊ မွန်ခမာအနွယ်မှ ဆင်းသက်ခဲ့သည့် တစ်အူထုံဆင်း ညီရင်းအစ်ကိုတို့သာဖြစ်ကြ၍ ခွဲခြားပင်ခွဲခြားသော်လည်း ကွဲပြားမှု(ဝါ)ခြားနားမှုမရှိသော ခွဲခြားမှု(A distinction without a difference) မျှသာဖြစ်၍ ရှင်းစေလို၍ ခွဲလိုက်သည်၊ ခွဲလိုက်သည့်အတွက်ပင် ပို၍ရှုပ်ထွေးသော ခွဲခြားမှုမျိုးသာဖြစ်ပါသည်။

(၄) မြန်မာနိုင်ငံသည် ပြည်ထောင်စုစနစ်ဖွဲ့စည်းရန်အတွက် အလွန်သေးငယ်သော နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ဧရိယာအားဖြင့် စတုရန်းမိုင်ပေါင်း (၂) သိန်း (၆)သောင်းမျှသာရှိသော နိုင်ငံကလေးတစ်ခုဖြစ်ပါသည်။ အနောက်ဘက်တွင် ဧရိယာစတုရန်းမိုင်ပေါင်း ၁၂ သိန်းကျော်ရှိပြီး လူဦးရေအားဖြင့် မြန်မာလူဦးရေ၏ အဆ-၂၀ မျှ သန်း ၁၀၀၀ ကျော်ရရှိသော အိန္ဒိယနိုင်ငံနှင့် အရှေ့နှင့် အရှေ့မြောက်ဘက်တွင် လူဦးရေအားဖြင့် မြန်မာလူဦးရေ၏ ၂၅ ဆကျော် သန်း ၁၃၀၀ ကျော်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ နယ်နိမိတ်ချင်းစပ်လျက်တည်ရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ သေးငယ်မှုမှာ ပို၍ပို၍ အားမရစရာ ဖြစ်လျက်ရှိပါသည်။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံကဲ့သို့ပင် မူလတစ်ပြည်ထောင်စနစ်မှ အင်္ဂလိပ်ထံမှ လွတ်လပ်ရေးရသောအခါ ပြည်ထောင်စုစနစ်ကို ကျင့်သုံးသောနိုင်ငံဖြစ်ပါသည်။ သို့ရာတွင် တစ်ပြည်ထောင်စနစ်ထက် ပြည်ထောင်စုစနစ်ကသာ အိန္ဒိယပြည်အတွက် သာလွန်ကောင်းမွန်သည်။ မြန်မာနိုင်ငံနှင့်မတူသော အခြေခံများ အိန္ဒိယနိုင်ငံတွင် ရှိနေပါသည်။ အဓိကအချက်တစ်ရပ်မှာ တိုင်းပြည်အနေဖြင့် ကြီးမားကျယ်ပြန့်၍ လူဦးရေအားဖြင့်လည်း များပြားပြီး ကိုးကွယ်သည့်ဘာသာ၊ ဘာသာစကား ထုံးတမ်းစဉ်လာနှင့် ယဉ်ကျေးမှုများ၊ ပြည်နယ်တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားမှုကြောင့် တစ်ပြည်ထောင်စနစ်ကို ကျင့်သုံးရန်မဖြစ်ဘဲ ပြည်ထောင်စုစနစ်ကို ကျင့်သုံးခဲ့ရခြင်းဖြစ်ပါသည်။ အိန္ဒိယပြည်၏ အချို့သောပြည်နယ်များ (ဥပမာ-ဘီဟာ၊ ဘုံဘေ၊ မာဒရပ်၊ ဥတာပရာဒတ်၊ ဝိန္ဒာပရာဒတ် (Vindhya Praderli) ပြည်နယ်တစ်ခုစီ၏ လူဦးရေပမာဏသည်ပင် မြန်မာတစ်နိုင်ငံလုံး၏ လူဦးရေထက် နှစ်ဆ၊ သုံးဆများပြားကြပါသည်။) အိန္ဒိယနိုင်ငံသည် ပြည်ထောင်စုပုံသဏ္ဌာန် ခံယူကျင့်သုံးပင်သုံးငြားသော်လည်း မြန်မာနိုင်ငံတွင်ခွင့်ပြုထားသော ခွဲထွက်ခွင့်ကို ခွင့်ပြုမထားရုံမျှမက နိုင်ငံအဖို့ အရေးပေါ်ကိစ္စများ ဖြစ်ပေါ်လာသောအခါ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုပုံသဏ္ဌာန်မှ တစ်ပြည်ထောင်ပုံစံသို့ ပြောင်းလဲနိုင်ရန် အခြေခံဥပဒေတွင် ထည့်သွင်းရေးဆွဲထားပါသည်။

**ထင်းချောင်းမှ ထင်းစည်း၊ ထင်းစည်းမှ ထင်းတုံးဘဝသို့**

ကမ္ဘာပေါ်တွင် ပြည်ထောင်စုစနစ်ကို သူ့လူမျိုး၊ သူ့ဒေသနှင့်သူ လိုက်လျောညီထွေရှိကြရန်အတွက် ဖွဲ့စည်းခဲ့ခြင်းသာဖြစ်ပါသည်။ ထင်ရှားသော ပြည်ထောင်စုနိုင်ငံများဖြစ်ကြသည့် အမေရိကန်ပြည်ထောင်စု၊ ကနေဒါနိုင်ငံတို့မှာ မူလက အချုပ်အခြာအာဏာပိုင် နိုင်ငံငယ်များစုပေါင်း၍ ဖြစ်လာခဲ့ရာ ယင်းကြောင့် တစ်ပြည်ထောင်စနစ်ကိုကျင့်သုံးရန် မဖြစ်နိုင်သောကြောင့်သာ ပြည်ထောင်စုပုံစံကို ဖွဲ့စည်းခဲ့ရကြောင်း အထက်တွင်ဆိုခဲ့ပြီးဖြစ်ပါသည်။

အလားတူထင်ရှားသော တစ်ပြည်ထောင်ပုံစံနိုင်ငံများမှာ ဂရိတ်ဗြိတိန်၊ ပြင်သစ်၊ အီတလီ၊ ဘယ်လ်ဂျီယံ၊ ဂျပန်၊ ယိုးဒယားနှင့် ဆိုရှယ်လစ်ကွန်မြူနစ်နိုင်ငံများအနေဖြင့် ချက်ကိုစလိုဗက်ကီးယားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ဖြစ်ပါသည်။ ယင်းနိုင်ငံတို့မှာ ကမ္ဘာ့သမိုင်းတွင် အတူတည်ထောင်ဖြစ်ပေါ်ခဲ့သော နိုင်ငံများဖြစ်ကြ၍ နိုင်ငံကိုတစ်ပြည်ထောင်စနစ်အနေအထားအတိုင်း လူမျိုးစုများမှာ နိုင်ငံသား Nationality အဖြစ်သို့ တဖြည်းဖြည်း တစ်စစ စိမ့်ဝင် (by absorption) သောနည်းဖြင့် တစ်စိတ်တစ်ဒေသမှ တစ်ခုလုံးအဖြစ်သို့ ပေါင်းရုံးရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံသည်လည်း အလားတူအခြေအနေမျိုး ထပ်တူထပ်မျှပင် သမိုင်းကြောင်းစတင်ခဲ့ရကြောင်း အထက်တွင်တင်ပြခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် ဥပမာများအဖြစ် ကျွန်ုပ်တို့ ထင်ဟပ်ဖော်ဆောင်ကြရာတွင် ထင်းချောင်းကလေးများမှ ထင်းစည်းကြီးအဖြစ်သို့ စုစည်းရောက်ရှိပုံဖြင့် ဥဒါဟရုဏ်ဆောင်ပြတတ်ကြရာ ပြည်ထောင်စုစနစ်မှ တစ်ပြည်ထောင်စနစ်သို့ ပြောင်းလဲကျင့်သုံးခြင်းဖြင့် ယင်းထင်းချောင်းကလေးများမှ ထင်းစည်းဖြစ်လာသော ထင်းစည်းကို မူလထင်းတုံးကြီးအဖြစ်သို့ ပြန်လည်ရောက်ရှိစေရန် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၃၁)

# လျှောက်လဲချက်လား၊ လျှောက်တစ်လွဲချက်လား



## ဦးဟန်ညွန့်(ဥပဒေ)

**တရားရုံးမှာ**

"တရားရုံးမှာ လျှောက်လဲချက်ပေးတာ အရေးကြီးသလားဆရာ။ နည်းနည်းရှင်းပြပေးပါ" ဟုအလုပ်သင်ရှေ့နေကလေးက ဆိုလာပြန်ပါသည်။ မေးထိုက်သောမေးခွန်းပါပဲ။ လက်တွေ့လည်းအရေးကြီးသည့် ရှေ့နေလုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် ဉာဏ်မီသမျှတင်ပြပါရစေ။

**လျှောက်လဲချက်ဆိုတာဘာလဲ**

"လျှောက်လဲချက်ဆိုသည်မှာ တရားသူကြီးအား ရှေ့နေက အမှုမည်သို့ဆုံးဖြတ်သင့်ကြောင်းတင်ပြချက်ဖြစ်သည်" ဟု အကျဉ်းမျှ ပြောနိုင်ပါသည်။ ရှေ့နေက ကိုယ့်အမှုနိုင်ဖို့ ကျိုးကြောင်းပြ၊ ရှင်းပြသော စကား၊ စာစုဟု လည်းဆိုနိုင်ပါမည်။

**အရေးကြီးသလား**

"လျှောက်လဲချက်ကအရေးကြီးသလား။အရေးကြီးတာပေ့ါ ။သိပ်အရေးကြီးတာပေ့ါ။ အမှုအနိုင်/အရှုံး၏မှတ်ကျောက်ဖြစ်လို့ပါ။ တရားသူကြီးကို အမှုဘယ်လိုဆုံးဖြတ်ပေးပါလို့ ပြောတာပဲ။ ကိုယ့်အမှုနိုင်အောင် အစွမ်းပြတာပဲ။ တရားသူကြီးက လက်ခံရင် ကိုယ့်လျှောက်လဲချက်ကောင်းလို့ပဲ။ ကိုယ်လျှောက်လဲတဲ့အတိုင်း တရားသူကြီးက အမိန့်ချတယ်ဆိုရင် ကိုယ်နိုင်ပြီ" ဟု ရှေ့နေများ ပြောလေ့ရှိသည်။ မှန်ပါသည်။ အမှုတစ်မှုလုံး၏ အနှစ်ချုပ်တင်ပြချက်ဖြစ်ပါသည်။

**တရားခံရှေ့နေ**

တရားခံ၏ရှေ့နေက ကိုယ့်တရားခံလွတ်ရာလွတ်ကြောင်းပြောမည်။ ရေးမည်။ ကိုယ့်တရားခံအတွက် အချက်အလက်တွေ စုဆောင်းရှာမည်။တရားခံရှေ့နေပေကိုး။ အချက်အလက်ရှာ၊ ဥပဒေနှင့်ပူးကပ် ၊ ပေါင်းစပ်၍ လျှောက်လဲချက်ရေးမည် ။ပြောမည်။

**တရားလို ရှေ့နေ**

တရားလို၏ရှေ့နေက ကိုယ့်တရားလိုအတွက် အချက်အလက်ရှာမည်။ရေးမည်။ တရားလိုက ဘာမှုစွဲတာလဲ။ ဘာအကြောင်းလဲ။ ဘာပုဒ်မလဲ၊ ဘယ်လိုငြိစွန်းစေမည်လဲ။ တရားလိုဘက်အတွက် ရှာဖွေတင်ပြသော အထောက်အထား ပြည့်စုံရမည်။ ဥပဒေနှင့်ငြိစွန်းမှုအင်္ဂါရပ်များ ပေါင်းစပ်မည်။တရားလိုဘက်မှ လျှောက်လဲချက်ဖြစ်သည်။

"တရားလို" ဟု ဆိုရာတွင် ပုဂ္ဂလိကနစ်နာသူ (တရားလို) ရှိသကဲ့သို့ နိုင်ငံတော်(အစိုးရ) ဘက်က စွဲဆိုသော အမှုလည်း ရှိသည်။ ဥပမာ၊ ဥပဒေအရာရှိလိုက်ပါသော ဥပဒေအရာရှိ၏ တရားလိုဘက်လျှောက်လဲချက်ဖြစ်သည်။

**စွဲချက်အဆင့်**

စွဲချက်တင်သင့်/မတင်သင့် အပိုင်းလျှောက်လဲချက်ရှိသည်။ တရားခံအား မည်သည့်ပုဒ်မဖြင့်စွဲချက်တင်သင့်ကြောင်း (သို့မဟုတ်)မတင်သင့်ကြောင်းဖြစ်သည်။ စွဲချက်မတင်မီ တရားရှင်လွှတ်သင့်ကြောင်း တင်ပြနိုင်သည်။

**အပြီးသတ်အဆင့်**

စွဲချက်တင်ပြီး၊ တရားခံစစ်ဆေးပြီး၊ အပြီးသတ်အမိန့်ချမှတ်သည့် အဆင့်တွင် အပြီးသတ်လျှောက်လဲချက်တင်ဆက်ခြင်းရှိသည်။ အပြီးသတ် လျှောက်လဲချက်ဟုခေါ်သည်။ နောက်ဆုံးအဆင့်တင်ပြစရာ ၊ ပြောစရာ၊ ကိုးကားစရာတွေ လျှောက်လဲခြင်းဖြစ်ပေသည်။

**တရားမမှု**

တရားမမှုများတွင်လည်း အဆိုလွှာ ၊ အချေလွှာ၊ ရုံးငြင်းချက်များအပေါ် အခြေပြု၍ နှစ်ဖက်သက်သေခံချက်များကိုကိုးကားပြီး ဥပဒေအကိုးအကားဖြင့် မိမိအမှုသည်အား အသာပေးရန် တင်ပြလျှောက်လဲကြသည်။ တရားမ လျှောက်လဲချက်များဖြစ်ပေသည်။

**တရားသူကြီးအားကူညီခြင်း**

တရားသူကြီးက ဘယ်လိုဆုံးဖြတ်ရမည်လဲ။ မည်သို့စီရင်ချက်ချရမည်လဲ။ ရှေ့နေတွေက နှစ်ဖက်တင်ပြကြပါ။ အကိုးအကား စုံလင်ပါစေ။ အချက်အလက်ပြည့်စုံပါစေ။ ဥပဒေနှင့်ညီညွတ်ပါစေ။ တရားမျှတမှုရကြပါစေ။ တရားသူကြီးကိုကူညီပါ။ နှစ်ဖက်ရှေ့နေများ၏ တင်ပြချက်ကို တရားသူကြီးက သုံးသပ်ဆုံးဖြတ်ပါမည်။ ထို့ကြောင့် လျှောက်လဲချက်အရေးကြီးသည်။

**လျှောက်တစ်လွဲချက်မဖြစ်စေနှင့် -**

လျှောက်လဲချက်သည် လျှောက်လဲချက်ဖြစ်ရမည်။ လျှောက်လဲချက်သည် လျှောက်တစ်လွဲချက်မဖြစ်စေနှင့်။ တစ်လွဲကို လျှောက်လဲ မည်လား။ တစ်လွဲဆံပင်ကောင်းမည်လား။ ခုတ်ရာ တခြား၊ ရှရာတခြားဖြစ်မည်လား။ တိတိကျကျ ပစ်မှတ်ထိမည်လား။ ဗဟိုမှန်အောင်ပစ်မည်လား။ စွဲတဲ့ပုဒ်မ ငြိသလား။စွဲတဲ့ပုဒ်မနှင့်ဘေးချော်နေသလား။ အမှုအင်္ဂါရပ်ဘာလဲ။ မူရင်းဥပဒေပုဒ်မပြဋ္ဌာန်းချက် ဘာလဲ။ သက်သေတစ်ဦးချင်းငြိစွန်းချက်ဘာလဲ။ အချက်အလက်(FACTS)နှင့်၊ ဥပဒေ (LAW)ဘယ်လိုဆက်စပ်ပေးမလဲ။ အချက်အလက်ကတခြား၊ ဥပဒေကတခြား ဘာသွားလုပ်မည်လဲ။ တရားသူကြီးက ရှေ့နေ၏တင်ပြချက်ကို လက်ခံထိုက်သလား။ လက်မခံထိုက်ဘူးလား။ ဘာ့ကြောင့် လက်ခံထိုက်သလဲ။ဘာ့ကြောင့် လက်မခံထိုက်သလဲ။ တစ်လွဲကို လျှောက်လဲနေမှတော့ **"လျှောက်တစ်လွဲချက်"** ဖြစ်ပြီပေ့ါ။ လျှောက်လဲချက်ဖြစ်အောင် ပြောပါ။ ပီပြင်ပါ။ ရှင်းပါ။ လင်းပါ။ ဘေးမချော်စေနှင့်။ တစ်လွဲမလုပ်နှင့်။

**နှုတ်ဖြင့်လျှောက်လဲချက်**

နှုတ်ဖြင့်လျှောက်လဲချက်သည် အနုပညာတစ်ရပ်ဖြစ်သည်။စာဖြင့် လျှောက်လဲချက်သည် ရေးသားလျှောက်လဲချက်ဖြစ်သည်။ အနုပညာပီသသော၊ အပြောအဟောကောင်းသည့်လျှောက်လဲချက် ပြောတတ်လွန်းသော ရှေ့နေကြီးများကို လေးစားထိုက်သည်။ ထူးခြားသည့် ပါရမီရှင်ကြီးတွေပါပဲ။ တော်လွန်းသည်။ တရားသူကြီးက စိတ်ဝင်စားသည်။ ခေါင်းတညိတ်ညိတ်။ လိုက်လံမှတ်သားသည်အထိ ပညာယူသည်။

(၈) ရိုင်းစိုင်းသော အမူအရာ မပြနှင့်။

(၉) သိက္ခာ၊ သမာဓိ ရှိပါစေ။

(၁၀) အပို၊ အလို မရှိ၊ တိတိကျကျပြောပါ။

(၁၁) စနစ်ကျသော အစီအစဉ်ချမှတ်ပြီးမှ ဆောင်ရွက်ပါ။

(၁၂) အဓိကမဏ္ဍိုင် သော့ချက်ထိပါစေ။

(ကောင်းနိုးရာရာ ဤအချက်များမှာ နမူနာမျှသာပါ ။အခြားခြားသောပေါင်းစပ်မှုများ ထပ်မံရှာဖွေလေ့လာသင့်သေးသည်)

**ရေးသားလျှောက်လဲချက်ရှိသင့်သလား**

နှုတ်ဖြင့် လျှောက်လဲချက်တင်ပြီးက ရေးသားလျှောက်လဲချက်(စာဖြင့်) တင်ရန် သင့်/မသင့် ဆွေးနွေးကြသည်။ စာဖြင့် ရေး၍ တင်ရမည်ဟု ဥပဒေပြဋ္ဌာန်းချက်မရှိဟု ဆိုသူက ဆိုသည်။ ကျွန်တော့်အတွေးကတော့ "စာဖြင့် ရေးသားလျှောက်လဲချက် လိုအပ်သည်" ဟု တင်ပြပါသည်။ ကိုယ်ပြောချင်တာ၊ ကိုယ်ရေးချင်တာ၊ ကိုယ်တောင်းချင်တဲ့ အခွင့်အရေးကို တရားရုံးသို့တင်ပြရခြင်းဖြစ်၍ အလွန်ကောင်းသော အခွင့်အရေးဖြစ်သည်။

**ခုခံချေပခွင့်**

ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ၊ ပုဒ်မ ၃ တွင် တရားစီရင်ရေးဆိုင်ရာမူများ ပြဋ္ဌာန်းထားသည်။ အဆိုပါပြဋ္ဌာန်းချက်ထဲတွင် ၊ "အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး" ဟူသော အချက်တစ်ချက်ပါသည်။ ထို့ကြောင့် ခုခံချေပခွင့်ကို အပြည့်အဝရယူလိုသူတိုင်း နှုတ်ဖြင့်ရော၊ စာဖြင့်ပါ

**အပြောတခြား ၊ အလုပ်တခြား၊ အမှုတွဲပေါ်ပေါက်ချက်ကတစ်မျိုး၊ လျှောက်လဲတော့တစ်ဖုံ၊ တောင်စင်ရေမရ။ ရုပ်ရှင်မင်းသားရှုံးလောက်အောင် (ပြောမဆုံးပေါင်၊ တောသုံးတောင် ဆိုသကဲ့သို့) လျှောက်တစ်လွဲချက်ပိုင်ရှင်ရှေ့နေများကိုတော့ တရားသူကြီးက ပြုံးစိစိ ...။ မှတ်သားစရာမပါ။ ဥပဒေနားမလည်သူများကတော့ အဆိုပါရှေ့နေမျိုးကို အထင်ကြီးကောင်း ကြီးမည်။ နောက်ဆုံးတော့ အရည်မရ၊ အဖတ်မရ၊ နစ်နာသူမှာ အမှုသည်**

နှုတ်ဖြင့်ပါပြောပြီး စာဖြင့်ရေးသားချက်ပါတင်ပြသည်။ ရုံးတော်ကလက်ခံသည်။

**လျှောက်တစ်လွဲချက်ပိုင်ရှင်ရှေ့နေများ**

အပြောတခြား ၊ အလုပ်တခြား၊ အမှုတွဲပေါ်ပေါက်ချက်ကတစ်မျိုး၊ လျှောက်လဲတော့ တစ်ဖုံ၊ တောင်စင်ရေမရ။ ရုပ်ရှင်မင်းသားရှုံးလောက်အောင် (ပြောမဆုံးပေါင်၊ တောသုံးတောင်ဆိုသကဲ့သို့) လျှောက်တစ်လွဲချက်ပိုင်ရှင်ရှေ့နေများကိုတော့ တရားသူကြီးက ပြုံးစိစိ ...။ မှတ်သား စရာမပါ။ ဥပဒေနားမလည်သူများကတော့ အဆိုပါရှေ့နေမျိုးကို အထင်ကြီးကောင်းကြီးမည်။ နောက်ဆုံးတော့ အရည်မရ၊ အဖတ်မရ၊ နစ်နာသူမှာ အမှုသည်။

**ဤအချက်များ**

ဤအချက်များအရေးကြီးသည် - **ဖတ်ကြည့်ပါဦး။**

(၁) အချက်အလက်ကျေညက်ပါစေ။

(၂) တိကျမှန်ကန်ပါစေ။

(၃) ယဉ်ကျေးသိမ်မွေ့ပါ။

(၄) ထိမိသော အသုံးအနှုန်း၊ အရေးအသားသုံးပါ ။

(၅) စီရင်ထုံးထိမိစွာ တင်ပြပါ။

(၆) ရှည်လျားထွေပြား ပျင်းရိငြီးငွေ့ ဖွယ် (တရားသူကြီး စိတ်ပျက်ဖွယ်) မဖြစ်စေနှင့်။

(၇) တစ်ဖက်သားကို မပုတ်ခတ်နှင့်။

လျှောက်လဲချက် တင်ခြင်းမှာ တရားစီရင်ရေးဆိုင်ရာ မူများနှင့်ညီညွတ်သည်ဟု ကျွန်တော်တွေး သည်။

တရားရုံးအစဉ်အဆက်၊ တရားသူကြီး အစဉ်အဆက် တစ်သက်လုံး သုံးစွဲခဲ့သော ကျင့်စဉ်တစ်ရပ်လည်းဖြစ်နေပြီ။ မည်သူ့ကိုမျှလည်း မထိခိုက်။ အမှုတွေများပြားလွန်းသောအခါ လျှောက်လဲချက်ကြားနာရသော တရားသူကြီးအနေနှင့်အမှုအားလုံး၏ လျှောက်လဲချက်ကို (တစ်လုံးမကျန် )လိုက်လံရေးမှတ်နိုင်မည် မဟုတ်။ ထိုအခါ ရှေ့နေရှေ့ရပ် ရေးသားတင်ပြသော ရေးသားလျှောက်လဲချက်ကို လက်ခံပြီး အမှုတွဲ၌ တွဲထား။ ဖတ်ရှုမှတ်သားပြီး ၊ ကိုးကားခြင်းက အကျိုးများလှသည်။ ထို့ကြောင့် နှုတ်ဖြင့်ရော၊ ရေးသားခြင်းဖြင့်ပါ တရားသူကြီးက လက်ခံခြင်းသည်ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေးကို မထိခိုက်နိုင်ဟု ကျွန်တော်တွေးခြင်း၊ ရေးခြင်း ဖြစ်ပါသည်။

**တင်ပြချက်**

(၁) လူငယ်ရှေ့နေကလေး [အလုပ်သင်ရှေ့နေ ကလေးတွေ] အတွက်သာ မေးသမျှ၊ တတ်စွမ်းသမျှ ၊ ဝေမျှဖြေကြားခြင်းပါ။ပညာရှင်ကြီးများအတွက် မရည်ရွယ်ပါ။

(၂) မိဘဆရာသမား ဥပဒေပညာရှင်ကြီးများ၊ ရှေ့နေအိုကြီးများ၏သွန်သင်ချက်များကို လူငယ်များနှင့်အတူ'လေ့လာသင်ယူဆဲ ၊ ခံယူဆဲ'ပါ။

(၃) လျှောက်တစ်လွဲချက်မဖြစ်ပါစေကြောင်း . . . ။

---

## ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

**ရှာင် ဩဂုတ် ၂၅**

ရှာင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက အမက(မူလွန်) တောင်ခေါင်းပွာတွင် ဩဂုတ် ၂၃ ရက်က ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာဖတ်ဝိုင်း၊ ခာတ်ပုံပြခန်းနှင့် ပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့ပြီး ပြိုင်ပွဲဝင်ဆုရ ကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ကြီးနှင့် ပြန်/ဆက် ဦးစီးမှူး ဒေါ်ကြူကြူလှိုင်တို့က ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ရှာင်)**

**ကျောက်ဖြူမြို့နယ် အထက-၃ စန္ဒကူးခန်းမ၌ ဩဂုတ် ၂၃ ရက်က ကျောင်းပြင်ပ မူလတန်းပညာရေး လုပ်ငန်းဖွင့်ပွဲအခမ်းအနား ကျင်းပရာ ကျောက်ဖြူခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းက အမှာစကားပြောကြားစဉ်။**

(ခရိုင် ပြန်/ဆက်)




## ယာဉ်အန္တရာယ်ကင်းဝေးစေရေး ဆောင်ရွက်ပေး

**နောင်ချို ဩဂုတ် ၂၅**

နောင်ချိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်းသည် မန္တလေး-လားရှိုးကားလမ်းဘေးတွင် တည်ရှိရာနေ့စဉ်ကျောင်းသို့ စာသင်ကြားနေသော ကျောင်းသားကျောင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက်ဩဂုတ် ၂၂ ရက်က ကျောင်းဆင်းချိန်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွေးကြီးကြပ်ကာ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ရဲမေများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့်ဝန်ထမ်းများက ကားလမ်းဖြတ်ကူးရာတွင်ကူညီစောင့်ရှောက်ပေးခဲ့ကြသည်။ ထို့ပြင် မူခင်းကျဆင်းရေးနှင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များကို ဆိုင်ကယ်စီးနင်းသူများ၊ ယာဉ်မောင်းများအားဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**



## ဘရာဇီးအသင်းခေါင်းဆောင်အဖြစ် နေမာ ဆက်ရှိနေရန် နည်းပြ တိုင်တီ လိုလား

ဘရာဇီးလက်ရွေးစင်အသင်း ခေါင်းဆောင်ရာထူးကို စွန့်လွှတ်ပြီဖြစ်ကြောင်း ကြေညာခဲ့သူ နေမာ၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ပြောင်းလဲစေရန် ကြိုးစားသွားမည်ဟု ဘရာဇီးလက်ရွေးစင်အသင်းနည်းပြ တိုင်တီက ထုတ်ဖော်ပြောဆိုလိုက်သည်။

ဘာစီလိုနာအသင်း တိုက်စစ်မှူး နေမာသည် ၂၀၁၆ ခုနှစ် ရီယိုအိုလံပစ်ပြိုင်ပွဲ၌ ဘရာဇီးအိုလံပစ်အသင်းအတွက် ပထမဆုံးအကြိမ် ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်စေရန် ကူညီပေးနိုင်ခဲ့ပြီးနောက် ဘရာဇီးလက်ရွေးစင်အသင်း၏ ခေါင်းဆောင်ရာထူးကို စွန့်လွှတ်ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး နေမာက ဘရာဇီးလက်ရွေးစင်အသင်း ခေါင်းဆောင်ရာထူးအား စွန့်လွှတ်ရခြင်းအကြောင်းရင်းကို ပြောဆိုခဲ့ ခြင်းမရှိခဲ့ပေ။ သို့သော်လည်း နေမာနှင့် ဘရာဇီးမီဒီယာများအကြားတွင် ဆက်ဆံရေးတင်းမာမှုများသည် ဘရာဇီး ခေါင်းဆောင်ရာထူးအား စွန့်လွှတ်ရန် နေမာဆုံးဖြတ်ခဲ့ခြင်း၏ အဓိက အကြောင်းရင်းဖြစ်နိုင်ကြောင်း သတင်းများတွင် ဆက်လက် ရေးသားထားသည်။ အသက် ၂၄ နှစ်အရွယ်ရှိ တိုက်စစ်မှူး နေမာအား ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်းတွင် ဘရာဇီးအသင်းနည်းပြအဖြစ် တာဝန်ယူခဲ့သူ ဒွန်ဂါက အသင်းခေါင်းဆောင်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ တိုက်စစ်မှူး နေမာသည် ဘရာဇီး လက်ရွေးစင်အသင်းအတွက် ပွဲ ၇၀ ပါဝင်ကစားခဲ့ပြီး ၄၆ ဂိုး သွင်းယူပေးထားသည်။

"အိုလံပစ်ပြိုင်ပွဲမှာ အောင်မြင်မှုအတွက် အောင်ပွဲခံဖို့နဲ့ ဘရာဇီးလက်ရွေးစင်အသင်းရာထူးနဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်နေမှုမရှိဖို့ နေမာကို ပြောဆိုခဲ့ပါတယ်။ နေမာဟာ ကွင်းအတွင်းမှာ အသင်းကို ဦးဆောင်နိုင်သူဖြစ်ပါတယ်။ ဘာဆက်ဖြစ်လာမလဲဆိုတာကို ကျွန်တော်တို့ စောင့်ကြည့်ရမှာပါ"ဟု ဘရာဇီးအသင်းနည်းပြ တိုင်တီက ပြောသွားသည်။

ဘရာဇီးအသင်း ခေါင်းဆောင်တာဝန်အား နေမာနှင့် အခြားအတွေ့အကြုံရင့်ဘရာဇီးကစားသမားများကို အလှည့်ကျ တာဝန်ပေးအပ်သွားရန် ရည်မှန်းထားကြောင်း နည်းပြ တိုင်တီက ဆက်လက်ပြောဆိုခဲ့သည်။



# ခရစ္စတဲလ်ပဲလေ့စ်အသင်းနဲ့အတူ စောင့်ကြည့်ရမယ့် တိုက်စစ်မှူးဘန်တီကီ

**ပြီးခဲ့တဲ့စနေနေ့က ခရစ္စတဲလ်ပဲလေ့စ်အသင်းဟာ စပါးအသင်းကို မိနစ် ၈၀ အထိ သရေကစားနိုင်ခဲ့ပြီး ၈၂ မိနစ်မှ ဝမ်ယာမရဲ့သွင်းဂိုးနဲ့ အရှုံးပေးခဲ့ရပါတယ်။ အဲ့ဒီပွဲဟာ ခရစ္စတဲလ်ပဲလေ့စ် အသင်းမန်နေဂျာ အလန်ပါဂျူးအတွက်တော့ စိတ်ကသိကအောက်တွေ ဖြစ်ခဲ့ရတယ်ဆိုတာကတော့ ထင်ရှားလွန်းပါတယ်။ ပထမပိုင်းမှာ ကောင်းမွန်စွာကစားနိုင်ခဲ့သလို ဒုတိယပိုင်းမှာလည်း ဂိုးပေါက်ခြိမ်းခြောက်နိုင်မှုတွေရှိခဲ့တာကြောင့် ခရစ္စတဲလ်ပဲလေ့စ်အသင်းအတွက် အပေါင်းလက္ခဏာဆန်တဲ့ ရလဒ်တွေ ရလာလေမလားလို့ မျှော်လင့်မိခဲ့ကြပေမယ့် နောက်ဆုံးမှာတော့ ဝမ်ယာမရဲ့သွင်းဂိုးဟာ အလန်ပါဂျူးရဲ့ မျှော်လင့်ချက်တွေကိုတော့ ရိုက်ချိုးလိုက်ပါတယ်။**



ဒီနှစ် ပရီမီယာလိဂ်ရာသီစနှစ်ပွဲလုံးမှာတော့ ခရစ္စတဲလ်ပဲလေ့စ်အသင်းဟာ နှစ်ပွဲလုံးရှုံးနိမ့်ထားပြီးဖြစ်တာကြောင့် မန်နေဂျာ အလန်ပါဂျူးအပေါ်မှာတောင် ဝေဖန်မှုတစ်စွန်းတစ်စ ကြားနေရပြီဖြစ်ပါတယ်။ ဒါပေမယ့် အလန်ပါဂျူးကတော့"ပြီးခဲ့တဲ့ရာသီက ကျွန်တော်တို့အသင်းဟာ အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲအထိ ရောက်ရှိခဲ့တာကိုတော့ လူတိုင်းသတိရဦးမယ်ထင်ပါတယ်။ ဒါကြောင့်လည်း ယုံကြည်မှုဟာ ကျွန်တော်တို့အသင်းအတွက်တော့ ပြဿနာတစ်ခုအဖြစ်ရှိမနေတာက သေချာပါတယ်။ ကျွန်တော်တို့လို အပ်နေတာကတော့ စိတ်ဓာတ်အင်အားလို့ပြောရမှာဖြစ်ပါတယ်" လို့လည်း ပြောဆိုခဲ့ပါတယ်။

ဒါကြောင့်လည်း ခရစ္စတဲလ်ပဲလေ့စ်အသင်းဟာ အသင်းအတွက်လိုအပ်နေတဲ့ စိတ်ဓာတ်အင်အားအတွက် ဘန်တီကီကို ခေါ်ယူလိုက်တာ ဖြစ်ပါတယ်။ ဘန်တီကီကို ခေါ်ယူခြင်းနဲ့ပတ်သက်ပြီး အလန်ပါဂျူးက "ပရီမီယာလိဂ်ဟာ အလွန်ကိုခက်ခဲလွန်းတဲ့လိဂ်လို့ ပြောရမှာပါ။ ပြီးခဲ့တဲ့နှစ်ကဆိုရင်လည်း ကျွန်တော်တို့အသင်းဟာ ဒုတိယရာသီဝက်မှာ ဂိုးတွေရရှိဖို့အတွက် ရုန်းကန်နေခဲ့ရပါတယ်။ ဒါကြောင့်လည်း ဒီနှစ်ရာသီမှာတော့ ပြောင်းလဲမှုအနည်းငယ်လုပ်ဆောင်ခဲ့ပါတယ်။ ဘန်တီကီနဲ့ပတ်သက်ပြီး ကျွန်တော်နှစ်သက်မိတဲ့ အချက်ကတော့ သူဟာ ဂိုးရအောင်စွမ်းဆောင်နိုင်ခြင်းပါပဲ။ အခုအချိန်ကနေစပြီး သူဟာအသင်းအတွက် ဂိုးတွေကို ဖန်တီးပေးနိုင်တော့မှာပါ"ဟု ပြောဆိုခဲ့ပါတယ်။

**ဘန်တီကီ၏စွမ်းဆောင်မှုမှတ်တမ်း**

| ခုနှစ် | ပွဲ | ဂိုး | ပံ့ပိုးမှု | တိကျမှုတဲ့ကန်သွင်းမှု |
| --- | --- | --- | --- | --- |
| ၂၀၁၂-၁၃ | ၃၄ | ၁၉ | ၄ | ၄၁.၄ % |
| ၂၀၁၃-၁၄ | ၂၆ | ၁၀ | ၂ | ၄၁.၈ % |
| ၂၀၁၄-၁၅ | ၂၉ | ၁၃ | ၂ | ၃၆.၃ % |
| ၂၀၁၅-၁၆ | ၂၉ | ၉ | ၃ | ၃၂.၈ % |

တိုက်စစ်မှူးဘန်တီကီဟာ ပြီးခဲ့တဲ့ရာသီက လီဗာပူးအသင်းမှာ ၁၅၂၀ မိနစ်သာကစားခွင့်ရရှိခဲ့ပေမယ့် တစ်ပွဲအလိုက် ဂိုးသွင်းယူနိုင်မှုကတော့ အကောင်းဆုံးရှိတယ်လို့ ပြောရမှာဖြစ်ပါတယ်။ သူဟာ ပရီမီယာလိဂ်မှာ ကိုးဂိုးသွင်းယူနိုင်ခဲ့ပြီး ဂိုးပေါက်ကန်သွင်းနိုင်မှု ကိုးကြိမ်နဲ့ ဂိုးရရှိဖို့အတွက် သုံးကြိမ်တိုင် ပံ့ပိုးပေးထားနိုင်ခဲ့သူလည်းဖြစ်ပါတယ်။ လီဗာပူးမန်နေဂျာ ဂျာဂျင်ကလော့အနေနဲ့ ဘန်တီကီကို အသင်းကနေ ထွက်ခွာစေခဲ့တဲ့ အဓိကအကြောင်းကတော့ သူ့ရဲ့ကစားပုံဟာ အသင်းရဲ့ကစားကွက်နဲ့ မကိုက်ညီလို့လည်း ဖြစ်ပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ရာသီက ဖာမီနိုရဲ့စွမ်းဆောင်မှုကလည်း ဘန်တီကီထက် အနည်းငယ်သာလွန်နေခဲ့လို့ဖြစ်ပါတယ်။

ဒါပေမယ့် ဘန်တီကီရဲ့ဟာ ၆ ပေ ၃ လက်မရှိပြီး အင်တိုက်အားတိုက် ကစားတက်တဲ့ သူ့ရဲ့ကစားပုံတွေကြောင့် အမြဲတမ်းအားသာမှုကတော့ အမြင့်ဘောတွေလို့ ပြောရမှာဖြစ်ပါတယ်။ ဘန်တီကီဟာ အမြင့်ဘောတွေကို ယှဉ်လုရာမှာလည်း ပြိုင်ဘက်ကင်းတဲ့ ကစားသမားတစ်ဦးလို့ ပြောရမှာဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၁၃-၁၄ ရာသီကနေစပြီး လက်ရှိအချိန်အထိ ပရီမီယာလိဂ်မှာ ခေါင်းတိုက်ပြီး ဂိုးသွင်းယူနိုင်မှုမှာ ၁၆ ဂိုးရှိခဲ့ပြီး သူထက်ခေါင်းတိုက်ဂိုးပိုသွင်းယူနိုင်တဲ့ ကစားသမားဆိုလို့ အာဆင်နယ်တိုက်စစ်မှူး ဂီရောက်ဖြစ်ပြီး ၁၉ ဂိုး သွင်းယူပေးထားတာလည်း ဖြစ်ပါတယ်။

ဒါကြောင့်လည်း ဒီနှစ်ရာသီမှာတော့ ဘန်တီကီဟာ ခရစ္စတဲလ်ပဲလေ့စ်အသင်းအတွက် အရေးကြီးတဲ့ကစားသမားတစ်ဦးအဖြစ် တွေ့မြင်ရဖွယ်ရှိနေပါတယ်။ ခရစ္စတဲလ်ပဲလေ့စ်အသင်းဟာ အဓိက အခြေခံထားကစားတာကတော့ ဖြတ်တင်ဘောတွေဖြစ်ပါတယ်။ အသင်းအနေနဲ့ ဘိုလာစီကို ဆုံးရှုံးထားပေမယ့် ဇာဟာနဲ့ တောင်းဆန်တို့ရှိနေသေးတာကြောင့် အသင်းအတွက် အခွင့်အရေးတွေ ဖန်တီးပေးနိုင်တဲ့ ကစားသမားကောင်းတွေရှိနေသေးတယ်လို့ ပြောရမှာပါ။ ပြီးခဲ့တဲ့ရာသီကို ကြည့်မယ်ဆိုရင်လည်း ခရစ္စတဲလ်ပဲလေ့စ်အသင်း ဖြတ်တင်ဘောပေးပို့ရာမှာ တိကျမှုကတော့ ၁၅၄ ကြိမ်ရှိခဲ့ပြီး ပရီမီယာလိဂ်မှာတော့ ခရစ္စတဲလ်ပဲလေ့စ်အသင်းထက် ဘောလုံးပေးပို့ရာမှာ တိကျမှုရှိတဲ့အသင်းဆိုလို့ ဆောက်သမ်တန်အသင်းသာရှိပြီး ၁၇၄ ကြိမ်ရှိခဲ့ပါတယ်။ ဒါကြောင့်လည်း ဘောလုံးပေးပို့ရာမှာတိကျမှုရှိတဲ့ ခရစ္စတဲလ်ပဲလေ့စ်အသင်းအတွက်တော့ အမြင့်ဘောတွေ ရင်းနှီးကျွမ်းဝင်တဲ့ ဘန်တီကီတို့ကတော့ လိုက်ဖက်တယ်လို့လည်း ပြောရမှာဖြစ်ပါတယ်။

ဒါ့အပြင် အဆုံးသတ်သေချာမှု၊ တိုက်ရိုက်အလွန်တည် ကန်ဘောကန်သွင်းရာမှာအားသာမှု၊ ခေါင်းတိုက် ဘောသွင်းယူရာတွင် ကျွမ်းကျင်မှုတွေနဲ့ ပြည့်စုံတဲ့ တိုက်စစ်မှူး ဘန်တီကီဟာ တာထွက်မလှတဲ့ ခရစ္စတဲလ်ပဲလေ့စ်အသင်းအတွက်တော့ အထောက်အကူဖြစ်နိုင်မယ့် ကစားသမားအဖြစ်ရှိလာ မလားဆိုတာကတော့ မြက်ခင်းစိမ်းတွေပေါ်က ပွဲတွေကိုပဲကြည့်ရမှာဖြစ်ပါတယ်။

**အောင်က**

## မန်စီးတီးအသင်းမန်နေဂျာ ဂွာဒီယိုလာအား အချိန်ပေးရန်လိုအပ်ကြောင်း မိုက်ကယ်ဘောလက် မှတ်ချက်ပြု



မန်စီးတီးအသင်း မန်နေဂျာသစ် ဂွာဒီယိုလာသည် မန်စီးတီးတွင် အောင်မြင်မှုရရှိနိုင်ကြောင်း၊ သို့သော်လည်း ဂွာဒီယိုလာ၏အစီအစဉ်များ အောင်မြင်စေရေးအတွက် မန်စီးတီးအနေဖြင့် အချိန်ပေးရန်လိုအပ်ကြောင်း ဂျာမနီကွင်းလယ်ကစားသမားဟောင်း မိုက်ကယ်ဘောလက်က မှတ်ချက်ပြု ပြောဆိုလိုက်သည်။

ဘိုင်ယန်မြူးနစ်နှင့် လေဗာကူဆင်အသင်းတို့တွင် ပါဝင်ကစားခဲ့ဖူးသူ ကွင်းလယ်ကစားသမားဟောင်း မိုက်ကယ်ဘောလက်(၃၉နှစ်)သည် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်သည်။

"ဂွာဒီယိုလာက သူတာဝန်ယူတဲ့အသင်းတွေကို ကစားစေချင်တဲ့ပုံစံမျိုးက တကယ့်ကို ကောင်းမွန်ပါပြီး အပြစ်ပြောစရာမရှိပါဘူး။ သူဟာ ပြိုင်ဘက်အသင်း ဒါမှမဟုတ် သူ့အသင်းရဲ့အနေအထားကို ဆန်းစစ်အကဲခတ်ပြီးမှ ဒီလိုကောင်းမွန်တဲ့ပုံစံမျိုးကို ချမှတ်တတ်သူဖြစ်ပါတယ်။ ဂွာဒီယိုလာက သူ့အလုပ်ကိုလည်း ချစ်ခင်သူပါ။ ဒီအချက်ကို ကျွန်တော်တို့မြင်တွေ့နိုင်ပါတယ်။ မန်စီးတီးအသင်းကို တာဝန်ယူတာက ဂွာဒီယိုလာအတွက် စိန်ခေါ်မှုအသစ်ဖြစ်သလို မန်စီးတီးအတွက်လည်း ကြီးမားတဲ့အစီအစဉ်ဖြစ်ပါတယ်။ ဂွာဒီယိုလာအနေနဲ့ မန်စီးတီးကို သူတာဝန်ယူခဲ့တဲ့ ဘိုင်ယန်မြူးနစ်အသင်းလိုမျိုး ရှုမြင်လိမ့်မလားဆိုတာတော့ ကျွန်တော်မသိဘူး။ မန်စီးတီးဟာ ဂွာဒီယိုလာ လက်ထဲမှာရှိခဲ့တဲ့ ဘိုင်ယန်လို တူညီတဲ့စွမ်းရည်မျိုးမရှိတဲ့အသင်းပါ။ ဒါကြောင့် ဂွာဒီယိုလာရဲ့ မန်စီးတီးမန်နေဂျာဘဝ အစပိုင်းမှာ သူ့ဆီကနေ အများကြီးမျှော်လင့်ထားလို့မရပါဘူး"ဟု မိုက်ကယ်ဘောလက်က ပြောဆိုခဲ့သည်။

မန်စီးတီးအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ ရာသီအစနှစ်ပွဲအဖြစ် ဆန်းဒါးလန်း၊ စတုတ်အသင်းတို့နှင့် ကစားခဲ့သည့်ပွဲများ၌ နိုင်ပွဲများရယူထားနိုင်သည့်အသင်းဖြစ်သည်။ နွေရာသီဈေးကွက်ကာလအတွင်း ကစားသမားကောင်းများ အားဖြည့်ခေါ်ယူထားပြီး မန်နေဂျာ ဂွာဒီယိုလာ၏ အဓိကပြိုင်ဘက်တစ်ဦးဟု သတ်မှတ်ခံထားရသူ မော်ရင်ညိုတာဝန်ယူနေသည့် မန်ယူအသင်းသည်လည်း ယခုနှစ် ပရီမီယာလိဂ်ရာသီအစပိုင်းတွင် ရလဒ်ကောင်းများရရှိနေခြင်းကြောင့် ဂွာဒီယိုလာအနေဖြင့် အမှတ်ပေးချန်ပီယံဆုဖလားရရှိရေးအတွက် မန်ယူနှင့် အဓိကယှဉ်ပြိုင်ရဖွယ်ရှိသည်ဟု ထင်ကြေးပေးမှုများ ထွက်ပေါ် လျက်ရှိသည်။




# စပါးကိုအနိုင်ရဖို့ ရုန်းကန်ရဦးမယ့် လီဗာပူး

## 2016-17 PREMIER LEAGUE WEEK 3

**ပရီမီယာလိဂ်ပွဲစဉ် (၂) မှာတော့ မန်ယူ၊ ချယ်လ်ဆီး၊ စပါး၊ မန်စီးတီးတို့ နိုင်ပွဲတွေရယူနိုင်ခဲ့ကြပေမယ့် အာဆင်နယ်က လက်စတာနဲ့ သရေကျခဲ့ရသလို လီဗာပူးကလည်း ဘန်လေကိုရှုံးနိမ့်ခဲ့ရပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ် ၃မှာ အာဆင်နယ်၊ လက်စတာ၊ လီဗာပူးတို့ နိုင်ပွဲတွေရယူနိုင်မလားဆိုတာ စောင့်ကြည့်ရဖို့ရှိနေပါတယ်။ ဒါ့အပြင် မန်စီးတီးကလည်း ဝက်စ်ဟမ်းနဲ့ ရင်ဆိုင်ရမှာဖြစ်သလို လီဗာပူးကလည်း စပါးကွင်းမှာ သွားရောက်ကစားရမှာဖြစ်တာကြောင့်လည်း ပွဲကောင်းတွေဖြစ်တည်လာနိုင်ဖို့လည်း သေချာနေပါတယ်။**

### စပါး V လီဗာပူး

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | စပါး | ၀ | ၀ | လီဗာပူး |

ဘန်လေနဲ့ပွဲမှာ မထင်မှတ်ဘဲရှုံးနိမ့်ခဲ့ရလို့ လီဗာပူးတို့ နိုင်ပွဲပြန်လည်ရယူနိုင်ရေး အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့် လီဗာပူးက ခံစစ်ပိုင်းအားနည်းမှုတွေရှိနေလို့ စပါးရဲ့အိမ်ကွင်းဖိအားကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ ခက်ပါတယ်။ စပါးက ပဲလေ့စ်နဲ့ပွဲမှာ နိုင်ပွဲရခဲ့သလို ကစားပုံလည်း ကောင်းမွန်ခဲ့တာကြောင့် လီဗာပူးကို အကောင်းဆုံးရင်ဆိုင်သွားနိုင်မှာ သေချာနေပါတယ်။ အဝေးကွင်းလည်းဖြစ်လို့ လီဗာပူးသရေလောက်ပဲရမယ်။

### ပဲလေ့စ် V ဘုန်းမောက်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ပဲလေ့စ် | ၁ | ၂ | ဘုန်းမောက် |

ပဲလေ့စ်ဟာ စပါးကိုရှုံးနိမ့်ခဲ့ရတယ်ဆိုပေမယ့် အသင်းလိုက်ကစားပုံကောင်းမွန်ခဲ့တာကို တွေ့ရပါတယ်။ ခံစစ်ပိုင်းကကျစ်လျစ်မှုရှိပါတယ်။ တိုက်စစ်ပိုင်းမှာ အားနည်းမှုတွေရှိခဲ့တယ်ဆိုပေမယ့်လည်း ဘန်တီကီကို ခေါ်ယူနိုင်ခဲ့ပြီဖြစ်လို့ တိုက်စစ်ပိုင်း အားနည်းမှုကလည်းလျော့သွားနိုင်သလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဘုန်းမောက်ကတော့ ခြေစွမ်းပိုင်းအရ သာမန်သာရှိတဲ့အသင်းဖြစ်ပါတယ်။ ဒါကြောင့်ဒီပွဲမှာတော့ ပဲလေ့စ်တို့ နိုင်ပွဲစရနိုင်ပါတယ်။

### ချယ်လ်ဆီး V ဘန်လေ

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | - | - | - | - |

လက်ရှိအချိန်မှာ ချယ်လ်ဆီးရဲ့ကစားပုံက ကောင်းမွန်မှုရှိပါတယ်။ အဖွင့်နှစ်ပွဲစလုံးအနိုင်ရခဲ့သလို နိုင်လိုစိတ်ပြင်းထန်ပြီး အသင်းလိုက် ဟန်ချက်လည်းကောင်းမွန်နေပါတယ်။ ဘန်လေကတော့ လီဗာပူးကို အနိုင်ကစားနိုင်ခဲ့တာမှန်ပေမယ့်လည်း ချယ်လ်ဆီးကိုတော့ ပွဲချိန်ပြည့် ထိန်းချုပ်နိုင်ဖို့ ခက်ပါလိမ့်မယ်။ ချယ်လ်ဆီးတို့အိမ်ကွင်းမှာ အမှားခံမှာမဟုတ်သလို လူစုံထုတ်က စားလာဖို့လည်းရှိနေတာကြောင့် ဘန်လေကို အနိုင်ကစားသွားနိုင်မှာပါ။

### အဲဗာတန် V စတုတ်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | အဲဗာတန် | ၃ | ၄ | စတုတ် |

အဲဗာတန်က ခြေစွမ်းပိုင်းကောင်းမွန်မှုရှိတယ်လို့ ဆိုနိုင်ပါတယ်။ အသင်းလိုက်ကစားပုံ မဆိုးသလို တိုက်စစ်မှူး လူကာကူကလည်း အသင်းမှာ ပြန်လည်ပွဲထွက်တော့မှာဖြစ်လို့ တိုက်စစ်ပိုင်းက ပိုမိုကောင်းမွန်လာနိုင်ပါတယ်။ ဒါပေမယ့်လည်း စတုတ်ကလည်း နိုင်ပွဲစတင်ရရှိဖို့ အားစိုက်ကစားလာမှာဖြစ်ပါတယ်။ စတုတ်ဟာ မန်စီးတီးကို ရှုံးနိမ့်ခဲ့ရတယ်ဆိုပေမယ့်လည်း ခြေစွမ်းပိုင်းကမဆိုးပါဘူး။ ဒါကြောင့် အဲဗာတန်တို့ အခက်တွေ့နိုင်ကာ ကပ်ပြီးသာနိုင်မယ်။

### ပရီမီယာလိဂ်ပွဲစဉ်(၃)

**စနေနေ့ (၂၇-၈-၁၆)**

| | | | |
|---|---|---|---|
| ည ၆း၀၀ | စပါး | - | လီဗာပူး |
| ည ၈း၃၀ | ချယ်လ်ဆီး | - | ဘန်လေ |
| ည ၈း၃၀ | ခရစ္စတဲလ်ပဲလေ့စ် | - | ဘုန်းမောက် |
| ည ၈း၃၀ | အဲဗာတန် | - | စတုတ် |
| ည ၈း၃၀ | လက်စတာ | - | ဆွမ်ဆီး |
| ည ၈း၃၀ | ဆောက်သမ်တန် | - | ဆန်းဒါးလန်း |
| ည ၈း၃၀ | ဝက်ဖို့ဒ် | - | အာဆင်နယ် |
| ည ၁၁း၀၀ | ဟားလ်စီးတီး | - | မန်ယူ |

**တနင်္ဂနွေနေ့ (၂၈-၈-၁၆)**

| | | | |
|---|---|---|---|
| ည ၇း၀၀ | ဝက်စ်ဘရွန်း | - | မစ်ဒယ်ဘရော့ |
| ည ၉း၃၀ | မန်စီးတီး | - | ဝက်စ်ဟမ်း |

### စပိန်လာလီဂါပွဲစဉ်(၂)

**သောကြာနေ့ (၂၆-၈-၁၆)**

| | | | |
|---|---|---|---|
| နံနက် ၁း၁၅ | ဘတ်တစ် | - | ဒီပို့တီဗို |
| နံနက် ၂း၃၀ | အက်စ်ပန်ညို | - | မာလာဂါ |

**စနေနေ့ (၂၇-၈-၁၆)**

| | | | |
|---|---|---|---|
| ည ၁၀း၄၅ | အိုဆာစူနာ | - | ဆိုစီဒက်စ် |
| ည ၁၀း၄၅ | အီဘား | - | ဗလင်စီယာ |
| နံနက် ၀၀း၄၅ | ရီးရဲ | - | ဆယ်တာဗီဂို |
| နံနက် ၂း၄၅ | လီဂါနက်စ် | - | အက်သလက် |

**တနင်္ဂနွေနေ့ (၂၈-၈-၁၆)**

| | | | |
|---|---|---|---|
| ည ၁၀း၄၅ | လက်ပဲလ်မက်စ် | - | ဂရန်နာဒါ |
| ည ၁၀း၄၅ | အလာဗက်စ် | - | ဂီဂျွန် |
| နံနက် ၀၀း၄၅ | ဘီဘာအို | - | ဘာစီလိုနာ |
| နံနက် ၂း၄၅ | ဗီလာရီးရဲ | - | ဆီဗီလာ |

### လက်စတာ V ဆွမ်ဆီး

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | လက်စတာ | ၄ | ၀ | ဆွမ်ဆီး |

လက်စတာဟာ နှစ်ပွဲဆက်တိုက် အနိုင်မရခဲ့တာကြောင့် အခုအိမ်ကွင်းပွဲမှာ နိုင်ပွဲရယူနိုင်ဖို့ ပိုမိုအားစိုက်ကစားလာမှာ သေချာနေပါတယ်။ လက်စတာရဲ့ကစားပုံကလည်းတစ်ပွဲထက်တစ်ပွဲ ပိုမိုကောင်းမွန်လာတာ တွေ့ရပါတယ်။ ဆွမ်ဆီးကတော့ ဟားလ်ကို အရေးနိမ့်ခဲ့ရသလို ခြေစွမ်းပိုင်းကလည်းသာမန်သာရှိပါတယ်။ ဒါကြောင့်လည်း လက်စတာအနေနဲ့ အိမ်ကွင်းအားနဲ့ ဖိအားပေးကစားလာရင် ဆွမ်ဆီးထိန်းဖို့ခက်ပါတယ်။ လက်စတာပဲအနိုင်ရမယ်။

### ဆောက်သမ်တန် V ဆန်းဒါးလန်း

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ဆောက်သမ်တန် | ၁ | ၁ | ဆန်းဒါးလန်း |

ဆောက်သမ်တန်ဟာ အသင်းလိုက်ခြေစွမ်းပိုင်းအရ သာမန်ထက်မပိုတာတွေ့ရပါတယ်။ ဒီပွဲကလည်း အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့်လည်း ဆန်းဒါးလန်းကို အသာရဖို့ရုန်းကန်ရနိုင်ပါတယ်။ အထူးသဖြင့် ဆန်းဒါးလန်းဟာ တန်ပြန်တိုက်စစ်ကို အကောင်းဆုံးအသုံးချနိုင်တာကြောင့် ဒီပွဲမှာ ဆောက်သမ်တန်ရဲ့အိမ်ကွင်းအားကို တုံ့ပြန်ကစားသွားနိုင်မှာ သေချာနေပါတယ်။ ဒီပွဲမှာ ဆောက်သမ်တန်တို့ သရေလောက်ပဲရမယ်။

### ဝက်ဖို့ဒ် V အာဆင်နယ်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ဝက်ဖို့ဒ် | ၀ | ၃ | အာဆင်နယ် |

အာဆင်နယ်က အဖွင့်နှစ်ပွဲစလုံး အနိုင်မရခဲ့တာကြောင့်လည်း အခုပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့် ဝက်ဖို့ဒ်ရဲ့ခြေစွမ်းပိုင်းကလည်း ကောင်းမွန်နေပါတယ်။ ချယ်လ်ဆီးနဲ့ပွဲမှာ ဝက်ဖို့ဒ်ရဲ့ ကစားပုံကောင်းမွန်ခဲ့သလို အိမ်ကွင်းလည်းဖြစ်တာကြောင့် ရလဒ်ကောင်းဖို့ပိုမိုပြီး အားစိုက်လာဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း အာဆင်နယ်တို့ ဒီပွဲမှာလည်း နိုင်ပွဲရဖို့ရုန်းကန်ရနိုင်ပြီး ကပ်ပြီးသာနိုင်ဖို့ရှိပါတယ်။

### ဟားလ် V မန်ယူ

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | - | - | - | - |

ဟားလ်ခြေက လျော့တွက်ဖို့ခက်ပါတယ်။ အဖွင့်မှာ လက်စတာအနိုင်ယူနိုင်ခဲ့သလို ဒုတိယပွဲမှာလည်း ဆွမ်ဆီးကို ထပ်မံအနိုင်ကစားနိုင်ခဲ့ပါတယ်။ တိုက်စစ်ပိုင်းက ကစားပုံ မဆိုးသလို ဒီပွဲကလည်း အိမ်ကွင်းဖြစ်တာကြောင့် ဟားလ်တို့ ပိုမိုအားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း မန်ယူခြေကကောင်းမွန်နေကာ တိုက်စစ်ပိုင်းကလည်း အခွင့်အရေးတွေကို ထိထိမိမိ အသုံးချနိုင်နေပါတယ်။ ဒါကြောင့် မန်ယူကသာ ကပ်နိုင်ဖို့ရှိပါတယ်။

### ဝက်စ်ဘရွန်း V မစ်ဒယ်ဘရော့

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | - | - | - | - |

ဝက်စ်ဘရွန်းက အဲဗာတန်ကိုရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့် ဝက်စ်ဘရွန်းတို့ ပိုမိုအားစိုက်လာဖို့လည်းရှိနေပါတယ်။ ဒါပေမယ့် ဝက်စ်ဘရွန်းဟာ ဒဏ်ရာရကစားသမားတွေ များလွန်းနေတာကြောင့် အသင်းလိုက်ဟန်ချက်ကို ထိခိုက်နိုင်ပါတယ်။ ဒါ့အပြင် မစ်ဒယ်ဘရော့ကလည်း အသင်းလိုက် ကစားပုံကောင်းမွန်တာကြောင့် ဝက်စ်ဘရွန်းတို့ ကစားရခက်နိုင်ကာသရေလောက်ပဲရမယ်။

### မန်စီးတီး V ဝက်စ်ဟမ်း

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | မန်စီးတီး | ၁ | ၂ | ဝက်စ်ဟမ်း |

နှစ်ပွဲဆက်တိုက်အနိုင်ရခဲ့ပေမယ့်လည်း မန်စီးတီး ခြေစွမ်းပိုင်းက အကောင်းဆုံးပုံစံမှာ မရှိသေးပါဘူး။အထူးသဖြင့် မန်စီးတီးကွင်းလယ်ပိုင်းက စုစည်းမှုသိပ်မရှိသေးတာကြောင့် ပြိုင်ဘက်အသင်းတိုင်းရဲ့တုန့်ပြန်ကစားမှုကိုခံနေရပါတယ်။ အထူးသဖြင့် ဝက်စ်ဟမ်းဟာ ကွင်းလယ်စုဖွဲ့မှုကောင်းပြီး လျှင်မြန်မှုလည်းရှိတာကြောင့် ဒီပွဲမှာ မန်စီးတီးကို ပိုမိုတုန့်ပြန်ကစားနိုင်ဖို့ ရှိနေပါတယ်။ မန်စီးတီးအိမ်ကွင်းဖြစ်ပေမယ့် ကပ်ပြီးသာအနိုင်ရဖို့ရှိပါတယ်။

## ဘန်တီကီအား ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးနိုင်ရန်လိုအပ်ကြောင်း ပဲလေ့စ်အသင်းကို ဒီလာနေး သတိပေး



ယခုနွေရာသီဈေးကွက်ကာလအတွင်း ခရစ္စတဲလ်ပဲလေ့စ်အသင်းက ခေါ်ယူခဲ့သည့် တိုက်စစ်မှူး ဘန်တီကီသည် မက်ဆီကဲ့သို့ ကစားသမားမျိုးမဟုတ်ကြောင်း၊ ထို့ကြောင့် ပဲလေ့စ်အသင်းတွင် ဘန်တီကီ အောင်မြင်နိုင်ရန်အတွက် အသင်းအနေဖြင့် ဘန်တီကီအား ပံ့ပိုးမှုများပြုလုပ်ပေးနိုင်ရန် လိုအပ်ကြောင်း ပဲလေ့စ်အသင်း ဗဟိုခံစစ်မှူး ဒါမိန်းဒီလာနေးက သတိပေးပြောဆိုလိုက်သည်။

ဘယ်ဂျီယံတိုက်စစ်မှူး ဘန်တီကီ (၂၅နှစ်)သည် ပြီးခဲ့သည့် ဩဂုတ် ၂၀ ရက်တွင် လီဗာပူးမှ ပဲလေ့စ်သို့ ပြောင်းရွှေ့ကြေးပေါင် ၂၇ သန်းဖြင့် လေးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆို ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ ပဲလေ့စ်အသင်းသည် ၂၀၁၆-၁၇ ခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ ရာသီအဖွင့်နှစ်ပွဲတွင် ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ဘန်တီကီရောက်ရှိလာခြင်းသည် ပဲ့လေစ်၏ တိုက်စစ်ပိုင်း စွမ်းဆောင်ရည် ပိုမိုကောင်းမွန်လာစေရန် အကူအညီဖြစ်လာဖွယ်ရှိနေသည်။

အိုင်ယာလန်ကစားသမား ဒီလာနေးက "ဘန်တီကီဟာ ပြိုင်ဘက်ခံစစ် ကစားသမားတွေ ထိန်းသိမ်းဖို့ခက်တဲ့ ကစားသမားမျိုးပါ။ ပဲလေ့စ်အသင်းမှာ ကွန်နော်ဝစ်ဟမ်လို တိုက်စစ်မှူးကောင်းလည်း ရှိနေတာကြောင့် အခုဆိုရင် ပဲလေ့စ်မှာ ကောင်းမွန်တဲ့ ဗဟိုတိုက်စစ်ကစားသမားနှစ်ဦး ရှိနေပြီဖြစ်ပါတယ်။ အခုအချိန်က ကျွန်တော်တို့ စကားပြောနေတာတွေကိုရပ်ပြီး နိုင်ပွဲတွေ စတင် ရရှိအောင် လုပ်ဆောင်ရမယ့်အချိန်ပါ။ ပဲလေ့စ်အသင်းက မက်ဆီကို ခေါ်ယူခဲ့တာမဟုတ်ပါဘူး။ ဘန်တီကီက ကစားသမားကောင်းပါ။ ဒါပေမယ့် သူက ဘောလုံး ရရှိပြီးချိန်မှာ ဖြစ်နိုင်သမျှအရာအားလုံးကို လုပ်ဆောင်နိုင်သူတော့မဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ပြိုင်ဘက်အသင်း ဂိုးဧရိယာထဲကို ဘောလုံးပေးပို့မှုတွေပြုလုပ်ပြီး ဘန်တီကီကို ထောက်ပံ့ကူညီပေးနိုင်ဖို့လိုတယ်"ဟု ပြောဆိုခဲ့သည်။

**ဝေမိုးဆက်**

### စီးရီးအေပွဲစဉ်(၂)

**စနေနေ့ (၂၇-၈-၁၆)**

| | | | |
|---|---|---|---|
| ည ၁၀း၃၀ | လာဇီယို | - | ဂျူဗင်တပ်စ် |
| နံနက် ၁း၁၅ | နာပိုလီ | - | မီလန် |

**တနင်္ဂနွေနေ့ (၂၈-၈-၁၆)**

| | | | |
|---|---|---|---|
| ည ၁၀း၃၀ | အင်တာမီလန် | - | ပါလာမို |
| နံနက် ၁း၁၅ | ကယ်ဂလီယာရီ | - | ရိုးမား |
| နံနက် ၁း၁၅ | ခရိုတိုနီ | - | ဂျီနိုအာ |
| နံနက် ၁း၁၅ | ဖီအိုရင်တီနာ | - | ချီယေဗို |
| နံနက် ၁း၁၅ | ဆမ်ဒိုးရီးယား | - | အတ္တလန္တာ |
| နံနက် ၁း၁၅ | ဆက်ဆူအိုလို | - | ပက်စ်ကာရာ |
| နံနက် ၁း၁၅ | တိုရီနို | - | ဘိုလော့ဂ်နာ |
| နံနက် ၁း၁၅ | အူဒီးနိစ် | - | အမ်ပိုလီ |

# ဇန်းမောက်မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးမှု ရာနှုန်းပြည့်ပြီးစီးတော့မည်

**ဇန်းမောက် ဩဂုတ် ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ်အတွင်းမှ တောင်သူများအနေဖြင့် ယခု ၂၀၁၆ ခုနှစ် မိုးစပါးစိုက်ရာသီအတွင်း မိုးစပါးများ စိုက်ပျိုးလျက်ရှိရာ တစ်မြို့နယ်လုံးအတွက် မိုးစပါးစိုက်ပျိုးရန် လျာထားဧက လေးသောင်းကျော်ကို ယခု ဩဂုတ်လအတွင်းတွင် စိုက်ပျိုးပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

"ဇန်းမောက်မြို့နယ်မှာ ဒီနှစ် မိုးစပါးစိုက်တောင်သူတွေအနေနဲ့ စိုက်ဧကတွေအားလုံး အပျက်အစီးမရှိကြပါဘူး။ အခုဆိုရင် လက်ရှိစိုက်ဧကတွေဟာ ရာခိုင်နှုန်းအားဖြင့် ရာနှုန်းပြည့်လောက် ပြီးစီးတော့မှာဖြစ်ပါတယ်"ဟု ဇန်းမောက်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးနေထွန်းက ပြောကြားသည်။

ဇန်းမောက်မြို့နယ် ပန်းတောကျေးရွာအုပ်စုမှ အုပ်ချုပ်ရေးမှူးဦးမုန်းရွှေကလည်း "ကျွန်တော်တို့တောင်သူတွေက ဒီနှစ် မိုးစပါးစိုက်ပျိုးရတာ အဆင်ပြေပါတယ်။ မဲဇာမြစ်ကလည်း နှစ်တိုင်းလို လယ်တွေကိုမနစ်တော့ အပျက်အစီးမရှိပါဘူး။ လယ်တွေစိုက်ရတာ အားလုံးအဆင်ပြေကြပါတယ်"ဟု ပြောကြားသည်။

ဇန်းမောက်မြို့နယ်တွင် ကျေးရွာပေါင်း ၂၀၀ ကျော်ရှိပြီး ဒေသခံပြည်သူအများစုမှာ စပါးစိုက်ပျိုးခြင်းအပါအဝင် တောင်သူလုပ်ငန်းများကိုသာ အဓိက အားထားလုပ်ကိုင်ကြသော မြို့နယ်ဖြစ်သည်။ ယခင်က နှစ်စဉ်နှစ်တိုင်း မိုးရာသီစပါးစိုက်ကာလများတွင် မြို့အရှေ့ဘက်ရှိ မဲဇာမြစ်၊ တောင်ဘက်ရှိ ရေအေးချောင်းနှင့် ဇန်းမောက်ချောင်း၊ အနောက်ဘက်ရှိ နားပင်ချောင်း၊ မြောက်ဘက်ရှိ ခေါ်ပုတ်ချောင်းနှင့် ချောင်းကြီးချောင်းများ ရေကြီးရေလျှံခြင်းကြောင့် စိုက်ခင်းအချို့ ရေနစ်မြုပ်၍ ပျက်စီးမှုများရှိခဲ့သော်လည်း ယခုနှစ်တွင် အပျက်အစီးမရှိဘဲ တောင်သူများအနေဖြင့် ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ကြ၍ ယခုဩဂုတ်လအတွင်း လျာထားဧက ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**သန်းမောင်လေး**

# မျိုးသန့်မျိုးစေ့ထုတ်လုပ်သူများအား စိုက်ပျိုးရေးသွင်းအားစုများထောက်ပံ့

**နတ်မောက် ဩဂုတ် ၂၅**
မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် ဌာနဆိုင်ရာလုပ်ငန်းလမ်းညွှန်ချက်နှင့်အညီ ဒေသရေမြေသဘာဝနှင့်ကိုက်ညီသော သီးနှံမျိုးကွဲအလိုက် မျိုးသန့်ပွားများရေးလုပ်ငန်းအတွက် သီးနှံ မျိုးစေ့ထုတ်လုပ်သူများအသင်း(Seed Grower Association)များကို ဖွဲ့စည်းထားရှိပြီး ၂၀၁၆- ၂၀၁၇ ခုနှစ် မိုးရာသီအတွင်း ဒေသရေမြေနှင့် သင့်တော်ဖြစ်ထွန်းနိုင်သည့် ဈေးကွက်ဝင်သီးနှံ(ပဲစင်းငုံ၊ စမုံနက်နှမ်း၊ စပါး၊ ပဲတီစိမ်း)မျိုးသန့်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။



စပါးမျိုးစေ့ မျိုးသန့်မျိုးပွားထုတ်လုပ်ခြင်းလုပ်ငန်းအဖြစ် ဆင်းသုခစပါး မျိုးသန့်ဇုန် ၁၀ ဧကနှင့် ရတနာတိုးစပါး မျိုးသန့်ဇုန် ၂၅ ဧကတို့ကို ကျောက်တံခါးတမံဆည်ရေသောက်ဧရိယာရှိ စရံအိုင့်ကျေးရွာစိုက်ကွင်းအတွင်း၌ အကျိုးဆောင်တောင်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါ စပါးစိုက်အကျိုးဆောင်တောင်သူများအား စိုက်ပျိုးရေး သွင်းအားစုများဖြစ်သည့် စပါးမျိုးစေ့၊ ကွန်ပေါင်း ဓာတ်မြေဩဇာနှင့် ရွက်ဖျန်းအားဆေးများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဩဂုတ် ၂၃ ရက်က ကျေးရွာစိုက်ကွင်း၌ ပံ့ပိုးဖြည့်ဆည်းပေးခဲ့ခြင်းဖြစ်သည်။

ထို့အပြင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမိုးလှိုင်တို့က အကျိုးဆောင် တောင်သူများအား စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် တောင်သူများကိုယ်တိုင်ပါဝင်သည့် ဆည်ရေစနစ်တကျခွဲဝေအသုံးပြုရေး အစုအဖွဲ့များ(Water User Group)ဖွဲ့စည်းဆောင်ရွက်ရန်နှင့် စိုက်ကွင်းဝန်ထမ်းများ၏ လုပ်ငန်းကြီးကြပ်မှုနှင့်အတူ မျိုးသန့်မျိုးစေ့ထုတ်လုပ်ပြီး ရရှိလာမည့် သီးနှံ မျိုးသန့်မျိုးစေ့များကို တောင်သူအချင်းချင်း မျိုးသန့်ဖလှယ်အသုံးပြုနိုင်ရန် စသည့်အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

# ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းဆီးခြင်း၏ဆိုးကျိုးများ ပညာပေးဟောပြော

**ပဲခူး ဩဂုတ် ၂၅**
ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းဆီးခြင်း၏ဆိုးကျိုးများအကြောင်း အသိပညာပေးဟောပြောပွဲကို ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ပဲခူးမြို့ဇိုင်းဂနိုင်း(မြောက်ပိုင်း)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဩဂုတ် ၂၁ ရက်က ကျင်းပပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ဇိုင်းဂနိုင်း(မြောက်ပိုင်း) အုပ်ချုပ်ရေးမှူး ဦးကျော်မိုးက အမှာစကားပြောကြားပြီး ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ထားထားလွင်က ဘက်ထရီရှော့ခ်တိုက်(ကျင်စက်)ဖြင့် ငါးဖမ်းခြင်း၏ဆိုးကျိုးများ၊ အပင်မျိုးလေး၊ သတ္တဝါမျိုးလေး အပါအဝင် ငါးနှင့်ရေသတ္တဝါများ သေကြေပျက်စီးခြင်းကြောင့် ဂေဟဗေဒစနစ်နှင့် သတ္တဝါများတိုးပွားမှုအတွက် အရေးပါသောအစာကွင်းဆက် ပျက်ယွင်းခြင်း၊ ဥကပ်ငါးများ သေကြေပျက်စီးပါက ပေါက်ပွားလာမည့် ငါးသယံဇာတများဆုံးရှုံးခြင်း၊ ရောင်းတမ်းဝင်ငါးတစ်ကောင် ရရန်အတွက် ငါးငယ်များစွာ သေကြေပျက်စီးစေခြင်း၊ အသက်မသေဘဲ လွတ်မြောက်သွားသောငါးကြီးများသည်လည်း လျှပ်စစ်ဓာတ်အားများကြောင့် ချည့်နဲ့သွားခြင်း၊ မြုံသွားခြင်း၊ မျိုးမပွားနိုင်တော့ခြင်း စသည့် ဆိုးကျိုးများစွာ ဖြစ်စေနိုင်သည့်အပြင် အခန့်မသင့်ပါက ငါးဖမ်းသည့်လူပါ ဓာတ်လိုက်ခံရ၍ အသက်သေဆုံးသည်အထိ ဖြစ်တတ်ကြောင်း အသိပညာပေးဟောပြောခဲ့သည်။ ဟောပြောပွဲသို့ ပဲခူးမြို့နယ်အတွင်းမှ မြစ်၊ချောင်းများအတွင်း ငါးရှာဖွေစားသောက်သူများ၊ စက်လှေမောင်းသူများ တက်ရောက်ခဲ့ပြီး ဟောပြောပွဲအပြီးတွင် ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းဆီးခြင်း၏ဆိုးကျိုးများအကြောင်း အသိပညာပေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ရေကြီးနစ်မြုပ်ဧရိယာများတွင် ဆောင်ရွက်ရမည့်နည်းပညာများ ပညာပေးဟောပြော

**လှိုင်းဘွဲ ဩဂုတ် ၂၅**
ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူအထူးဒေသတွင် မိုးစပါးစိုက်ခင်း စုပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲနှင့် ရေကြီးနစ်မြုပ်ဧရိယာများတွင် ဆောင်ရွက်ရမည့်နည်းပညာများကို တောင်သူများအား အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၄ ရက်က ပြုလုပ်ခဲ့သည်။




တခွက်ဖိုးကျေးရွာမှ မိုးစပါးစိုက်ကွင်း ငါးဧကတွင် ဓာတ်မြေဩဇာ စုပေါင်းကြဲပက်ကြပြီး မြိုင်ကြီးငူအထူးဒေသအတွင်းရှိ ရေကြီးနစ်မြုပ်ဧရိယာများမှ တောင်သူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် အချက်များအကြောင်း နည်းပညာပေးဟောပြောပွဲကို ဆက်လက်ပြုလုပ်ခဲ့ရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်လင်းက တောင်သူများအနေဖြင့် ဆောင်ရွက်သင့်သည့် နည်းပညာများအကြောင်းကို ပညာပေးဟောပြောပြီး ပြည်နယ်သီးနှံကာကွယ်ရေးဌာနမှ ဒုတိယတာဝန်ခံ ဒေါ်သန်းသန်းလွင်၊ မြေအသုံးချရေးတာဝန်ခံ ဒေါ်အေးချို၊ မျိုးစေ့တာဝန်ခံ ဒေါ်ဝေဝေမြင့်၊ ခရိုင်ဦးစီးမှူး ဒေါ်အေးမေနှင့် မြို့နယ်ဦးစီးမှူး ဦးဆင်ဇခုပ်တို့ကလည်း ကဏ္ဍအလိုက် ဟောပြောခဲ့ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးကလည်း အထွက်နှုန်းကောင်းမွန်ရေးအတွက် ဆောင်ရွက်ရမည့်အချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# အသိပညာပေးဟောပြောပွဲများကျင်းပ

**သံတွဲ ဩဂုတ် ၂၅**
ကျောင်းသားလူငယ်များအား လူကုန်ကူးမှုနှင့်မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲအခမ်းအနားကိုဩဂုတ် ၂၃ ရက်မွန်းလွဲ ၂ နာရီက ရခိုင်ပြည်နယ် သံတွဲမြို့ အမှတ်(၁)ရပ်ကွက် စက်မှုလက်မှုကျောင်းနှင့် သံတွဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအား လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲများကို ဩဂုတ် ၂၂ နှင့် ၂၃ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲများတွင် သံတွဲခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမောင်မောင်စိုးနှင့် ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဦးတို့က လူကုန်ကူးမှုဖြစ်စဉ်များအကြောင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်းတို့ကို ဟောပြောခဲ့ကြကာ စက်မှုလက်မှုကျောင်းတွင် ကျောင်းသားကျောင်းသူ ၁၂၀ ခန့်နှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ ၂၀၀ ခန့်ကို ဟောပြောနိုင်ခဲ့ကြောင်း သိရသည်။ ဟောပြောပွဲများသို့ ခရိုင်ပညာရေးမှူးဦးအောင်သန်းမြင့်၊ မြို့နယ်ပညာရေးမှူးဦးစောဝင်း၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ တက်ရောက်ခဲ့ကြသည်။

(၁၆၄)

# ရမည်းသင်းခရိုင်အတွင်း မှုခင်းကျဆင်းရေး ဆွေးနွေး

**ရမည်းသင်း ဩဂုတ် ၂၅**
ရမည်းသင်းခရိုင်အတွင်း မှုခင်းကျဆင်းရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ပထမ ရက် ၁၀၀ စီမံချက်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် အားနည်းချက် အားသာချက်များ၊ ဒုတိယရက် ၁၀၀ ရဲလုပ်ငန်းစီမံချက် ဆောင်ရွက်မှုများကို ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှူးက ဒေသတွင်းမှ အရပ်ဘက်အဖွဲ့အစည်းများနှင့် မီဒီယာများအား မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးခန်း၌ ဩဂုတ် ၂၃ ရက်က တွေ့ဆုံရှင်းလင်းပြောကြားခဲ့သည်။

ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကြည်စိုးက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ လောင်းကစားမှုများ လျှော့နည်းပပျောက်ရေး၊ လုယက်မှုများ လျှော့နည်းပပျောက်ရေး၊ ယာဉ်တိုက်မှုများ လျှော့နည်းပပျောက်ရေး၊ အမှုကြီးများ လျှော့နည်းကျဆင်းရေးနှင့် မှုခင်းများကို ကြိုတင်ကာကွယ် ဖမ်းဆီးနှိမ်နင်းရေး၊ မှုခင်းဆိုင်ရာနှင့် ပတ်သက်၍ မီဒီယာများ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများကလည်း ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ရေး၊ ပြစ်မှုပြစ်ဒဏ်မျှတရေး စသည့်အကြောင်းအရာများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ရမည်းသင်းခရိုင်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ရဲစခန်းအသီးသီးမှ စခန်းမှူးများ၊ ယာဉ်ထိန်းရဲများ၊ ရမည်းသင်းမြို့ပေါ် ရပ်ကွက်ငါးခုမှ အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်သတင်းထောက်များက သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြသည်။

**တင်ဦး(ရမည်းသင်း)**



**သာယာဝတီခရိုင် မင်းလှမြို့နယ် ရဲတပ်ဖွဲ့က ကျောင်းဆင်းချိန်များတွင် ကျောင်းသားကျောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ အန္တရာယ်ကင်းရှင်းရေးအတွက် ဩဂုတ် ၂၂ ရက်က ဝိုင်းဝန်းဆောင်ရွက်နေစဉ်**
(မြို့နယ် ပြန်/ဆက်)

# မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းသို့ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၅**
ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ရေပေါ်ကန်ကျေးရွာရှိ ဆင်းသုခမိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း ၂၅ ဧက၌ ပင်ပွားစုံချိန် ကွင်းဆင်းစစ်ဆေးမှုများကို ရန်ကုန်တောင်ပိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းမြင့်နှင့် တာဝန်ရှိသူများ ဩဂုတ် ၂၃ ရက်က သွားရောက်စစ်ဆေးခဲ့ပြီး မျိုးစေ့ထုတ်လုပ်မည့် တောင်သူများအား လက်တွေ့ရှင်းလင်းပြသခြင်းနှင့် စစ်ဆေးတွေ့ရှိချက်များကို မှတ်တမ်းပြုလုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုကျင်းပ

**ပြည် ဩဂုတ် ၂၅**
၂၀၁၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှုအခမ်းအနားကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက ပြည်ခရိုင် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ ဗီတာမင်ဓာတ်ကြွယ်ဝသော အစားအစာများ စုပေါင်းချက်ပြုတ်ကြပြီး ယင်းအာဟာရပြည့်အစားအစာများကို ကလေးငယ် ၁၅ ဦးအား နေ့လယ်စာကျွေးမွေးခဲ့သည်။ ယင်းနောက် မွန်းလွဲ ၁ နာရီတွင် မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲ ကျင်းပခဲ့ပြီး အဆိုပါပြိုင်ပွဲတွင် ဆုရရှိသူ မိခင်ခြောက်ဦးအား ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးစိုးသိန်းက အမှာစကားပြောကြားခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

# တောင်သူလယ်သမားများအတွက် လယ်ဧက ၅၀၀၀၀ ကျော် ရေပေးဝေမည့် ခပေါင်းရေလှောင်တမံ

**တက္ကသိုလ် ပွင့်သူအောင်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်ကို ၂၀၁၆ ဇူလိုင် ၂၉ ရက်က ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါထုတ်ပြန်ချက်တွင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ(၁၂)ချက်မှ လယ်ယာကဏ္ဍများနှင့် ပတ်သက်၍ "ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်နှင့် အိမ်ထောင်စုများ၊ တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မည့် ငွေရေးကြေးရေးစနစ်ဖြင့် ဘဏ္ဍာရေး တည်ငြိမ်မှုရရှိလာစေရေး ဆောင်ရွက်ရန်" ဟု မူဝါဒများ ချမှတ်ထားရှိကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် လူဦးရေ စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းသည် လယ်ယာကဏ္ဍကို အခြေပြု၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိကြပြီး လယ်ယာမြေ ဧက ၃၂ ဒသမ ၇ သန်းကျော်ကို စိုက်ပျိုးရေးလုပ်ကိုင်ခွင့်ရထားသည့် တောင်သူလယ်သမားဦးရေ ၆ ဒသမ ၁၉ သန်းအနက် ၁၀ ဧကအောက် လုပ်ကွက်ငယ် တောင်သူလယ်သမားဦးရေသည် ၅ ဒသမ ၃ သန်း (၈၅ ရာခိုင်နှုန်း) ပါဝင်လျက်ရှိသည်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော် စားနပ်ရိက္ခာ ဖူလုံပြည့်ဝရေးအတွက် လုပ်ကွက်ငယ် စိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေးနှင့် ဝင်ငွေတိုးတက်ရေးကို အရေးကြီးကဏ္ဍအဖြစ် အလေးထားဆောင်ရွက်ရာတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည်လည်း ပါဝင်ခဲ့သည်။ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ၁၉၉၃ ခုနှစ် မတ် ၂၉ ရက်တွင် ကျင်းပခဲ့သော အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ အစည်းအဝေး အမှတ်စဉ် (၂/၉၃) ဖြင့် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။



လက်ယာတူးမြောင်းမကြီး တိုက်ရိုက်မိုင်နာမြောင်းအမှတ် (၄က)မှ နွေစပါးစိုက်ပျိုးရေပေးဝေနေပုံ

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ရှိ တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့သည် စိုက်ပျိုးရေးမြို့နယ်များဖြစ်သည့်အလျောက် မိုးစပါး၊ နွေစပါးအပြင် မတ်ပဲ၊ ပဲတီစိမ်း၊ နှမ်း၊ မြေပဲ၊ ဖရဲ၊ ပြောင်း၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်စသည့် ဆောင်းသီးနှံများကို တောင်သူလယ်သမားတို့ အားထားစိုက်ပျိုးကြသည်။ သီးနှံစိုက်ပျိုးရန်အတွက် ရေလိုအပ်သကဲ့သို့ မိုးရာသီတွင်လည်း ရေလွှမ်းမိုးမှု၊ ရေကြီးနစ်မြုပ်မှုတို့မှ ကာကွယ်ရန်လိုအပ်သည့်အလျောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၅)က ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်းကို ၂၀၀၁-၂၀၀၂ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် စီမံကိန်းပြီးစီးခဲ့သည်။ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်ရှိ ခပေါင်းချောင်းနှင့် ပရိုင်းချောင်းဆုံ အောက်ဘက် ၁ ဒသမ ၂၅ မိုင်ခန့်တွင် တည်ရှိသည်။ ရေလှောင်တမံ၏ အောက်ဘက် ငါးမိုင်ခန့်အကွာတွင် ရေလွှဲဆည်တစ်ခု တည်ဆောက်ပြီး ဖြစ်သည်။

ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် တမံအလျားမှာ ပင်မတမံ ၉၂၀ ပေ၊ ကုန်းကြောတမံ ပေ ၈၀၀ ပါဝင်သည်။ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၈၇၈၅၇၀၊ ကန်ရေသေ ရေလှောင်ပမာဏမှာ ဧကပေ ၈၃၀၀၀ ရှိပြီး ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာမှာ ၁၄၆၅၇ ဧက ရှိသည်။ တမံအမျိုးအစားမှာ မြေသားတမံဖြစ်၍ တမံအမြင့် ပေ ၂၀၀ ရှိသည်။

ဆည်ရေသောက်ဧရိယာမှာ ၅၃၂၈၆ ဧက ဖြစ်ပြီး တူးမြောင်းမကြီး အလျားမှာ ၄၆ ဒသမ ၄၀ မိုင်ဖြစ်ရာ ယင်းတွင် လက်ယာတူးမြောင်းမကြီး ၃၀ ဒသမ ၆၃ မိုင်နှင့် လက်ဝဲ တူးမြောင်းမကြီး ၁၅ ဒသမ ၇၇ မိုင် ပါဝင်သည်။ ထို့အပြင် လက်တံမြောင်းများအလျား ၄၀ ဒသမ ၇၉ မိုင်ရှိပြီး ယင်းတွင် လက်ယာလက်တံမြောင်း ၂၉ ဒသမ ၃ မိုင်နှင့် လက်ဝဲလက်တံမြောင်း ၁၁ ဒသမ ၄၉ မိုင် ပါဝင်သည်။



လက်ယာတူးမြောင်းမကြီး ပေတိုင်-၃၄၆၀၀ရှိ မြောင်းနှစ်ခွအဆောက်အအုံ

ရေအားလျှပ်စစ်တပ်ဆင်အင်အားမှာ ၃၀ မဂ္ဂါဝပ် (၁၅ မဂ္ဂါဝပ်နှစ်လုံး)ဖြစ်ပြီး နှစ်စဉ်ပျမ်းမျှထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားမှာ ကီလိုဝပ်နာရီ သန်း ၁၂၀ ရှိသည်။ ရေပိုလွှဲအမျိုးအစားမှာ သံကူကွန်ကရစ် **(Ogee Type)**ဖြစ်ပြီး အကျယ် ၁၀၆ ပေ၊ အလျား ပေ ၉၀၀ ရှိကာ ရေပိုလွှဲဒီဇိုင်း ရေထုစီးနှုန်းမှာ တစ်စက္ကန့်လျှင် ၂၄၅၀၀ ကုဗပေ ဖြစ်သည်။

ခပေါင်းရေလှောင်တမံကို ၂၀၀၇ ခုနှစ် မတ် ၂၃ ရက်တွင်လည်းကောင်း၊ ခပေါင်းရေလွှဲဆည်ကို ၂၀၀၈ ခုနှစ် ဇွန် ၂၈ ရက်တွင်လည်းကောင်း ဖွင့်လှစ်ခဲ့သည်။ ခပေါင်းရေလွှဲဆည် ရေသောက်စနစ်ကို ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ပြီးစီးရန် ရည်မှန်းထားပြီး ယခုအချိန်အထိ ပြီးစီးမှုရာခိုင်နှုန်းမှာ ၉၃ ရာခိုင်နှုန်းဖြစ်သည်။ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းအနေဖြင့် ၂၀၁၂-၂၀၁၃ ခုနှစ်၌ လက်ဝဲဆည်ရေသောက်စနစ်တွင် နွေစပါး ၄၁၅၅ ဧကနှင့် လက်ယာဆည်ရေသောက်စနစ်တွင် နွေစပါး ၂၂၃၈၉ ဧက၊ စုစုပေါင်း နွေစပါး ၂၆၅၄၄ ဧက စိုက်ပျိုးရေ ပေးဝေနိုင်ခဲ့သည်။ ၂၀၁၃ - ၂၀၁၄ ခုနှစ် နွေစပါး စိုက်ပျိုးရာသီတွင် လက်ဝဲဆည်ရေသောက်စနစ်၌ နွေစပါး ၉၀၀၀ ဧကနှင့် လက်ယာဆည်ရေသောက်စနစ်တွင် နွေစပါး ၂၅၀၂၂ ဧက စုစုပေါင်း နွေစပါး ၃၄၀၂၂ ဧကကို ရေပေးဝေကာ စိုက်ပျိုးနိုင်ခဲ့သည်။ ၂၀၁၄ - ၂၀၁၅ ခုနှစ် နွေစပါး စိုက်ပျိုးရာသီ၌ လက်ဝဲဆည်ရေသောက်စနစ်တွင် နွေစပါး ၉၄၄၅ ဧကနှင့် လက်ယာဆည်ရေသောက်စနစ်၌ နွေစပါး ၂၄၄၄၅ ဧက စုစုပေါင်း နွေစပါး ၃၃၈၉၀ ဧကကို စိုက်ပျိုးရေ ပေးဝေနိုင်ခဲ့သည်။ ၂၀၁၅-၂၀၁၆ ခုနှစ် နွေစပါး စိုက်ပျိုးရာသီတွင် လက်ဝဲရေသောက်စနစ်၌ နွေစပါး ၉၈၁၉ ဧကနှင့် လက်ယာ ဆည်ရေသောက်စနစ်တွင် နွေစပါး ၂၄၃၄၂ ဧက စုစုပေါင်း နွေစပါး ၃၄၁၆၁ ဧကကို စိုက်ပျိုးရေ ပေးဝေနိုင်ခဲ့သည်။ ယင်းနွေစပါး ရေပေးဝေခဲ့သည့် ဧရိယာ ၃၄၁၆၁ ဧကတွင် တောင်ငူမြို့နယ်သည် လက်ဝဲဆည်ရေသောက်စနစ်ဖြင့် ၈၉၁၉ ဧကနှင့် အုတ်တွင်းမြို့နယ်သည် လက်ယာဆည်ရေသောက်စနစ်ဖြင့် ၂၄၃၄၂ ဧက အသီးသီး တောင်သူလယ်သမားများအတွက် အကျိုးပြုနိုင်ခဲ့သည်။

ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် နိုင်ငံတော်အစိုးရသစ်၏ ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်အရ နွေစပါးစိုက်ပျိုးမှုအတွက် ၃၅၀၀ ဧက ဆည်ရေတိုးမြှင့်ပေးဝေနိုင်ခဲ့သည်။ ထို့အပြင် မိုးစပါးစိုက်မည့် ဧရိယာ ၅၃၂၈၆ ဧကအတွက် ခပေါင်းရေလှောင်တမံ ဆည်ရေဖြင့် ထွန်ယက်ရေ၊ ပျိုးထောင်ရေတို့ကိုပါ ပေးဝေနိုင်ခဲ့သည်။ ယင်းကဲ့သို့ပေးဝေနိုင်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၅)အနေဖြင့် တူးမြောင်းမြေကြီးလုပ်ငန်း ၇၉၀၀၀ ကျင်း၊ ကျောက်ပြားလိုင်နင်စီခြင်းလုပ်ငန်း ၉၅၅၀ ပေနှင့် တူးမြောင်းအဆောက်အအုံ တစ်လုံးကို တည်ဆောက်၍ လုပ်ငန်းအသီးသီးကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်သည်။

ထို့အပြင် ခပေါင်းရေလှောင်တမံတွင် တပ်ဆင်ထားသော ရေအားလျှပ်စစ်တပ်ဆင်အင်အား ၃၀ မဂ္ဂါဝပ်မှ ၂၀၀၈ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား ၁၁၃၀၅၅ မဂ္ဂါဝပ်နာရီ၊ ၂၀၀၉ ခုနှစ်တွင် ၄၀၉၅၃ မဂ္ဂါဝပ်နာရီ၊ ၂၀၁၀ ပြည့်နှစ်တွင် ၂၆၄၃၁ မဂ္ဂါဝပ်နာရီ၊ ၂၀၁၁ ခုနှစ်တွင် ၉၁၇၅၃ မဂ္ဂါဝပ်နာရီ၊ ၂၀၁၂ ခုနှစ်တွင် ၁၀၀၃၇၂ မဂ္ဂါဝပ်နာရီ၊ ၂၀၁၃ ခုနှစ်တွင် ၆၆၆၀၄ မဂ္ဂါဝပ်နာရီ၊ ၂၀၁၄ ခုနှစ်တွင် ၉၅၆၅၅ မဂ္ဂါဝပ်နာရီ၊ ၂၀၁၅ ခုနှစ်တွင် ၄၆၀၉၂ မဂ္ဂါဝပ်နာရီနှင့် ၂၀၁၆ ခုနှစ် ဩဂုတ်လအထိ ၆၉၄၅၈ မဂ္ဂါဝပ်နာရီ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်သည်။

ခပေါင်းရေလှောင်တမံသည် တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်ရှိ တောင်သူလယ်သမားများ စိုက်ပျိုးလျက်ရှိကြသော မိုးစပါး၊ နွေစပါးများ တိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းများကို လုံလောက်သည့်ဆည်ရေများ ပေးဝေအကျိုးပြုလျက်ရှိသည်။ ယင်းခပေါင်းရေလှောင်တမံ ဆည်ရေကြောင့် တောင်သူလယ်သမားများ၏ လယ်ယာကုန်ထုတ်လုပ်မှုများ တိုးတက်ခဲ့သဖြင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်ရရှိခံစားနေကြရပြီဖြစ်သည်။ ထိုမျှသာမက ခပေါင်းရေလှောင်တမံသည် လယ်မြေများကို ရေကြီးနစ်မြုပ်မှုဘေးအန္တရာယ်မှလည်း ကင်းဝေးစေသည့်အပြင် တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်များ၏ သဘာဝပတ်ဝန်းကျင်ကိုလည်း စိမ်းလန်းစိုပြည်စေပြီး ဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အထောက်အကူပြုနေသည့် တမံကြီးတစ်ခု ဖြစ်ပါသည်။ ။



မှုခင်းပညာပေးရေးယာဉ်သည် ပဲခူးမြို့ပေါ်ရှိ စာသင်ကျောင်းများ၊ လူစည်ကားရာနေရာများတွင် ဩဂုတ် ၂၄ ရက်ကစတင်ကာ အဖွဲ့စုံဖြင့် လှည့်လည်အသိပညာပေးဆောင်ရွက်လျက်ရှိရာ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဦးက အသိပညာပေးဟောပြောစဉ်

သန့်စင် (ပဲခူး)

## ရေဘေးသင့်ပြည်သူများအား လှူဒါန်းမည့်အဖွဲ့ ထွက်ခွာ

**တပ်ကုန်း ဩဂုတ် ၂၅**

နေပြည်တော် တပ်ကုန်းမြို့နယ် မေတ္တာရိပ် လူမှုကူညီရေးအသင်းကြီးမှ ဦးဆောင်၍ တပ်ကုန်းမြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ပရဟိတအဖွဲ့များနှင့် စေတနာရှင်ပြည်သူများ စုပေါင်း၍ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသော ပစ္စည်းများကို ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများမှ ပြည်သူများထံသို့ သွားရောက်လှူဒါန်းရန် ဩဂုတ် ၂၂ ရက်က တပ်ကုန်းမြို့မှ ထွက်ခွာခဲ့ကြောင်း သိရသည်။

စုပေါင်းလှူဒါန်းထားကြသော ကျပ်သိန်း ၂၃၀ ကျော်တန်ဖိုးရှိ ကူညီထောက်ပံ့ရေး ကုန်တင်ယာဉ်များဖြင့် တင်၍ မေတ္တာရိပ် လူမှုကူညီရေးအသင်းသားများ လိုက်ပါကာ တပ်ကုန်းမြို့မှ စတင်ထွက်ခွာခဲ့ခြင်းဖြစ်ပြီး သွားရောက်ကူညီမည့် ပစ္စည်းများအဖြစ် ခြောက်ပြည်ဝင်ဆန်အိတ်ပေါင်း ၁၆၀၀၊ ခေါက်ဆွဲ ၅၃၅ ဖာ၊ ရေသန့်ကတ် ၁၆၀၀၊ ဆီဘူး ၁၆၀၀၊ ငါးသေတ္တာဘူးသေး ၃၂၀၀ နှင့် ငွေသား ကျပ်သိန်း ၈၀ ကျော် ပါဝင်ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများကို သာပေါင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများမှ ပြည်သူများထံအရောက် သွားရောက်ထောက်ပံ့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**






MPT
ရှေ့သို့လှမ်း၍ မြန်မာပြည်

သောကြာနေ့တိုင်းမှာ
ငွေဖြည့်ပြီး အပိုဆု ရယူလိုက်ပါ။

- သောကြာနေ့တွင် E-Topup ဖြင့် ငွေဖြည့်ပြီး အပိုဆုနှစ်မျိုး ရယူလိုက်ပါ။
- MPT ၏ Prepaid GSM/WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။
(Data အပိုဆုများသည် ဆွေသဟာ အသုံးပြုသူများအတွက်သာ)
- အပိုဆုငွေများဖြင့် **MPT** မိုဘိုင်းဖုန်းများအချင်းချင်း ဖုန်းခေါ်ဆိုခြင်းနှင့် စာတိုပေးပို့ခြင်း၊ အင်တာနက် အသုံးပြုခြင်းများ ပြုလုပ်နိုင်ပါသည်။
- အပိုဆုငွေများကို ငွေဖြည့်သွင်းသည့်နေ့မှစတင်၍ (၇)ရက်အတွင်း အသုံးပြုနိုင်ပါသည်။
- Data အပိုဆုများကို ငွေဖြည့်သွင်းသည့် သောကြာနေ့မှစတင်၍ တနင်္ဂနွေနေ့အထိ အသုံးပြုနိုင်ပါသည်။

| ငွေဖြည့်ပမာဏ | ငွေဖြည့်ကတ်ဖြင့် (အပိုဆု) | E-Topup ဖြင့် (အပိုဆု) |
|---|---|---|
| 1,000 Ks | 20 MB | 20 MB + 100 Ks |
| 3,000 Ks | 80 MB | 80 MB + 500 Ks |
| 5,000 Ks | 150 MB | 150 MB + 1,250 Ks |
| EVERY 10,000 Ks | 400 MB | 400 MB + 3,000 Ks |

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL
CALL CENTER 106 call free 24 hours everyday

နေ့စဉ်
E-Topup
ဖြင့် ငွေဖြည့်ပြီး အပိုဆု ရယူလိုက်ပါ။

| ငွေဖြည့်ပမာဏ | E-Topup ဖြင့် (အပိုဆု) |
|---|---|
| 1,000 Ks | 100 Ks |
| 3,000 Ks | 500 Ks |
| 5,000 Ks | 1,250 Ks |
| EVERY 10,000 Ks | 3,000 Ks |

- **MPT** ၏ Prepaid GSM/WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။
- အပိုဆုငွေများဖြင့် **MPT** မိုဘိုင်းဖုန်းများအချင်းချင်း ဖုန်းခေါ်ဆိုခြင်းနှင့် စာတိုပေးပို့ခြင်း၊ အင်တာနက် အသုံးပြုခြင်းများ ပြုလုပ်နိုင်ပါသည်။
- အပိုဆုငွေများကို ငွေဖြည့်သွင်းသည့်နေ့မှစတင်၍ (၇)ရက်အတွင်း အသုံးပြုနိုင်ပါသည်။
- ဩဂုတ်လ(၁၂)ရက်နေ့မှ စက်တင်ဘာလ(၁၂)ရက်နေ့အထိ အသုံးပြုနိုင်ပါသည်။


အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL
CALL CENTER 106 call free 24 hours everyday


LG Life's Good
Get & Go
15th August ~ 30th September | 2016
Bangkok Airways
***Terms & Conditions Apply***
OLED FULL HD/ UHD SMART CURVED 3D LED TV
65EG960T (65") Round Trip Open Ticket to Bangkok + Hotel 2 nights ( 2 Persons) + 50,000 Ks Gift Voucher
55EG910T (55") Round Trip Open Ticket to Bangkok ( 2 Persons) + 50,000 Ks Gift Voucher
SUPER UHD SMART 3D LED TV
86UH955T (86") Round Trip Open Ticket to Bangkok + Hotel 2 nights ( 2 Persons) + 50,000 Ks Gift Voucher
79UF950 (79") Round Trip Open Ticket to Bangkok + Hotel 1 night ( 2 Persons) + 50,000 Ks Gift Voucher
TMW Enterprise Limited
LG BRAND SHOP များနှင့် WAI YAN ELECTRONICS ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
LG Brand Shop (Sule): ဆူးလေဘုရားလမ်း၊ ဖုန်း - ၀၁-၃၇၉၉၅၅
LG Brand Shop (Pansodan): ပန်းဆိုးတန်းလမ်း၊ ဖုန်း - ၀၁-၂၅၄၅၆၀
LG Brand Shop (Myanmar Plaza): မြန်မာပလာဇာ၊ ဒုတိယထပ်၊ ကမ္ဘာအေးဘုရားလမ်း၊ ဖုန်း - ၀၉၉၇၄၀၀၅၀၄၄
LG Brand Shop (Mandalay): ၂၇လမ်းနှင့် ၈၂လမ်းထောင့်၊ ဖုန်း - ၀၂-၆၄၀၂၉၊ ၃၉၅၄၇
LG Brand Shop (Nay Pyi Taw): သီရိရတနာအဆင့်မြင့်ဈေး၊ ဖုန်း - ၀၆၇-၄၂၀၇၉၁၊ ၄၂၀၉၆၆
LG Brand Shop (Lashio) သိန်းနီလမ်းနှင့် ဘုန်းကြီးလမ်းထောင့်၊ ဖုန်း - ၀၉၂၅၂၃၃၇၈၃၃၊ ၀၉၉၇၀၄၄၈၂၇၉
LG loves Myanmar
TMW Enterprise Limited
WHILE STOCK LAST!!!


ဂရိတ်ဝေါလ်ရွှေမြေကုမ္ပဏီလီမိတက်
ရယ်ဒီမိတ်အိမ် များကို စတင်ထုတ်လုပ်ပေးနေပါသည်။
◈ ရယ်ဒီမိတ်အိမ်များကို စိတ်တိုင်းကျ တပ်ဆင်ပေးနေပါသည်။ ◈ ရယ်ဒီမိတ်အိမ်တွင် မျက်နှာကျက် ၊ ခြင်လုံဇကာ ၊ အိပ်ခန်း ၊ ဧည့်ခန်း ၊ ရေချိုးခန်း၊ သန့်စင်ခန်း ၊ မီးဖိုခန်းများကို ( ၂၅ - ၈၀ )နာရီခန့်အတွင်း အပြီးအစီး တပ်ဆင်ပေးပါမည်။ (အဆင်သင့်နေနိုင်ပါသည်)
✸ ကိုယ်စားလှယ်ယူလိုသူများ လာရောက်ဆက်သွယ်နိုင်ပါသည် ✸
➢ အမှတ် (ဂ၅) ၊ ကနောင်မင်းသားကြီးလမ်း ၊ ရွှေလင်ပန်းစက်မှုဇုန် ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 250500099, 09 250500088, 09 250500066, 09 73227622, 09 31652227,09 31652228
➢ အမှတ် (၉၇/၉၉)၊ ၂၂-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ Ph : 01 381999, 01 382333, 09 250065716, 09 73048157


အခမဲ့ ဖုန်းပြောနိုင်ပြီ
အခုပဲငွေဖြည့်ပြီး မြန်မာတစ်နိုင်ငံလုံးရှိ မည်သည့်အူရီဒူးဖုန်းကိုမဆို
နေ့စဉ် မိနစ် ၅၀ အထိ အခမဲ့ ဖုန်းခေါ်ဆိုလိုက်ပါ
*133#
သို့ ခေါ်ဆိုပါ
ooredoo
ငွေဖြည့်ရန်
၅၀၀ ကျပ်မှ ၂,၉၉၉ ကျပ် အထိ
၅ ရက်
၃,၀၀၀ ကျပ်မှ ၉,၉၉၉ ကျပ် အထိ
၁၀ ရက်
၁၀,၀၀၀ ကျပ် နှင့်အထက်
၃၀ ရက်
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို ooredoo.com.mm မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အတွင်း အောက်ဖော်ပြပါဆောက်လုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | လုပ်ငန်း | တည်နေရာ |
|---|---|---|
| (က) | ဧည့်ရိပ်သာမွမ်းမံခြင်း | ပြင်ဦးလွင် |
| (ခ) | ခြံစည်းရိုးကာရံခြင်း(အုတ်၊ ကျောက်တိုင်၊ Chain Link ၁၅၄၀ ပေ) | ပြင်ဦးလွင် |
| (ဂ) | ၆၀'×၂၀'×၁၂' RC တစ်ထပ်(၂)ခန်းတွဲ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း(၁)လုံး၊ (ရေ၊ မီး၊ မိလ္လာအပါအဝင်) | ပြင်ဦးလွင် |
| (ဃ) | (၆)ခန်းတွဲ၊ ဝန်ထမ်းအိမ်ရာတိုးချဲ့ခြင်း (၇၂'×၁၂'×၁၀')RC (ရေ၊ မီး၊ မိလ္လာအပါအဝင်) | မန္တလေး |
| (င) | (၁၆)ပေအမြင့် ဂါလန် ၈၀၀ Fiber Tank အပါအဝင် ရေစင်(၁)လုံး | မြစ်ကြီးနား |
| (စ) | ၄၀'×၃၀'×၁၂' RC တစ်ထပ်(၂)ခန်းတွဲ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း(၁)လုံး (ရေ၊ မီး၊ မိလ္လာအပါအဝင်) | မုံရွာ |
| (ဆ) | ၁၃'×၆' သံပန်းတံခါးနှင့် ၁၀၀' လမ်းခင်းခြင်းလုပ်ငန်း | လားရှိုး |
| (ဇ) | ၄၀'×၃၀'×၁၂' RC တစ်ထပ်ခတ်ခွဲခန်းဆောက်လုပ်ခြင်း(ရေ၊ မီး၊ မိလ္လာအပါအဝင်) | မကွေး |

၂။ (က) **လျှောက်လွှာရောင်းချမည့်ရက်** - ၂၉-၈-၂၀၁၆ ရက်
(ခ) **လျှောက်လွှာပိတ်မည့်ရက်** - ၉-၉-၂၀၁၆ ရက်
(ဂ) **လျှောက်လွှာရောင်းချမည့်နေရာ** - သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး

အသေးစိတ်သိလိုပါက ဖုန်း-၀၆၇-၄၀၈၄၆၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**

## အိတ်ဖွင့်ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင် အောက်ဖော်ပြပါအဆောက်အအုံ (၂) လုံး၊ မြေကွက် (၂) ကွက်၊ အခန်း (၇)ခန်း၊ သိုလှောင်ရုံ(၆)လုံးတို့အား ဈေးပြိုင်တင်ဒါစနစ်ဖြင့် တစ်နှစ်သက်တမ်း ခြောက်လတစ်ကြိမ်စာချုပ်ဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ပါသည်-

(က) **နေပြည်တော်ကောင်စီနယ်မြေရှိ ဆိုင်ခန်း (၇)ခန်း**

Lot (1) (၁) (ပဆ-၈၈၆၆)၊ (၃၈'×၂၀')(သွပ်၊ အုတ်၊ ကွန်) ပျဉ်းမနားမြို့၊ ဗိုလ်လက်ျာလမ်း
Lot (2) (၂) (ပဆ-၈၈၅၁)၊ (၂၀'×၃၀')(သွပ်၊ အုတ်၊ ကွန်) ပျဉ်းမနားမြို့၊ ဗိုလ်လက်ျာလမ်း
Lot (3) (၃) (ပဆ-၈၈၆၈)၊ (၁၂'×၂၅')(သွပ်၊ အုတ်၊ ကွန်) ပျဉ်းမနားမြို့၊ ဗိုလ်တောက်ထိန်လမ်း
Lot (4) (၄) (ပဆ-၈၈၈၆)မှ အခန်း(၁) (၁၂'×၂၅')(သွပ်၊အုတ်၊ကွန်) ပျဉ်းမနားမြို့၊ ဗိုလ်ချုပ်လမ်း
Lot (5) (၅) (ပဆ-၈၈၈၆)မှ အခန်း(၂) (၁၁'×၂၅')(သွပ်၊အုတ်၊ကွန်) ပျဉ်းမနားမြို့၊ ဗိုလ်ချုပ်လမ်း
Lot (6) (၆) (ပဆ-၈၈၈၆)မှ အခန်း(၄) (၁၄'×၃၅')(သွပ်၊အုတ်၊ကွန်) ပျဉ်းမနားမြို့၊ ဗိုလ်ချုပ်လမ်း
Lot (7) (၇) (ပဆ-၈၈၈၆)မှ (အစွယ်) (၁၂'×၂၅')(သွပ်၊ အုတ်၊ ကွန်) ပျဉ်းမနားမြို့၊ ဗိုလ်ချုပ်လမ်း

(ခ) **ရန်ကုန်တိုင်းဒေသကြီးမှ အဆောက်အအုံ (၂)လုံး၊ မြေကွက် (၁) ကွက်၊သိုလှောင်ရုံ (၁)လုံး**

Lot (8) (၁) မော်တော်ယာဉ်စတို၊ အမှတ် (၁၃/၁၄) (၂)လုံးတွဲ(၁)လုံး၊ (၁၂၀'×၁၀၀') (သွပ်၊ သွပ်၊ ကွန်) မရမ်းကုန်းမြို့နယ်၊ နာဂမော်တော်ယာဉ်ဝင်း
Lot (9) (၂) အမှတ် (၁-က)၊ (၁၀၀'×၃၀') (သွပ်၊ အုတ်၊ ကွန်) လှိုင်မြို့နယ်၊ ဓမ္မသုခကျောင်းလမ်း
Lot (10) (၃) (၉'×၃၀')ရှိမြေ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် (၀၂) ဆန်စက်ဝင်း
Lot (11) (၄) သိုရုံ-၂(၁၃၆×၆၅×၁၄) (သွပ်၊ အုတ်၊ ကွန်) လှိုင်မြို့နယ်၊ ဓမ္မသုခကျောင်းလမ်း

(ဂ) **တနင်္သာရီတိုင်းဒေသကြီးမှ မြေ (၁)ကွက်**

Lot (12) (၁) (၄၀'×၁၀၀')ရှိမြေ (၁)ကွက်၊ မြိတ်မြို့ တောရကျောင်း

(ဃ) **စစ်ကိုင်းတိုင်းဒေသကြီးမှ သိုလှောင်ရုံ (၄)လုံး**

Lot (13) (၁) က-၁၉(၈၀'×၄၀'×၁၂') (သွပ်၊ ကပ်၊ ပျဉ်)၊ ရွှေဘိုမြို့၊ အမှတ် (၅)ရပ်ကွက်
Lot (14) (၂) က-၂၀(၈၀'×၄၀'×၁၂') (သွပ်၊ ကပ်၊ ပျဉ်)၊ ရွှေဘိုမြို့၊ အမှတ် (၅)ရပ်ကွက်
Lot (15) (၃) က-၂၁(၈၀'×၄၀'×၁၂') (သွပ်၊ ကပ်၊ ပျဉ်)၊ ရွှေဘိုမြို့၊ အမှတ် (၅)ရပ်ကွက်
Lot (16) (၄) က-၉(၁၄၄'×၅၅'×၁၄') (သွပ်၊ ပျဉ်၊ ပျဉ်)၊ ကန့်ဘလူမြို့၊ ဆက်သွယ်ရေးရုံးလမ်း

(င) **မန္တလေးတိုင်းဒေသကြီးမှ သိုလှောင်ရုံ (၁)လုံး**

Lot (17) (၁) မြဲ-၄(၆၀'×၃၀'×၁၂') (သွပ်၊ အုတ်၊ ကွန်)၊ မိတ္ထီလာမြို့၊ ဈေးအနောက်ဘက်

(စ) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၈-၂၀၁၆ရက်မှ ၆-၉-၂၀၁၆ရက်ထိ
**အချိန်** - နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီထိ
(ဆ) **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းခြင်း** - ၈-၉-၂၀၁၆ရက်၊ ၁၂း၀၀နာရီ
(ဇ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၈-၉-၂၀၁၆ရက် မွန်းလွဲ ၁၃း၀၀နာရီ
(ဈ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊အမှတ် (၂၂၈/၂၄၀)၊ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ထားဝယ်မြို့၊ မုံရွာမြို့၊ မန္တလေးမြို့၊နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားခရိုင်ဦးစီးမှူးရုံး၊ ပျဉ်းမနားမြို့။
(ည) **Deposit ပေးသွင်းရမည့်နေရာ** - ပေးသွင်းရမည့် Deposit ငွေများကို တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင်ဖော်ပြထားပြီးဖြစ်ပါသည်။Deposit ငွေများကို ဌာန၏ ငွေသွင်းချလန်ဖြင့် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ပေးသွင်းရမည်ဖြစ်ပါသည်။
(ဋ) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ် (၅၂)၊ နေပြည်တော်
(ဌ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၅၂)၊ နေပြည်တော်

၂။ အဆိုပါအဆောက်အအုံ (၂)လုံး၊ မြေကွက် (၂)ကွက်၊ အခန်း (၇)ခန်း၊ သိုလှောင်ရုံ (၆) လုံးတို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၂၂၂၂၄၈၊ ၂၁၆၄၂၀၊ ၀၅၉-၂၁၀၅၆၊ ၀၇၁-၂၁၀၂၀၊ ၂၂၉၂၄၊ ၀၂-၃၆၃၃၈၊ ၀၆၇-၂၂၀၅၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့စာတိုက်လုပ်ငန်း
## မြန်မာ့စာတိုက်လုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းရှင်များအား ဖိတ်ခေါ်ခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ ပြည်သူ့ဗဟိုပြုစာတိုက်ဝန်ဆောင်မှုများကို ယခုပိုမို ဖြည့်ဆည်းပေးနိုင်ရန်အတွက် တိုးချဲ့ဆောင်ရွက်လိုပါသဖြင့် အောက်ဖော်ပြပါလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်အပ်ပါသည်-
(က) ပြည်တွင်း/အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်းအား မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးခြင်း၊
(ခ) ကိုယ်စားငွေကောက်ခံခြင်း လုပ်ငန်းများ(မိုဘိုင်းဖုန်းငွေဖြည့်ပေးခြင်း၊ လေယာဉ်/ကားလက်မှတ်/အမြတ်ခွန်/အာမခံလုပ်ငန်း/အရစ်ကျရောင်းချခြင်းများအတွက် ငွေကောက်ခံပေးခြင်း)
(ဂ) Online Shopping လုပ်ငန်းများအတွက် ပေးဝေခြင်းနှင့်ငွေကောက်ခံပေးခြင်း၊
(ဃ) ဘဏ်လုပ်ငန်း ကိုယ်စားလှယ်ဆောင်ရွက်ပေးခြင်း၊
(င) Mobile Money လုပ်ငန်းများဆောင်ရွက်ပေးခြင်း၊
(စ) စာတိုက်လုပ်ငန်းမှ ဝန်ဆောင်မှုပေးနိုင်မည့် မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ပေးခြင်း၊

၂။ သို့ဖြစ်ပါ၍ မြန်မာ့စာတိုက်လုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ကုမ္ပဏီများမှ အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း(ရုံးချုပ်)**
**နေပြည်တော်ဗဟိုစာတိုက်ကြီး**
**ဖုန်း-၀၆၇-၄၂၀၆၃၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရခိုင်ပြည်နယ်လွှတ်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအား ပြင်ဆင်ခြင်း

၁။ ရခိုင်ပြည်နယ်လွှတ်တော်ရုံးတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် စိတ်ပါဝင်စားသူ တိုင်းရင်းသား ကုမ္ပဏီ/လုပ်ငန်းရှင်များအား ၁၅-၈-၂၀၁၆ ရက် မြန်မာ့အလင်းသတင်းစာတွင် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ ထိုကဲ့သို့ ခေါ်ယူခဲ့သည့် မြန်မာ့အလင်းသတင်းစာပါ ကြော်ငြာတွင် သတ်မှတ်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ၂၃-၈-၂၀၁၆ရက် နောက်ဆုံးထားပြီး ရုံးချိန်အတွင်း ရခိုင်ပြည်နယ်လွှတ်တော်ရုံးတွင် ဝယ်ယူရရှိနိုင်ပါရန်နှင့် ၂၅-၈-၂၀၁၆ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရမည်ဖြစ်ကြောင်း ဖော်ပြထားရှိသည့်အစား သတ်မှတ်တင်ဒါပုံစံများကို ၉-၉-၂၀၁၆ ရက် ရုံးချိန်အတွင်း နောက်ဆုံးထားပြီး ရခိုင်ပြည်နယ်လွှတ်တော်ရုံးတွင် တင်သွင်းနိုင်ပါကြောင်းနှင့် ၁၈-၉-၂၀၁၆ ရက်တွင် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ တင်ဒါဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ကြောင်း ပြင်ဆင်ကြော်ငြာအပ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရခိုင်ပြည်နယ်လွှတ်တော်ရုံး ဖုန်း-၀၉-၇၉၅၆၆၈၅၈၄၊ ၀၉-၄၅၀၅၆၃၄၁၉၊ ၀၉-၄၂၁၇၃၀၆၆၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ရခိုင်ပြည်နယ်လွှတ်တော်ရုံး**
**စစ်တွေမြို့**

## ယာဉ်မောင်းသစ်ခန့်ထားရေးလျှောက်လွှာခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးတွင် လစ်လပ်လျက်ရှိသော ယာဉ်မောင်း(၄)ရာထူး လစာနှုန်း(ကျပ် ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀)နေရာအတွက် အောက်ပါစည်းကမ်းချက်နှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) **လိုအပ်သောအချက်များ**
(၁) ပညာအရည်အချင်းအခြေခံပညာအလယ်တန်းအောင်မြင်ရမည်။ (ပညာအရည်အချင်းမြင့်သူကို ဦးစားပေးမည်။)
(၂) အသက်(၃၅)နှစ်ထက်မကြီးရ။
(၃) အငှားယာဉ်မောင်းလိုင်စင်(သို့မဟုတ်)သက်တမ်း(၃)နှစ်ပြည့်ပြီးသောကိုယ်ပိုင်ယာဉ်မောင်းလိုင်စင်ရှိရမည်။
(၄) ရန်ကုန်နှင့်မန္တလေးမြို့တွင်း ခရီးသည်တင်ယာဉ်များနှင့်ကုန်တင်ယာဉ်ကြီးများမောင်းနှင်နိုင်သူဖြစ်ရမည်။

(ခ) **တင်ပြရမည့်အချက်များ**
(၁) ကိုယ်တိုင်ရေးလျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်အကျဉ်း (ဓာတ်ပုံ ၃ပုံ)။
(၂) ဆေးစစ်လက်မှတ်မူရင်း။
(၃) ယာဉ်မောင်းလိုင်စင်မိတ္တူ။
(၄) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။
(၅) အကျင့်စာရိတ္တကောင်းမွန်ကြောင်းသက်ဆိုင်ရာရဲစခန်း၏ထောက်ခံစာမူရင်း။
(၆) အလလခပုံစံ(၂)မိတ္တူ။
(၇) ပညာအရည်အချင်းအထောက်အထား။
(၈) မည်သည့်ဒေသတွင်မဆိုသွားရောက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်းဝန်ခံချက်။
(၉) အစိုးရအဖွဲ့အစည်းတစ်ခုခုမှ ထုတ်ပယ်ထားခြင်းခံရသည့်ဝန်ထမ်းဟောင်းမဟုတ်ကြောင်း ဝန်ခံကတိပြုချက်။
(၁၀) ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ်။

၂။ အရည်အချင်းနှင့်ကိုက်ညီသူများသည် မိမိတို့၏ လျှောက်လွှာများကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးရုံးချုပ်၊ ရုံးအမှတ် ၂၉၊ နေပြည်တော်သို့ ၁၆-၉-၂၀၁၆ရက်နောက်ဆုံးထားပေးပို့ရန်နှင့် လူတွေ့စစ်ဆေးခြင်း၊ ယာဉ်မောင်းနှင်မှု (Driving Test) စစ်ဆေးခြင်းတို့အား နေပြည်တော်တွင် ၂၂-၉-၂၀၁၆ရက်မှ ၂၃-၉-၂၀၁၆ရက်ထိ ပြုလုပ်သွားမည်ဖြစ်ပါသည်။။

**မှတ်ချက်။ ။ ကုန်းလမ်းပို့ဆောင်ရေး၊ လုပ်သားရေးရာဌာန ဖုန်း-၀၆၇-၄၀၅၃၄၃သို့အသေးစိတ်စုံစမ်းမေးမြန်းနိုင်ပါသည်။**

**ကုန်းလမ်းပို့ဆောင်ရေး**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လိုင်စင်ရအဆောက်အအုံ ကန်ထရိုက်တာများအသင်း (Y.C.D.C L/C Association) ဖွဲ့စည်းရေးအတွက် အစည်းအဝေးဖိတ်ကြားခြင်း

၁။ Y.C.D.C နယ်နိမိတ်အတွင်း အဆောက်အအုံ တည်ဆောက်ရာတွင် လုံခြုံ၊ စည်းစနစ်ကျပြီး အရည်အသွေးပြည့်ဝသော အဆောက်အအုံများ ပေါ်ထွက်လာရေး၊ မြို့တော်အင်္ဂါရပ်နှင့်အညီ လိုအပ်သည့်စည်းမျဉ်းဥပဒေများ ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြနိုင်ရေး၊ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာအခက်အခဲများနှင့် ပတ်သက်၍ ပူးပေါင်းညှိနှိုင်းဖြေရှင်းဆောင်ရွက်နိုင်ရေး စသည့်ရည်ရွယ်ချက်များအတွက် အသင်းဖွဲ့စည်းရန် အောက်ပါအတိုင်း ဖိတ်ကြားအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ Y.C.D.C L/C Contractor များ၊ Contractor လုပ်ငန်းဆောင်ရွက်နေသူများ၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပတ်သက်သည့်ကုမ္ပဏီပိုင်ရှင်များ မပျက်မကွက် တက်ရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

၃။ လူကြီးမင်းများအနေဖြင့် ကြိုတင်စာရင်းပေးသွင်းကြပါရန်နှင့် မိမိတို့တွေ့ကြုံရင်ဆိုင်နေရသည့် အခက်အခဲများ၊ အသင်းအား အကြံပြုမည့်ကိစ္စများအား စာဖြင့် တစ်ပါတည်းယူဆောင်လာကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၄။ **အစည်းအဝေးအစီအစဉ်**
**နေ့ရက်** - ၃၁-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)
**အချိန်** - ၁၄း၀၀နာရီ မှ ၁၆း၀၀နာရီ
**နေရာ** - Dolphin Restaurant
(နတ်မောက်လမ်း၊ မြေပဒေသာကျွန်း၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ကြေးရုပ်အနီး)

ဆက်သွယ်ရန်- ဖုန်း-၀၉-၇၇၇၇၅၀၅၆၉၊ ၀၉-၄၂၀၁၅၅၀၁၂
acschg104thida@gmail.com

**လိုင်စင်ရကန်ထရိုက်တာများအသင်း(ယာယီ)**

## Open Tender ခေါ်ယူခြင်း

၁။ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန(ရုံးချုပ်)၊ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရ စက်မှုလက်မှုသိပ္ပံများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက် လိုအပ်သော ရုံးသုံး စက်ကိရိယာများနှင့် သင်ထောက်ကူပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။
၂။ Open Tender ပုံစံများကို ၂၂-၈-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန၊ ဘဏ္ဍာရေးဌာနစိတ်၊ ရုံးအမှတ် (၂၁) တွင် တစ်စုံလျှင် ကျပ် (၁၀၀၀၀/-)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၂၀-၉-၂၀၁၆ရက် ညနေ ၄း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။
၃။ အဆိုပါ ရုံးသုံးစက်ပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများအား သက်ဆိုင်ရာဌာနနှင့် ကျောင်းများအရောက် ပေးပို့တပ်ဆင်ပေးနိုင်ရမည်။
၄။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၃၈၉၊ ၀၆၇-၄၀၄၄၅၆နှင့် website ဖြစ်သော www.tvetmyanmar. org တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန**

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့
## ရခိုင်ပြည်နယ်၊ စစ်တွေမြို့
## (ဝယ်ယူရေးကော်မတီ)မှ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် လုပ်ငန်းများသုံးစွဲရန်အတွက် အသေးစားမြေတူးစက်(mini-Back hoe)(ငါးစီး) နှင့် ရုံးလုပ်ငန်းသုံးမော်တော်ယာဉ်များ ဝယ်ယူလိုပါ၍ နိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ရခိုင်ပြည်နယ်စီမံကိန်းဦးစီးရုံးတွင် ၂၉-၈-၂၀၁၆ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၆-၉-၂၀၁၆ရက် ၁၂း၀၀နာရီနောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါဖွင့်လှစ်ရောင်းချမည့်ရက်နှင့် အချိန်ကိုသီးခြား ထပ်မံကြေညာပါမည်။
၃။ အသေးစိတ်အချက်အလက်များကို ရခိုင်ပြည်နယ် စီမံကိန်းဦးစီးရုံး၊ စစ်တွေမြို့ ဖုန်း-၀၄၃-၂၁၃၁၄၊ ၀၄၃-၂၄၁၈၄ တို့သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(ဝယ်ယူရေးကော်မတီ)**
**ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ စစ်တွေမြို့**

## အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်ကြော်ငြာခြင်း

၁။ ချင်းပြည်နယ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဟားခါးမြို့နယ်၊ တီးတိန်မြို့နယ်၊ ဖလမ်းမြို့နယ်၊ မင်းတပ်မြို့နယ်နှင့် မတူပီမြို့နယ်များအတွင်း (ရိဒ်-မင်းတပ် GbE IP မိုက်ခရိုဝေ့ဗ်ဆက်ကြောင်း) Shelter Foundation လုပ်ငန်း၊ Tower Foundation လုပ်ငန်းနှင့် တောင်တက်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ဖွင့်မည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၅/၈/၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်/ချိန်** - ၁၅/၉/၂၀၁၆ရက် ညနေ ၄း၃၀နာရီ
**တင်ဒါဖွင့်မည့်ရက်/ချိန်** - ၁၆/၉/၂၀၁၆ရက် နံနက် ၁၀း၀၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ပြည်နယ်မန်နေဂျာရုံး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဟားခါးမြို့တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ဖုန်း-၀၇၀-၂၁၁၀၁**

## မွေးသက္ကရာဇ်အမှန်

ချောင်းဆုံမြို့နယ်၊ မုဒ္ဒန်းကျေးရွာ (ဘ)ဦးဘညာဏ်၏သမီး အလယ်တန်းပြဆရာမ ဒေါ်အေးအေးကြည် ၁၀/ခဆန(နိုင်)၀၂၈၁၇၇ မွေးသက္ကရာဇ်အမှန်မှာ ၂၆-၉-၆၅ ဖြစ်ပါကြောင်း။

## ပြောင်းလဲခေါ်ဆိုပါရန်

အ.ထ.က (၃) ဗိုလ်တထောင် KG (B) တန်းမှ ဦးချစ်ကိုကိုဝင်း၏သားဖြစ်သူ မောင်ချစ်မင်းခန့်အား မောင်ကောင်းစစ်သွေးဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ကောင်းစစ်သွေး

## အမည်ပြောင်း

ရွှေပြည်သာမြို့နယ်၊ ဖောင်သူခကိုယ်ပိုင်အထက်တန်းကျောင်း ဒသမတန်း(B)မှ ဦးဇော်မင်းထိုက်(၁၂/မဘန(နိုင်)၀၀၇၈၆၇)၏ သား မောင်ဇော်ဇော်အောင်အား မောင်ဟိန်းထက်ဇင် ဟုပြောင်းလဲခေါ်တွင်ပါရန်။ မောင်ဟိန်းထက်ဇင်

## မိဘအမည်မှန်

ဇေယျာသီရိမြို့နယ်၊ အထက(၂)၊ ပဉ္စမတန်း(A)မှ မစန်းဥမ္မမြင့်၏ မိဘအမည်မှန်မှာ (ဦးစန်းဦး)၇/သယဝ(နိုင်)၁၉၃၆၂၉နှင့် ဒေါ်ဝါဝါမြင့် ၁၂/မရက(နိုင်)၁၂၄၉၅၄ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နေ ဒေါ်အေးအေးသင်း ၁၂/သဃက(နိုင်)၁၁၆၂၄၁ ၏ ဖခင်အမည်မှန်မှာ ဦးအုန်းမောင်(ခ)ဦးသောင်းထွန်း ဖြစ်ပါကြောင်း။

**ဦးအုန်းမောင်(ခ)ဦးသောင်းထွန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုက်လတ်မြို့နယ်၊ လမ်း ၃၀ နေ ဦးထွေးညို၏သား၊ အထက(၁) ကျိုက်လတ်၊ သတ္တမတန်း(င)မှ မထက်ထက်ဝင်း၏ ဖခင် ဦးစန်းကျော်ဦး ၁၄/ကလန(နိုင်)၁၁၀၅၁၁ နှင့် ဦးစန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစန်းကျော်ဦး(ခ)ဦးစန်း**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အထက(ခွဲ)၊အေးမွန်ကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မဝင်းသူဇာ၏ ဖခင်အမည်မှန်မှာ ဦးစိန်မြင့် ၇/ကဝန(နိုင်)၀၇၈၆၈၄ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၃၀၀၉၇ Ken-bo 125 ယာဉ်လက်ဝယ်ရှိသူ ဦးဂိုဆွမ်းထန် ၅/ကလထ(နိုင်)၀၂၈၈၁၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

## ဒေါ်ကြည်ကြည်
**လက်ထောက်မန်နေဂျာ(ငြိမ်း)၊ (စက်မှု ထွေ/ထိန်း)**
**အသက်(၇၃)နှစ်**

ပဲခူးမြို့နေ ဦးတင်မြင့်-ဒေါ်ညိမ်းရင်တို့၏သမီး၊ မြောင်းမြမြို့နေ ဦးအေး-ဒေါ်သိန်းတို့၏သမီးချွေးမ၊ ဦးစိုးလွင်(စက်မှု ထွေ/ထိန်း)၏ချစ်လှစွာသောဇနီး၊ ဗိုလ်မှူးဝင်းနေစိုး(ငြိမ်း)-ဒေါ်ချယ်ရီ၊ ဒုဗိုလ်မှူးကြီးနေအောင်စိုး-ဒေါ်သင်းနွယ်စိုးတို့၏ချစ်လှစွာသောမိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၅-၈-၂၀၁၆ ရက်(ကြာသပတေးနေ့)နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ကြည်ကြည်** အသက်(၇၃)နှစ်
**လက်ထောက်မန်နေဂျာ(ငြိမ်း)၊ (စက်မှု ထွေ/ထိန်း)**

ပဲခူးမြို့နေ ဦးတင်မြင့်-ဒေါ်ညိမ်းရင်တို့၏သမီး၊ မြောင်းမြမြို့နေ ဦးအေး-ဒေါ်သိန်းတို့၏သမီးချွေးမ၊ ဦးစိုးလွင်(စက်မှု ထွေ/ထိန်း)၏ချစ်လှစွာသောဇနီး၊ ဗိုလ်မှူးဝင်းနေစိုး(ငြိမ်း)-ဒေါ်ချယ်ရီ၊ ဒုဗိုလ်မှူးကြီးနေအောင်စိုး-ဒေါ်သင်းနွယ်စိုးတို့၏ချစ်လှစွာသောမိခင်၊ မြေးလေးယောက်တို့၏အဘွား ဒေါ်ကြည်ကြည်သည် ၂၅-၈-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။
**တေဇ(၁၇) ကျောင်းဆင်းသူငယ်ချင်းများနှင့် မိသားစုဝင်များ**

## ဦးစိုးဝင်း
**(AGTI-EP/78) (ပြည်)**
**လျှပ်စစ်အင်ဂျင်နီယာ၊ ရွှေသံလွင်ကုမ္ပဏီ**
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးထွန်း-ဒေါ်မြရီ)တို့၏သား၊ (ဦးသာဦး-ဒေါ်အုံးနု)တို့၏သားသမက်၊ ဦးခင်ဝင်း-ဒေါ်ခင်ထွေးတို့၏ညီ/မောင်၊ ဒေါ်ကြည်ကြည်ဝင်း၏အစ်ကို၊ မိုးကောင်းဘုရား၊ အနောက်မြောက်မုခ်ဝင်းနေ ဒေါ်စန်းစန်းဝေ၏ချစ်လှစွာသောခင်ပွန်း၊ မဝတ်ရည်ဝင်းသော်၊ မဆုရည်ဝင်းထက်၊ မောင်ကျော်ဇင်ဝင်း၊ မသီရိဝင်းသော်၊ မတာရာဝင်းသော်တို့၏ ဦးလေး/ဘဘလေးသည် ၂၄-၈-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆း၂၀နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၆ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၈-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ မိုးကောင်းဘုရား၊ အနောက်မြောက်မုခ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးစောထားလုံ(ခ)စာရေးဆရာဂျင့်
**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ယဉ်ကျေးမှုဦးစီးဌာန**
**ပြည်နယ်အတွင်းရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**
**ကရင်ပြည်နယ်**
**အသက်(၅၈)နှစ်**

ဘားအံမြို့၊ (၄)ရပ်ကွက်၊ သုဝဏ္ဏလမ်းနေ ဦးစောစိန်မောင်-ဒေါ်နန်းကျင်မေတို့၏သား၊ ဦးစောအုန်းမြ-(ဒေါ်နန်းရင်ထွန်း)တို့၏သားသမက်၊ ဒေါ်နန်းခင်လှိုင်(နည်းပြ၊ ပညာရေးကောလိပ်၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်နန်းထွန်းစိန်၊ ဦးစောလွန်းဖေ-ဒေါ်နော်ဝင်းမမတို့၏မောင်၊ ဦးစောအောင်သိန်း-ဒေါ်နန်းစန်းတင်၊ ဦးစောကျော်ထူးတို့၏အစ်ကို၊ နန်းဝင်းဖြူအိ၏ဘကြီးသည် ၂၄-၈-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ည ၁၀း၅၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထန်းကိုးပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြူကြူသင်း(ခ)ဒေါ်ကြူကြူခိုင် B.A (History)
**ကချင်ဂေဟာမှူး(ငြိမ်း)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အုန်းပင်လမ်း၊ အမှတ် ၃၁(4/A)နေ (ဦးအောင်တင်-ဒေါ်အေးဟန်)တို့၏သမီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရန်ပြေ၊ မင်းရဲကျော်စွာလမ်းနေ(ဦးတင်မောင်)-ဒေါ်ကြည်လေးတို့၏သမီးချွေးမ၊ ဒေါ်မြမြသင်း၏ညီမ၊ ဦးမြတ်သွင်၊ ဦးသန်းနိုင်၊ ဒေါ်ချိုချိုဝင်းတို့၏အစ်မ၊ ဦးစိန်ဝင်း(ခေတ္တ-U.S.A, Indiana State)၏ချစ်လှစွာသောဇနီး၊ မသီဂီဝင်း(နည်းပညာတက္ကသိုလ်၊ လှိုင်သာယာ)၊ မသီဂီထွန်း(ခေတ္တ-U.S.A)၊ မောင်ဖုန်းပြည့်ဟိန်း(ခေတ္တ-U.S.A)တို့၏မိခင်သည် ၂၄-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးတင်မြင့် အသက်(၇၉)နှစ်
**ရန်ကုန်တိုင်းကျန်းမာရေးဌာန(ငြိမ်း)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဓမ္မစိန္တာလမ်း၊အမှတ် ၆၃(ပထမထပ်)ခေါင်းရင်းခန်းနေ (ဦးညီပု-ဒေါ်သန်းတင်)တို့၏သား၊ ဒေါ်ငွေ (အလယ်တန်းပြ၊ ငြိမ်း၊ အလက-၁၊ တာမွေ)၏ ချစ်လှစွာသောခင်ပွန်း၊ဦးညီဇေယျာတင်(KCK Shipping Co.,Ltd.)-ဒေါ်မြတ်စမ်းအေး၊ ဦးပြုံးချို၊ ဒေါ်မေသူဇာတင်(ကျောက်တံတားမြို့နယ်တရားရုံး)တို့၏ ချစ်လှစွာသောဖခင်၊ မောင်ခန့်ဇေယျာဟိန်း၏ အဘိုးသည် ၂၅-၈-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၆း၃၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၆ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၃၁-၈-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်အေး
**(မော်လမြိုင်)**
**အသက်(၈၀)**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၁)၊ အမှတ် ၁၁၉၊ ဝေဇယန္တာရိပ်သာ ၃လမ်းနေ (ဦးစိန်ရွှေ-ဒေါ်ကြင်တီ)တို့၏သမီး၊ (ဦးဟန်စိန်)၏ဇနီး၊ ဦးဝင်းခိုင်-ဒေါ်ယဉ်ယဉ်ထွေး၊ ဒေါ်ယဉ်ယဉ်ဌေး၊ ဦးကျော်ကျော်ခိုင်-ဒေါ်ခင်အေးရွှေ(USA)၊ ဦးသက်နိုင်-ဒေါ်ခင်မမဇော်(USA)၊ ဦးဇင်မျိုးထွန်း-ဒေါ်မြင့်မြင့်ခိုင်တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၂၄-၈-၂၀၁၆ရက် နံနက် ၆း၄၅နာရီတွင်ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅း၃၀ နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၈-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြသောင်း (ပြင်စည်ရွာ)
**အသက်(၇၄)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ ပြင်စည်စံပြကျေးရွာနေ (ဦးဘိုးရွှေ-ဒေါ်ဗျား)တို့၏သား၊ ဦးကျော်ကျော်ဦး-ဒေါ်အိအိစံ(ကျော်စံကုမ္ပဏီလီမိတက်)၊ ဦးကျော်ကျော်စိုး-ဒေါ်ညိုစိန်၊ ဦးကျော်ကျော်ဌေး-ဒေါ်စမ်းစမ်းနွဲ့၊ ဦးကျော်ကျော်မိုး-ဒေါက်တာကျော့ကေခိုင်၊ (ဦးကျော်ကျော်မျိုး)-ဒေါ်စိမ်းဝဠာတို့၏ဖခင်၊ (ဒေါ်အေးညွန့်)၏ခင်ပွန်း၊ မြေး ၁၀ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၅-၈-၂၀၁၆ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၆ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် တောင်အင်းမြောက်အင်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(မန္တလေးမြို့၊ အမှတ် ၂၆၊ အောင်သိဒ္ဓိလမ်း၊ ထိန်ကုန်းရပ်ကွက်နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ပြားတင်
**အသက်(၆၅)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ချောင်းဆုံတောင်ရွာနေ (ဦးဘညွန့်-ဒေါ်နှင်းမြိုင်)တို့၏သမီး၊ အကွက်(၃၅၁)၊ ကျော်သူရရပ်ကွက်၊ စိန်ပန်းရပ်နေ (ဦးစောမောင်)၏ဇနီး၊ ကိုမျိုးမြင့်ဦး-မရွှေဇင်ဝင်း၊ (ကိုမျိုးတင့်ဦး)၊ (ကိုတင်ခိုင်စိုး)-မခိုင်ခိုင်မော်တို့၏မိခင်၊ မောင်စောရဲထက်၊ မောင်လင်းဘုန်းမြတ်ဦး၊ မောင်ကောင်းမြင့်မြတ်ဦးတို့၏အဘွားသည် ၂၅-၈-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်စန်းစန်းရီ
**မြို့နယ်ပညာရေးမှူး(ငြိမ်း)၊ ညောင်ခြေထောက်မြို့(အုတ်တွင်းမြို့နယ်)**
**အသက်(၆၂)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ညောင်ခြေထောက်မြို့နေ (ဦးညီပု)-ဒေါ်ညိုတို့၏သမီး၊ (ဦးထွန်းခင်-ဒေါ်ငွေလှိုင်)တို့၏သမီးချွေးမ၊ ဒေါက်တာလှအောင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံနည်းပညာ ပညာရှင်များအဖွဲ့)၏ဇနီး၊ (ဦးသန်းနွယ်-ဒေါ်ခင်မူ)တို့၏ညီမ၊ ဦးမင်းသိန်း(ဆန်ကုန်သည်)-ဒေါ်ဝါဝါ၊ ဒေါ်စန်းစန်းအေး၊ ဒေါ်ချိုချို(အုတ်တွင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၊ ဒေါ်ခင်မာချိုတို့၏အစ်မ၊ ဗိုလ်ကြီးဇော်မျိုးအောင်(အမှတ်-၂၊ တပ်မတော်ဆေးရုံ)-မရီမွန်တင်၊ဒေါက်တာလင်းခန့်ပိုင်-မနှင်းနွယ်ဦးတို့၏မိခင်သည် ၂၅-၈-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၁း၂၀နာရီတွင် ညောင်ခြေထောက်မြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၆ရက် (စနေနေ့)တွင် ညောင်ခြေထောက်မြို့သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဆရာဦးထွန်းရွှေ (ငြိမ်း)
**အထက(၁)လသာ**
**အသက်(၈၂)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နေ (ဦးချစ်မို-ဒေါ်အေး)တို့၏သား၊တွံ့တေးမြို့နေ ဆရာမဒေါ်ခင်တီ(ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးကိုကိုနိုင်၏ ဖခင်သည် ၂၄-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀နာရီတွင် ရန်ကုန်ဆေးရုံသစ်ကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၆ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု

## ဆရာဦးစိုးလွင်အောင်
**(B.A, R.A.R.L)**
**(ပိန်းဇလုပ်မြို့)**
**အသက်(၈၁)နှစ်**

ပိန်းဇလုပ်မြို့နေ (ဦးလှအောင်-ဒေါ်သန်းမြ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးတင်ဦး - ဒေါ်သန်းကျင်)တို့၏သားသမက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ၂၀/သုခမိန်လမ်း၊ အမှတ် ၃၂၂နေ ဒေါ်စောရီ၏ခင်ပွန်း၊ ကိုစည်သူအောင်-မသူဇာဝင်း၊မဝင်းပပအောင်၊ ကိုကျော်သူအောင်-မအေးအေးမြတ်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၄-၈-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၈-၂၀၁၆ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဆရာဦးစိုးလွင်အောင်
**B.A,R.A,R.L (ပိန်းဇလုပ်မြို့)**
**အသက်(၈၁)နှစ်**

ပိန်းဇလုပ်မြို့နေ (ဦးလှအောင်-ဒေါ်သန်းမြ)တို့၏သား၊ရန်ကုန်မြို့နေ(ဦးတင်ဦး-ဒေါ်သန်းကျင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ၂၀/သုခမိန်လမ်း၊ အမှတ် ၃၂၂နေ ဒေါ်စောရီ၏ခင်ပွန်း၊ ဦးကျော်ထူး-ဒေါ်သောင်းခင်၊ ဒေါ်နုနု၊ ဒေါ်ကြည်ကြည်၊ ဦးကျော်ဝင်း-ဒေါ်သောင်းတင်၊ ဦးထိန်လင်း-ဒေါ်ခင်စိုးမြင့်တို့၏ညီ/မောင်၊ ဦးအောင်လွင်၊ဒေါ်စမ်းစမ်းအောင်၊ ဦးသောင်းတင်-ဒေါ်ခင်လွင်၊ ဦးသောင်းမြင့်-ဒေါ်သန်းသန်းဝင်းတို့၏အစ်ကို၊ တူ/တူမ ၂၉ယောက်တို့၏ ဘကြီး/ဦးလေးသည် ၂၄-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၈-၂၀၁၆ရက်(သောကြာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
## ဦးအုန်းညွန့်(မင်းကွန်းယောဂီ)
**အသက်(၆၂)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မစိုးရိမ်တိုက်သစ် ဓမ္မဝိနယရုံသီကျောင်း ဆရာတော် ဦးပညိန္ဒာဘိဝံသ၊ ဓမ္မယာနကျောင်း ဆရာတော် ဦးကောဏ္ဍညာဘိဝံသတို့၏ ရဟန်းဒါယကာကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊အမှတ် ၄၆နေ(ဦးမောင်ဝင်း-ဒေါ်ခင်ရွှေ)တို့၏သား၊ (ဦးအောင်ရှိန်-ဒေါ်ယဉ်မေသန်း)တို့၏ သားသမက်၊ ဒေါ်ကြည်ကြည်သန်း၏ခင်ပွန်း၊ မနှင်းရည်စိုး(PCML)၊ မောင်ဇေယျာဝင်းကို (Lizstar Shipping)တို့၏ ဖခင်၊ (ဦးကြည်ရွှင်)-ဒေါ်ခင်ခင်စမ်း၊ ဦးသိန်းဌေး-ဒေါ်ခင်ဝင်းဦး၊ ဦးအောင်မြတ်သူ-ဒေါ်ခင်မာဝင်း၊(ဦးလှသိန်း)တို့၏အစ်ကိုသည် ၂၄-၈-၂၀၁၆ရက်နံနက် ၀၀း၅၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၈-၂၀၁၆ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [၈၆၄/၈၆၅၊ အင်းဝလမ်း၊ (၆)ရပ်ကွက်နှင့် ၄၆၊ ကျော်သူ ၂၅လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေအိမ်တို့မှ ကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

### မြိတ်မြို့နယ်အသင်း(ရန်ကုန်)
## ဦးလှမြင့် (မြိတ်)
**အသင်းဝင်အမှတ်(၂၁၈၈)**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်၊ ၁၀လမ်း၊ အမှတ် ၂၇(ဒုတိယထပ်)နေ ဒေါ်ရီ၏ခင်ပွန်းသည် ၂၄-၈-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မြိတ်အသင်းမှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

## ဒေါ်ဖွားရှိန်
**အသက်(၉၉)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကိုးမိုင်၊ အေဝမ်းလမ်း၊ မြဝတ်ရည်လမ်းသွယ်၊အမှတ် ၁၄၄(A)နေ(ဦးငါးမောင်)၏ဇနီး၊ ဦးထွေးအောင်(အင်ဂျင်နီယာမှူးကြီး၊ ငြိမ်း)-ဒေါ်ယဉ်နု၊ (ဦးသိန်းမြင့်)-ဒေါ်ယဉ်ယဉ်ဌေးတို့၏မိခင်သည် ၂၅-၈-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၇-၈-၂၀၁၆ရက်(စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ရေတွင်း၊ ရေကန်၊ ကျောင်းမြေ ဒါယကာကြီး
## ဦးဖေညိမ်း(ထားဝယ်)ကမြိုင်
**အသက်(၉၆)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ သရက်ချောင်းမြို့နယ်၊ ကမြိုင်ကျေးရွာနေ (ဦးဖိုးသက်-ဒေါ်ခင်သူ)တို့၏သား၊(ဦးရွှေထီး-ဒေါ်မေနား)တို့၏သားသမက်၊ ဒေါ်နှင်းကြည်၊ (ဒေါ်နှင်းအေး)၊ ဒေါ်သန်းအေး၊ (ကိုအုန်းလွင်)၊ (ကိုမြင့်လွင်)၊ကိုသိန်းလွင်၊ကိုပြုံးလွင်၊ မမေမေမြင့်တို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၂၄-၈-၂၀၁၆ရက် နံနက် ၁၀း၅၂နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၈-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အင်းစိန်မြို့နယ်၊အရှေ့ကြို့ကုန်း၊ မဟာသုခိတာလမ်း၊ အမှတ် ၇၄ နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### တောင်ကြီးအသင်း(ရန်ကုန်)
## ဦးစဝ်ညွှန့်စိန်
**(ကန်တော့ခံပုဂ္ဂိုလ်)**
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ် ၁၆၆၊ အခန်း (၃-ဘီ)နေ (နမ့်ခုတ်မြို့စား စဝ်ခွန်ပွန်-စဝ်စောရင်)တို့၏သား၊ ဒေါ်တင်တင်အေး၏ခင်ပွန်းသည် ၂၃-၈-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁း၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့

### ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်အေး
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ ၂၉၉/၂၉၇၊ ဒုတိယထပ်နေ (ဦးတင့်-ဒေါ်သင်းကြိုင်)ရွှေဘို၊ (ဦးပွကြီး)၏ဇနီး၊ဒေါ်တင်တင်ဝင်း၊ ဦးကိုကိုနိုင်-ဒေါ်ပြုံး၊ဦးစိုးစိုးနိုင်(U.S.A)၊ဒေါ်တိုးတိုးဝင်း၊ ဦးအောင်မြင့်-ဒေါ်လှလှဝင်း၊ ဒေါ်စန်းနွယ်ဝင်း၊ ဦးတင်မောင်ထွေး - ဒေါ်ကေသွယ်ဝင်းတို့၏မိခင်၊ မြေး ခြောက်ယောက်တို့၏အဘွားသည် ၂၄-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၆ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်နွဲ့(ခ) ဒေါ်နွဲ့နွဲ့ဇင်
**အထက်တန်းပြဆရာမ(ငြိမ်း)**
**အထက(၂)စမ်းချောင်း**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ မြေနုလမ်း၊ အမှတ် ၁၇နေ ဦးဘမင်း-ဒေါ်ခင်မြင့်တို့၏သမီး၊(ဦးတင်ဦး)၊ (ဦးတင်အေး)၊ (ဒေါ်ကြည်ကြည်မြင့်)၊ (ဦးခင်မောင်သိန်း)၊ (ဦးဝင်းမြင့်)တို့၏ ညီမသည် ၂၅-၈-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၈-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၁-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးလှမြင့်(မြိတ်မြို့) (ကျောက်ဆူးသောက်ရေသန့်)
**အသက်(၇၅)နှစ်**

မြိတ်မြို့၊ ကန်ဖျားရပ်ကွက်၊ ကန်ဖျားလမ်းမကြီး၊ အမှတ် ၈၉နှင့် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၀လမ်း၊ အမှတ် ၂၇(ဒုတိယထပ်)နေ (ဦးအုန်းတင်-ဒေါ်ရှုကြည်)တို့၏သား၊ (ဦးဘိုးစိန်-ဒေါ်အေးစီ)တို့၏သားသမက်၊ ဒေါ်ရီ၏ချစ်လှစွာသောခင်ပွန်း၊ ဦးလှကြည်-(ဒေါ်ဆွေဆွေသိန်း)၊ ဦးလှဝင်း-ဒေါ်ဆွေဆွေယု၊ ဦးမောင်လေး-ဒေါ်စန်းစန်းကြူတို့၏အစ်ကို၊ ကိုနိုင်ဝင်းမြင့်-Mrs. Noriko Suda၊ ကိုမောင်မောင်အောင်-မချိုချိုအေး၊ ကိုဝင်းထွန်းသိန်း-မအေးမြတ်သူ၊ ကိုအေးမင်းအောင်-မသက်သူဇာလွင်တို့၏ဖခင်၊ Mr. Sein Suda (တိုကျို)၊ မောင်ဝင်းစိုးမိုး(ထ-၂၊ လမ်းမတော်)၊ မောင်အောင်ခန့်ဖြိုး၊ မဖြူစင်သန့်၊ မခိုင်ဇင်ဆု(IISY School)တို့၏အဘိုးသည် ၂၄-၈-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၂၃နာရီတွင် ရန်ကုန်မြို့ ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၈-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၆ရက် (အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးလှဝင်း(ခ)ဦးလှတင်(မြိတ်-တကူ) အသက်(၆၂)နှစ်
**ကုန်သွယ်/လယ်ယာ(ငြိမ်း)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၁လမ်း၊ အမှတ် ၂၀နေ (ဦးခိုင်ဖီး-ဒေါ်မိတင်)တို့၏သား၊ ဒေါ်စောညွန့်၏ခင်ပွန်း၊ ဦးလှတင်-ဒေါ်ရှုတို့၏ညီ၊ မောင်၊ ဦးလှကြည်-ဒေါ်ဖြူဖြူသုန်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် ၄၇နေ ဦးဉာဏ်ထွန်းအောင်-ဒေါ်မေဇင်သန့်တို့၏ဖခင်၊ မောင်ထူးမြတ်အောင်၊ မနွေးနုဝေ၊မရွှန်းလဲ့မေတို့၏အဘိုးသည် ၂၅-၈-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၈း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၆ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။ (၁၀၁လမ်းနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ပြည်ထောင်စုလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးကျော်ရွှေ (ကျောက်တန်း)
**အသက်(၇၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ စံချိန်မီ၊ ဇေယျာ ၃လမ်း၊ အမှတ် ၁၈၆နေ (ဦးချစ်ရင် - ဒေါ်အေးဆယ်)တို့၏သား၊ဒေါ်ရင်မြ၏ခင်ပွန်း၊(ဦးကျော်အေး - ဒေါ်စိန်လှ)တို့၏ သားသမက်၊ ဒေါက်တာဦးစိုးတင် (ဗိုလ်မှူး၊ ငြိမ်း)-ဒေါ်ခင်ခင်ဆွေတို့၏ညီ၊ (ဦးအုန်းလွင်)-ဒေါ်တင်နု၊ ဦးအောင်သိန်း(သ/မ၊ငြိမ်း)-(ဒေါ်ယဉ်ယဉ်စန်း၊ အထက်တန်းပြ)၊ (ဦးကျော်မြင့်-ဒေါ်ညွန့်ရွှေ)၊ (ဦးတင့်ငွေ၊ သ/မ)-ဒေါ်ခင်စီ၊ ဦးသာဝင်း (ရန်ကုန်တိုင်းဒေသကြီးကြံ့ခိုင်ရေးပါတီအတွင်းရေးမှူး) - ဒေါ်ခင်ဝင်းရီတို့၏ အစ်ကို၊ ဦးအောင်မိုး(ညွှန်မှူး၊ မြေတိုင်းဦးစီးဌာန)၊ ဒေါ်တင်မိုးရွှေ(လက်ထောက်ညွှန်မှူး၊ ရန်ကုန်တိုင်းစည်ပင်)၊ ဦးဝင်းအောင် - ဒေါ်ယဉ်မာဆွေ (ဦးစီးမှူး၊ သ/မ)၊ (ဦးညီညီလွင်)-ဒေါ်တင်မျိုးကျော်၊ ဦးမင်းဇော်-ဒေါ်မြင့်မြင့်ဝင်း (သူနာပြုဆရာမ၊တူးမြောင်း)တို့၏ဖခင်၊ မြေး ငါးယောက်တို့၏ အဘိုးသည် ၂၄-၈-၂၀၁၆ရက် ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၆ရက်(သောကြာနေ့)မွန်းတည့် ၁၂ နာရီတွင် ကျောက်တန်းမြို့ အနောက်ပိုင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၈-၂၀၁၆ရက် (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

## ဦးစိန်လင်း(ခ)အကျွမ်း
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**အားကစားနှင့် ကာယပညာဦးစီးဌာန**
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**အသက်(၆၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်နေ (ဦးအောင်သိန်း-ဒေါ်စောကြူး)တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ မဒေါက်မြို့နယ်နေ (ဦးသိန်း-ဒေါ်မြကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ စိန်ခြယ်လမ်း၊ အမှတ် ၁၉/ခနေ ဒေါ်ကြည်ကြည်သိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင်အောင်ခန့်-ဒေါ်ဇင်မာလင်း၊ ဦးဇော်မင်းထွန်း-ဒေါ်သက်အိအိလင်း၊ ဦးကျော်စွာလင်း-ဒေါ်ခင်ဖြူဖြူထွန်းတို့၏ဖခင်၊ မယဉ်မေသက်၊ မနှင်းအိရွှေရည်၊ မောင်ကျော်ရှင်းခန့်၊ မောင်လင်းဘုန်းခန့်တို့၏အဘိုးသည် ၂၄-၈-၂၀၁၆ရက် နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်ကျော့(ကွမ်းခြံကုန်းမြို့)
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ ကွမ်းခြံကုန်းမြို့၊ မြို့မရပ်ကွက်နေ (ဦးဘိုးထား-ဒေါ်စောကျင်)တို့၏သမီး၊(ဦးလှဖေ)၏ဇနီး၊ ဒေါ်ခင်စန်းမြင့်၊ ဦးခင်မောင်အုန်း-ဒေါ်မြင့်မြင့်သွင်၊ ဦးမြဇော်၊ (ဦးကျော်ဦး)၊ ဒေါ်ခင်အေးဝင်း၊ ဒေါ်မိုးမိုးခိုင်၊ ဒေါ်တိုးတိုးခိုင်၊ ဒေါက်တာစိုးစိုးခိုင်တို့၏မိခင်သည် ၂၅-၈-၂၀၁၆ ရက်(ကြာသပတေးနေ့)နံနက် ၉း၃၀နာရီတွင် အမှတ် ၁၅၃၊ မြို့မလမ်း၊ ကွမ်းခြံကုန်းမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွမ်းခြံကုန်းမြို့သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးဖေသိန်း
**(ဆသရ၊ ငြိမ်း)**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ ၂၀လမ်း၊ အမှတ် ၄၂နေ (ဦးဘဆည်-ဒေါ်ကျင်မြိုင်)တို့၏သား၊ ဒေါ်ခင်သန်းအေး၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးမြင့်နိုင်)-ဒေါ်မာမာဦး၊ ဦးမင်းထူး၊ ဒေါ်ခင်ဆွေဝင်း၊ ဒေါ်သင်းသင်းမော်၊ ဦးဝင်းလွင်ဦး-ဒေါ်သင်းသင်းဦး၊ ဦးလင်းထူးဦးပြည်ကျော်ထူးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၄-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ၁၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၆ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၈-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ သာကေတမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်လှမြင့်
**အသက်(၇၂)နှစ်**

မော်လမြိုင်မြို့၊ ဇေယျာမြိုင်ရပ်ကွက်၊ အမှတ် ၇၆၊ အက်စတာလမ်းနေ ဦးတင်မောင်၏ဇနီး၊ ဦးမင်းဇော်ဦး-ဒေါ်နွေနှင်းအိ၊ ဒေါ်မေနှင်းဖြိုး၊ ဦးကျော်စိုးမော်-ဒေါ်မေနှင်းဝင့်တို့၏မိခင်၊ မောင်သုတဇန်၏အဘွားသည် ၂၅-၈-၂၀၁၆ ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၆-၈-၂၀၁၆ရက်(သောကြာနေ့)တွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၈-၂၀၁၆ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံကို ဂုဏ်ပြုအထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းရောင်းချမည်

**နေပြည်တော်  ဩဂုတ်  ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ၂၀၁၆ ခုနှစ် တိုင်းရင်းသားလူမျိုးများအားလုံးပါဝင်သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအား ဂုဏ်ပြုသည့်အထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်း ၁၀၀ိ/တန်၊ ၂၀၀ိ/တန်၊ ၅၀၀ိ/တန် သုံးမျိုးကို ဩဂုတ် ၃၁ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီခွဲမှ စတင်၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်များ၌ ရောင်းချမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ဩဂုတ် ၃၁ ရက်၌ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည် ဖြစ်သည်။ **(သတင်းစဉ်)**












ဒုတိယသမ္မတ ဦးမြင့်ဆွေ ပြည်သူ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ရေးဆွဲရေး အကြံပြုအလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်    (သတင်းစဉ်)

# ဝန်ထမ်းများသည် အစိုးရအုပ်ချုပ်ရေးနယ်ပယ် ဖွံ့ဖြိုးရန်အတွက် အဓိကမောင်းနှင်အားဖြစ် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာအောင် အထူးအလေးထား ဂရုစိုက်ဆောင်ရွက်

**နေပြည်တော်  ဩဂုတ်  ၂၅**

ဌာနဆိုင်ရာတာဝန်ရှိသူများကိုယ်တိုင် ပြုပြင်ပြောင်းလဲရေးအပေါ် ကိုယ်ရောစိတ်ပါ လက်ခံယုံကြည် ဦးဆောင်သွားနိုင်သည့် အခြေအနေကိုရောက်ရှိမှသာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကြီးက အောင်မြင်နိုင်မည်ဖြစ်ကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားလိုက်သည်။

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ ယနေ့ နံနက် ၁၀ နာရီတွင်ကျင်းပသည့် ပြည်သူ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ရေးဆွဲရေး အကြံပြုအလုပ်ရုံဆွေးနွေးပွဲတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒုတိယသမ္မတက ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ရာတွင် ဝန်ထမ်းများသည် သော့ချက်ဖြစ်ပြီး အစိုးရအုပ်ချုပ်ရေးနယ်ပယ် ဖွံ့ဖြိုးရန်အတွက် အဓိကမောင်းနှင်အားပင်ဖြစ်ကြောင်း၊ ပြည်သူ့ဝန်ထမ်းများ၏အခန်းကဏ္ဍမှာ အဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲမှုတွင် အဓိကကျသည့်အတွက် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာအောင် အထူးအလေးထား ဂရုစိုက်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

လက်ရှိအစိုးရအတွက် အရေးအကြီးဆုံးစိန်ခေါ်မှုမှာ ပြည်သူလူထု၏ မြင့်မားသည့်မျှော်လင့်ချက်များဖြစ်ကြောင်း၊

*စာမျက်နှာ ၉ ကော်လံ ၁* ◆

# လျှော်ဒဏ်ခံခဲ့ရသည့် ပုဂံဘုရားပုထိုးစေတီ ၁၈၇ ဆူအနက် အန္တရာယ်များသည့် ၃၃ ဆူကို အဝင်အထွက် ယာယီပိတ်ထား

**တွေ့ဆုံမေးမြန်း-နိုင်လင်းကြည်၊ တင်မောင်လွင်၊ ဓာတ်ပုံ-မောင်မွှေး**

**ညောင်ဦး  ဩဂုတ်  ၂၅**

ဩဂုတ် ၂၄ ရက် ညနေပိုင်းက ချောက်မြို့နှင့် ၁၂ မိုင်ခန့်အကွာ ကို ဗဟိုပြုလှုပ်ခဲ့သည့် ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့် အင်အားပြင်းငလျင်ကြောင့် မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသည်။ ယင်းတို့အနက် မြန်မာနိုင်ငံသူနိုင်ငံသားတို့ အသည်းနှလုံးဖြစ်သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဘုရားပုထိုးစေတီများ ထိခိုက်ပျက်စီးမှုအများဆုံး ဖြစ်ခဲ့ကြောင်း သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ယနေ့နံနက်ပိုင်းအထိ စာရင်းများအရ ဘုရားပုထိုးစေတီပေါင်း ၁၈၀ ကျော် ထိခိုက်ပျက်စီးခဲ့ပြီး စပိန်နိုင်ငံသူတစ်ဦးလည်း ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ❒

**ငွေကျပ် သိန်း ၉၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ရိုက်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ**

*စာမျက်နှာ - ၁၃*

